# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ခူးလဆန်း (၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (10-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၄၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ဝန်ထမ်းများနှင့် ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် လမ်းလျှောက်သင်္ကြန်ပဟိုမဏ္ဍပ်ကြီးကို ခမ်းနားစွာတည်ဆောက်နေ



**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ပြည်သူများအားလုံး ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား-တောင်ညိုလမ်းမပေါ်ရှိ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ညွှန့်ရိပ်သာလမ်းဆုံဧရိယာအထိ ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်လမ်းလျှောက်သင်္ကြန်ဧရိယာအတွင်း ဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာရေကစားနိုင်ရန် အတွက် ဝန်ကြီးဌာနများ အလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များနှင့်တိုင်းရင်းသားရိုးရာ ရေကစားမဏ္ဍပ်များတည်ဆောက်နေမှုမဏ္ဍပ်များအလိုက် စတုဒိသာကျွေးမွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ **စာမျက်နှာ ၂၀ ကော်လံ ၁သို့**

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က မန္တလေးတိုင်းဒေသကြီးတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ လျာထားချက်ထက် ပိုမိုဖွင့်လှစ်ပေးနိုင်ခဲ့** စာမျက်နှာ - ၂

**ရန်ကုန်တိုင်းဒေသကြီး၌ သင်္ကြန်ကာလအတွင်း အရေးပေါ်ကုသမှုများဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အပူဒဏ်သီးသန့်ကုသခန်းများ ဖွင့်လှစ်ထားရှိမည်** စာမျက်နှာ - ၅

**နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ ရန်ကုန်မြို့သို့ ရောက်ရှိ** စာမျက်နှာ - ၂၂




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေး

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ပံ့ပိုးကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူစာပေလေ့လာဖတ်ရှုစေရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

ယခုအခါ ခရိုင်နှင့်မြို့နယ်အဆင့် စာကြည့်တိုက် ၄၁၀ ကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူပြီးဖွင့်လှစ်ပေးလျက်ရှိပါသည်။ ထို့ပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်သည့် စာကြည့်တိုက် ၃၅၀၀ ကျော်ရှိသည်။ အဆိုပါစာကြည့်တိုက်များသည် စာကြည့်တိုက်အဆောက်အအုံများ၊ စာအုပ်စာစောင်၊ စာအုပ်ငှားရမ်းဖတ်ရှုသူများ၊ စာကြည့်တိုက်ရန်ပုံငွေများ၊ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးများရှိပြီး စာကြည့်တိုက်လုပ်ငန်းများကို ပုံမှန်လည်ပတ်နေသည့် စာကြည့်တိုက်များဖြစ်သည်။ ယခင်က ယခုထက်များပြားသည့်အရေအတွက်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာကြည့်တိုက်လုပ်ငန်းများ ရပ်နားသွားခဲ့ရပေသည်။

ယခုကဲ့သို့ပျက်စီးလျော့နည်းသွားသည့် စာကြည့်တိုက်များကို ယခင်အတိုင်းပြန်လည်လည်ပတ်နိုင်ရန်အတွက် လုပ်ဆောင်ပေးရန်လိုပေသည်။ ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံတော်အစိုးရတစ်ခုတည်းဆောင်ရွက်၍မရဘဲ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ NGO များကပါ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ စာကြည့်တိုက်များ ပြန်လည်လည်ပတ်နိုင်ရန်လိုသကဲ့သို့ ပြည်သူများအနေဖြင့်လည်း အသိပညာဗဟုသုတတိုးပွားစေရန် စာများများဖတ်ကြရန်လိုပေသည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဟုဆိုထားရာ လူတိုင်းသည် စာအုပ်စာပေနှင့် ကင်းကွာမနေသင့်ဘဲ ဖတ်ရှုလေ့လာနေကြရမည်ဖြစ်သည်။ မကုန်ဆုံးနိုင်သော ဗဟုသုတအသိပညာရပ်တို့သည် စာအုပ်စာပေများမှရရှိနိုင်သည်။ ဘဝလမ်းခရီးကို လျှောက်လှမ်းကြရာတွင်လည်း မိတ်ကောင်း၊ ဆွေကောင်းများက အမြဲကူညီဖေးမခြင်းမပြုနိုင်ဘဲ စာအုပ်စာပေကဲ့သို့သော မိတ်ကောင်း၊ ဆွေကောင်းများကသာ အမြဲအတူရှိနေပြီး ဖေးမကူညီနိုင်မည်ဖြစ်ပေသည်။

စာဖတ်သူသည် ဖွင့်ထားသောပြတင်းပေါက်နှင့်တူပြီး အသိပညာဗဟုသုတအမြဲတိုးတက်နေမည်ဖြစ်သည်။ စာမဖတ်သူတို့သည် ပိတ်ထားသောပြတင်းပေါက်နှင့်တူပြီး အသိပညာဗဟုသုတတိုးတက်မှုနှေးကွေးနေမည်ဖြစ်သည်။ စာဖတ်သူသည် လိမ္မာယဉ်ကျေးကာ အသိပညာဗဟုသုတကြွယ်ဝသောကြောင့် အရာရာကိုစဉ်းစားဆင်ခြင်ပြောဆိုလုပ်ကိုင်နိုင်သည်။ စာမဖတ်သူသည် လိမ္မာယဉ်ကျေးမှုအားနည်းပြီး ဆင်ခြင်တုံတရားမထားဘဲ ထင်ရာမြင်ရာကိုပြောဆိုလုပ်ကိုင်တတ်ပေသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အသိပညာဗဟုသုတတိုးစေမည့်စာအုပ်စာပေများကို လေ့လာဖတ်ရှုကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းရှိ ခရိုင်နှင့် မြို့နယ်စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့်စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ပံ့ပိုးကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များကလည်း အဆိုပါစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသော စာအုပ်စာစောင်များ၊ ရန်ပုံငွေများလှူဒါန်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# သင်္ကြန်ပွဲတော်ကာလနီးကပ်လာပြီဖြစ်သောကြောင့် မန္တလေးဈေးချိုတော်တွင် သင်္ကြန်အသုံးအဆောင်ပစ္စည်းများ အရောင်းသွက်လာ



**မန္တလေး မေ ၉**

သင်္ကြန်ပွဲတော်ကာလ နီးကပ်လာပြီဖြစ်သောကြောင့် မန္တလေးဈေးချိုတော်တွင် သင်္ကြန်အသုံးအဆောင်ပစ္စည်းများ အရောင်းသွက်လာကြောင်း မန္တလေးဈေးချိုတော် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မကြာမီရက်ပိုင်းအတွင်း မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးမြန်မာ့ရိုးရာအတာသင်္ကြန်ရေသဘင်ပွဲတော်ကို စတင်ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ အဆိုပါသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့၌ ရေပက်ခံထွက်မည့်သူများအပါအဝင် ရေကစားမည့်သူများအနေဖြင့် သင်္ကြန်အသုံးအဆောင် ပစ္စည်းများဖြစ်သည့် ရေဖလား၊ ရေပြွတ်၊ ရေသေနတ်၊ အတာအိုး စသည့် သင်္ကြန်အသုံးအဆောင်ပစ္စည်းများကို မန္တလေးဈေးချိုတော်တွင် လာရောက်ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"အခုဈေးချိုတော်မှာ သင်္ကြန်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို ဝယ်ယူမှုတော်တော်လေးများတယ်။ တချို့ကျတော့လဲ ဈေးချိုတော်ကနေ သင်္ကြန်အသုံးအဆောင်ပစ္စည်းတွေကို တစ်ဆင့်ဝယ်ယူပြီးတော့ မိမိတို့ရပ်ကွက်တွေထဲမှာ ပြန်ပြီးရောင်းချတာတွေလဲ များလာပါတယ်။ သင်္ကြန်ကာလမှာ ဈေးချိုတော်က ယာယီပိတ်မှာဆိုတော့ အခုကတည်းက သင်္ကြန်အတွက်လိုအပ်မဲ့ ပစ္စည်းတွေအပါအဝင် အဝတ်အထည်၊ ကုန်ခြောက်၊ လူသုံးကုန်ပစ္စည်းတွေနဲ့ ဆေးဝါးတွေကို ကြိုတင်ဝယ်ယူတာတွေ များလာပါတယ်။ သင်္ကြန်အတာအိုးတွေကိုလဲ ဝယ်ယူမှု တော်တော်လေးများတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

ယခုနှစ် သင်္ကြန်ပွဲတော်တွင် မန္တလေးမြို့ ကျုံးဘေးအပါအဝင် အခြားနေရာအနှံ့အပြား၌ ရေကစားမဏ္ဍပ်ကြီးများ အများအပြားဆောက်လုပ်ထားသောကြောင့် သင်္ကြန်ရေပက်ခံထွက်မည့်သူများအပါအဝင် ရေကစားမည့်သူများပါ မန္တလေးဈေးချိုတော်တွင် သင်္ကြန်ပွဲတော်ကာလနှင့်ကိုက်ညီမည့် အဝတ်အစားများနှင့် သင်္ကြန်အသုံးဆောင်ပစ္စည်းများကို ယခုရက်ပိုင်းအတွင်း ဝယ်ယူမှုများပြားလာကြောင်း သိရသည်။ (၁၈၄)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က မန္တလေးတိုင်းဒေသကြီးတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ လျာထားချက်ထက် ပိုမိုဖွင့်လှစ်ပေးနိုင်ခဲ့

**မန္တလေး မေ ၉**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က မန္တလေးတိုင်းဒေသကြီးတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို လျာထားချက်ထက် ပိုမိုဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်းသည် ကျေးလက်နေပြည်သူ လူငယ်၊ လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ၄၇ ကြိမ်လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစ၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းပေါင်း ၆၃ ကြိမ်ထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

"သင်တန်းတွေကိုတော့ ဌာနကနေပြီး ဖွင့်လှစ်ပေးတာရှိသလို မိတ်ဖက်ဌာနတွေနဲ့လဲ ဖွင့်လှစ်တာလဲရှိတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာတော့ သင်တန်းတွေကိုလျာထားချက်ထက် ၁၆ ကြိမ် ပိုမိုဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ သင်တန်းဖွင့်လှစ်ပေးတဲ့ အမျိုးအစားအလိုက် သင်တန်းကာလတွေကတော့ မတူကြပါဘူး။ သင်တန်းဆင်းသွားသူတွေက မိမိတို့ဒေသမှာတစ်နိုင်တစ်ပိုင်လုပ်ငန်းတွေဆက်လက်လုပ်ဆောင်နေကြတာကို တွေ့ရပါတယ်။ သင်တန်းတွေကို မြို့ပေါ်နဲ့ ကျေးလက်ပြည်သူတွေအတွက် သင်ကြားပေးနေတာပါ။ အဓိကကတော့ ကျေးလက်ရွာတွေကို ကွင်းဆင်းပြီးတော့ ဖွင့်လှစ်သင်ကြားပေးတာပါ။ ပညာရပ်တွေ သင်ကြားပေးတာကြောင့် မိသားစုအိုးမကွာအိမ်မကွာနဲ့နေနိုင်ပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းတွေ ထူထောင်လာနိုင်မှာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေပြီး ဝင်ငွေတွေလဲ တိုးတက်လာပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရာတွင် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လျှပ်စစ်မော်တာစက်ချုပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ စက်ရက်ကန်း၊ လက်ရက်ကန်း စသည့်သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့်မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိပြီး ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်နှင့် ရှမ်းဒေသတို့မှ ထွက်ရှိလာသည့် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် မုန်ညင်းဖြူဈေးနှုန်းများမှာ အချိန် ၂၇ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက ပြင်ဦးလွင်ဒေသနဲ့ ရှမ်းဒေသတွေကပဲ ဝင်ရောက်လာတာပါ။ ဝင်ရောက်လာတာနဲ့အမျှ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ တောင်သူတွေက ရာသီဥတုပေါ်ကြည့်ပြီး စိုက်တဲ့သူ နည်းပါးသွားပါတယ်။ ဈေးကိုတော့ ပုံမှန်တစ်ရက်ကို ကားက ငါးစီးကနေ ခြောက်စီးထိ ဝင်ပါတယ်။ ကျန်ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ဈေးကို ဝင်ရောက်လာတဲ့ ကုန်စိမ်းပစ္စည်းတွေဟာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မုန်ညင်းဖြူများ အရောင်းအဝယ် ကောင်းနေခြင်းနှင့်အတူ အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွား၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ်ကောင်းနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံ။ -၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် တောင်ဖီလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်တဲကျေးရွာအုပ်စု တောင်ဖီလာကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ် ၅၀၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ဖီလာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၆၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၃၄၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးဆပ်ကော်မတီအဖွဲ့က လစဉ်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ နာယကများဖြစ်သော ဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာဦးမိတ်၊ ဦးတင်မောင်၊ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတာရေ ဦးမိုးလင်းနှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရှဉ့် ပိဿာချိန် ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၆၃၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးရှဉ့် ပိဿာချိန် ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးရှဉ့်များကို ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

“မတ်လ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်က သိသိသာသာဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ပြည်ပ ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတာနဲ့ ပြည်တွင်းက ငါးရှဉ့်ဝယ်ယူမှု အားကောင်းလာတာကြောင့် ငါးရှဉ့်ဝယ်လိုအားက ကောင်းလာတာပါ။ တစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ ရန်ကုန်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဘိုကလေးမြို့နယ်က ရရှိတဲ့ ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အခုလို ငါးရှဉ့်ဈေးကောင်းရလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အလုပ်အကိုင်ရရှိလာပါတယ်”ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်မြို့သို့အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့သို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးပေါက်နေကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းကထံမှ သိရသည်။ **ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဒဟတ်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို ငွေကျပ် ၅၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၂၅၉၉၇ ဧက ရိတ်သိမ်းပြီးစီး

**ရွှေဘို ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၂၅၉၉၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောကုလားပဲ စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၅၉၉၇ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၂ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

“တန့်ဆည်မြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက ကုလားပဲ ၂၅၉၉၇ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိ ကုလားပဲစိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ကုလားပဲ ၂၆၄၅၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၅၉၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲစိုက်ပျိုးရာတွင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး အသိပညာပေးခြင်းလုပ်ငန်းများကို တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# ခမ်းနားထည်ဝါခဲ့သော သက်တမ်းရှည်မနောရမ္မာရွှေကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအတွင်း နေရာဒေသတချို့၌ ရှေးဟောင်းသစ်သားဘုန်းကြီးကျောင်းများကို တွေ့ရှိနိုင်ရာတွင် ရတနာပုံခေတ်နှင့် ကိုလိုနီခေတ်အဆောက်အအုံများက အများဆုံးဖြစ်သည်။ ၎င်းတို့အနက် မြိုင်မြို့နယ် ဗိမ္မာန်မကျေးရွာတွင်တည်ရှိသည့် အုံတုံရွှေကျောင်း ခေါ် မနောရမ္မာရွှေကျောင်းသည် မြန်မာနိုင်ငံရှိ သစ်သားဘုန်းကြီးကျောင်းအဆောက်အအုံများအနက် သက်တမ်းအရှည်ဆုံးဖြစ်သည်။

မနောရမ္မာရွှေကျောင်းကို သက္ကရာဇ် ၁၁၀၀ ပြည့်နှစ် (ခရစ်နှစ် ၁၇၃၈ ခုနှစ်)တွင် တည်ဆောက်ခဲ့သဖြင့် ယခုအခါ သက်တမ်း ၂၈၆ နှစ်ရှိပြီဖြစ်သည်။ မြိုင်မြို့နယ်အတွင်းရှိ ဗိမ္မာန်မကျေးရွာသည် ပခုက္ကူ-မြိုင်ကားလမ်း၏ လက်ယာဘက် တစ်မိုင်အကွာတွင် တည်ရှိပြီး မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် အလွယ်တကူသွားရောက်နိုင်သည်။

**မြိုင်မြို့နယ်၏ သမိုင်းနောက်ခံ**

လွန်ခဲ့သော နှစ်သန်း ၄၀ က ကမ္ဘာမြေပေါ်တွင် လူသားမျိုးနွယ်များဖြစ်တည်ခဲ့မှု၏ အစောဆုံးအထောက်အထားအဖြစ် ပရိုင်းမိတ်ရုပ်ကြွင်းအစိတ်အပိုင်းများကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းတွေ့ရှိခဲ့ရာမှ လူသားအစ မြန်မာကဟု ထင်ရှားခဲ့သည်။ လူသားမျိုးစိတ် အစောဆုံးဖြစ်တည်ခဲ့သည့်နေရာဟုဆိုနိုင်ဖွယ်ရှိသည့် မြိုင်မြို့သည် ၁ ဒသမ ၄၅ စတုရန်းမိုင်ကျယ်ဝန်း၍ မြို့နယ်တစ်ခုလုံးသည် ၇၈၅ ဒသမ ၅၅၁ စတုရန်းမိုင် ကျယ်ဝန်းပြီး မြိုင်မြို့နယ်အတွင်း၌ သမိုင်းအမွေအနှစ်အထောက်အထားများစွာ တည်ရှိနေသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ပုဂံဘုရင် အလောင်းစည်သူသည် ယခုမြိုင်မြို့နေရာသို့ တိုင်းခန်းလှည့်လည်ရောက်ရှိခဲ့စဉ် ကောင်းကင်ထက်၌ ရွှေမြင်းရုပ်သဏ္ဍာန်ပေါ်နေသည်ကို မြင်တွေ့ခဲ့ပြီး ၎င်းနေရာတွင်တွေ့ရှိသည့်စေတီတော်ကို မြမြင်၍ ရွာတစ်ရွာ ထူထောင်ခဲ့သည်။ ၎င်းရွာဝန်းကျင်သည် ရေကန်များ၊ နှောပင်တောနှင့် စိမ်းလန်းစိုပြည်သော သစ်ပင်များမှိုင်းဝေနေသဖြင့် မှိုင်းရွာဟု အမည်ပေးခဲ့ရာမှ ကာလရွေ့လျောလာချိန်တွင် မြိုင်ရွာဟုပြောင်းလဲခဲ့ကြောင်း မြိုင်မြို့ ရွှေမြင်းတင်ဘုရားသမိုင်းကို အကိုးအကားပြုကာ မြိုင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များမှတ်တမ်းတွင် ဖော်ပြထားသည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ် ဇွန် ၃ ရက်တွင် မြိုင်ကို မြို့အဖြစ်သတ်မှတ်၍ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် မြိုင်မြို့နယ်ကို မြို့တစ်မြို့ ရပ်ကွက်သုံးရပ်ကွက် ကျေးရွာအုပ်စု ၈၁ အုပ်စု ကျေးရွာ ၃၂၉ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။


မြိုင်မြို့နယ်သည် အရှေ့မှ အနောက်သို့ ၄၂ ဒသမ ၅ မိုင် တောင်မှမြောက်သို့ မိုင် ၃၀ ရှည်လျား၍ အရှေ့ဘက်တွင် ရေစကြိုမြို့နယ်၊ အနောက်ဘက်တွင် ပေါက်မြို့နယ်၊ တောင်ဘက်တွင် ပခုက္ကူမြို့နယ်၊ မြောက်ဘက်တွင် ပုလဲမြို့နယ်၊ ဆားလင်းကြီးမြို့နယ်တို့နှင့်ထိစပ်နေသည်။ မြေပြန့်လွင်ပြင်ဒေသဖြစ်သည့် မြိုင်မြို့နယ်၏အနောက်ဘက်တွင် တည်ရှိသည့် တန့်ကြည့်တောင်သည် ၁၉၀၅ ပေမြင့်သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၈၈၆ ပေမြင့်သည့် မြိုင်မြို့၏မြောက်ပိုင်းတွင် ၁၉ မိုင်ရှည်လျားသည့် ယမားချောင်းသည် အနောက်မှအရှေ့သို့ စီးဆင်းနေကာ မြို့နယ်အတွင်း၌ မြိုင်ချောင်း၊ ထန်းငယ်တောချောင်း၊ ကျောက်ဆောက်ချောင်းနှင့် နအင်းချောင်းတို့ စီးဆင်းနေကြသည်။ အညာဒေသဖြစ်သဖြင့် မြိုင်မြို့နယ်တွင် ထနောင်း၊ ဒဟတ်၊ မန်ကျည်း၊ ထန်း၊ ကုက္ကို၊ တမာ စသည့် အပူပိုင်းဒေသပေါက်ပင်များကို အများဆုံးတွေ့ရှိရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့်စာရင်းများအရ မြိုင်မြို့နယ်အတွင်း၌ ဘုရားပုထိုးစေတီပေါင်း ၁၃၇၉ ဆူနှင့် ဘုန်းကြီးကျောင်း ၃၉၁ ကျောင်းရှိသည့်အနက် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ဆုံးရှေးဟောင်းသစ်သားကျောင်းကြီးဖြစ်သည့် မနောရမ္မာရွှေအုံတုံဘုန်းတော်ကြီးကျောင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ မနောရမ္မာရွှေကျောင်းကို ဒေသခံများက ရွှေအုံတုံကျောင်းဟုလည်း ခေါ်ဆိုကြသည်။

**မနောရမ္မာရွှေကျောင်းတော်**

မနောရမ္မာရွှေကျောင်းတွင် မူလက အဆောင်ပေါင်း ၁၂ ဆောင်ရှိခဲ့ကြောင်းနှင့်အရှေ့အနောက် ၁၇ ခန်းနှင့်တောင်မြောက် ၁၃ ခန်းရှိခဲ့ကြောင်း မနောရမ္မာရွှေကျောင်းကိုစောင့်ရှောက်နေသူ ဆရာတော်ဘဒ္ဒန္တဇဋိလက ရှင်းပြခဲ့သည်။ မနောရမ္မာမူလကျောင်းကို ခန်းဖွဲ့တစ်ခုလျှင် လေးတောင်(ခြောက်ပေ)အကျယ်ထားလျက် ကျွန်းတိုင်ပေါင်း ၂၅၂ လုံးဖြင့်တည်ဆောက်ခဲ့သော်လည်း အဆောင်များပြိုကျပျက်စီးခဲ့သဖြင့် ယခုအချိန်တွင် ကျွန်းတိုင် ၄၂ တိုင်သာ ကျန်ရှိသည်။



လက်ရှိမြင်တွေ့ရသည့် မနောရမ္မာရွှေကျောင်းကို တွေ့ရစဉ်။

မနောရမ္မာရွှေကျောင်းတွင် ရှေးမြန်မာဘုန်းတော်ကြီးကျောင်းများဆောက်လုပ်မှု ဗိသုကာပုံစံအတိုင်း ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ပါရှိခဲ့ဟန်ရှိပြီး ယခုကျန်ရှိနေသည့်အဆောက်အအုံသည် ဆောင်မကြီးဖြစ်သည်။ ဆောင်မကြီး၏အလယ်တွင် သစ်သားပန်းကွက်များဖြင့် အလှဆင်ထားသည့် မာရဘင်ရှိကာ အဆောင်ကူးသည့်ဝင်ထွက်ပေါက် နှစ်ပေါက်ပါရှိသည်။ လက်ရှိ လှေကားတပ်ထားသည့်တံခါးပေါက်သည် ဆောင်မကြီးမှ ဘောဂဆောင်သို့ကူးသည့်အပေါက်ဟု ယူဆရပေသည်။

ကျောင်းတော်ကြီးကို လည်ပေါ်သုံးထပ်ပါရှိသည့် ဇေတဝန်ဆောင်ပုံစံတည်ဆောက်ထားကာ အဆောင်တံကဲတံခါးများကို ပန်းကွက်များဖြင့် အလှဆင်ထားသည်။ တိုင်တစ်ခုနှင့်တစ်ခုကြား ကျောင်းအပြင်နံရံခြောက်ခန်းအနက် ငါးခန်းကို ကနုတ်ပန်းကွက်များဖြင့် ပေါင်ခတ်ထားပြီး ထိပ်တွင် ပြာသာဒ်ပုံကိုထည့်သွင်းထားသည်။ တံကဲမှန်ကင်းအလယ်၌ ဥဒေါင်းများကို ဟန်အမျိုးမျိုးဖြင့် ထုလုပ်ထားမှုသည် အလွန်လက်ရာမြောက်လှပေသည်။

ကျောင်းအတွင်းပိုင်းမာရဘင်ကို ရွှေပိန်းများချထား၍ ကျောင်းတိုက်အတွင်းမှ ကျန်နေရာများကို ရွှေဇဝါများဖြင့် အလှဆင်ခဲ့သည်။ တစ်ချိန်က အလွန်ခမ်းနားထည်ဝါခဲ့သည့် ၎င်းကျောင်းကြီးသည် အရွယ်ငယ်သော်လည်း မင်းဧကရာဇ်တို့တည်ဆောက်သည့်ကျောင်းများနှင့်မခြားလှကြောင်းနှင့် မင်းခွင့်ပြုချက်တောင်းရန်မလိုသောအခြေအနေတွင် စစ်နှင့်ဝေးကွာသောအရပ်၌ စိတ်တိုင်းကျ တည်ဆောက်ခဲ့ဟန်ရှိကြောင်း သမိုင်းပညာရှင် ဒေါက်တာတိုးလှက သုံးသပ်ခဲ့သည်။

**ကျောင်းတော်ကြီးအလှူရှင်**

မနောရမ္မာရွှေကျောင်းကြီးကို တည်ဆောက်ခဲ့သည့်အချိန်(ခရစ်နှစ် ၁၇၃၈ ခုနှစ်)သည် ညောင်ရမ်းမင်းဆက်နောက်ဆုံးဘုရင် မဟာဓမ္မရာဇာဓိပတိ(ခရစ်နှစ် ၁၇၃၃-၁၇၅၂) စိုးစံချိန်ဖြစ်သည်။ ထိုအချိန်သည် မြန်မာနိုင်ငံကို ကသည်းတို့ တိုက်ခိုက်မှုများကြောင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်နှင့် မူးမြစ်ဝှမ်းဒေသများ၌ အခြေအနေများယိမ်းယိုင်ခဲ့ကာ ၎င်းဒေသများတွင် ဘုရင့်သြဇာသက်ရောက်မှု နည်းပါးချိန်ဖြစ်သည်။

ထိုအချိန်၌ စဉ့်ကန်ရွာမှ ဦးဆုသာမိသားစုနှင့် ဆွေမျိုးသားချင်းများသည် မနောရမ္မာရွှေကျောင်းကြီးကိုတည်ဆောက်၍ ပိဋကတ်တော်များကိုလည်းရေးကူးစေခဲ့သည်။ (စဉ့်ကန်ရွာသည် ထိုစဉ်က ဗိမ္မာန်မရွာအနီးတွင်ရှိခဲ့သော်လည်း ယခုမရှိတော့ချေ။) ကျောင်းတည်ဆောက်မှုကုန်ကျစရိတ်သည် ၂၈၂၅ ကျပ်ဖြစ်ကြောင်း ကျောင်းအထက်ခါးပန်းတွင် ရွှေဇဝါဖြင့်ရေးသားခဲ့သည့်မှတ်တမ်းတွင် ဖော်ပြထားသည်။(ထိုအချိန်က ငွေကြေးတန်ဖိုးသည် ရွှေတစ်ကျပ်သားလျှင် ၁၆ ကျပ်ဖြစ်သည်။) အလှူရှင်များသည် ကျောင်းကြီးတည်ဆောက်မှုမပြီးစီးမီ ဆရာတော် အရှင်ဥတ္တမာလင်္ကာရကို လှူဒါန်းခဲ့သည်။

အဆိုပါမှတ်တမ်းစာများကို ၁၉၆၈ ခုနှစ်တွင် ဆရာကြီး ဒေါက်တာတိုးလှက ကူးယူထားခဲ့သဖြင့် နောင်းလူတို့ အလွယ်တကူလေ့လာနိုင်ခဲ့ကြသည်။ မှတ်တမ်းကမ္ပည်းစာတွင် ပါဠိဂါထာနှင့် မြန်မာဘာသာပြန်ဆိုချက်အနက်တို့ကို ရေးသားခဲ့သည်။

မှတ်တမ်းအရ သစ်သားကျောင်းတော်ကြီးကို ရဟန်းသူမြတ်တို့ စိတ်နှလုံးပျော်မွေ့ရာ(မနောရမ္မာ) ကျောင်းတော်ဟုအမည်တပ်ခဲ့ကာ သက္ကရာဇ် ၁၁၀၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် (ခရစ်နှစ် ၁၇၃၈ ခုနှစ် မေ ၆ ရက်) စနေနေ့တွင် စတင်တည်ဆောက်ခဲ့သည်။ ထိုနှစ် ဝါဆိုလဆန်း ၁၄ ရက် (ခရစ်နှစ် ၁၇၃၈ ခုနှစ် ဇွန် ၁၈ ရက်) တနင်္ဂနွေနေ့တွင် အရှင်ဥတ္တမာလင်္ကာရအား ရေးဦးစွာ တင်လှူခဲ့ကာ သက္ကရာဇ် ၁၁၀၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက် (ခရစ်နှစ် ၁၇၄၂ ခုနှစ်ဇူလိုင် ၂ ရက်)သောကြာနေ့တွင် အပြီးသတ်ရွှေချ၍ ဒုတိယအကြိမ်ကျောင်းတင်လှူခဲ့သည်။

**ရွှေဇဝါရေးပန်းချီနှင့် မှတ်တမ်းစာများ**

လက်ရှိ မနောရမ္မာရွှေကျောင်းအဆောက်အအုံ၏ မြောက်ဘက်ခြမ်းတွင် လှေကားရာများကျန်ရှိနေသဖြင့် မူလကျောင်းအဆောက်အအုံသည် မြောက်ဘက်သို့ မျက်နှာမူခဲ့ဟန်ရှိကာ ကျောင်းအတွင်းပိုင်းကို ရွှေဇဝါရေးပန်းချီများဖြင့် အလှဆင်ခဲ့သည်။ ကျောင်းတိုက်တည်ဆောက်မှုနှင့် ကောင်းမှုကုသိုလ်မှတ်တမ်းစာများကို ကျောင်းတိုက်၏ အရှေ့မြောက်ဘက်အပေါ်ထုပ်တန်းနှင့်တိုင်ကြီးများတွင်ရေးသားခဲ့ရာ ထုပ်တန်းပေါ်မှ မှတ်တမ်းစာတချို့ကို ယခုတိုင်မြင်တွေ့ကြရသည်။

မနောရမ္မာရွှေကျောင်းတိုက်ကို စောင့်ရှောက်နေသည့် ဆရာတော်ဘဒ္ဒန္တဇဋိလက ကျောင်းအလှူတော်မှတ်တမ်းကို ရေးကူးထားသည့်လက်ရေးမူကို ပြသခဲ့သဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကာ ထုပ်တန်းပေါ်မှကျောင်းကမ္ပည်းရွှေဇဝါကို ဖတ်ရှုနိုင်ခဲ့ရသည်။ မှတ်တမ်းစာတွင် "စိရံတိဋ္ဌတု ယာဝါသော၊ အရိယမ္မာ အလင်္ကာရ အတ္ထာဘာစ အတေသာရံ၊ မနောရမ္မာသု အဇ္ဈေရာ၊ ရမ္မတိစ ဥပဿ ယံက္ကမိနာယံ ကြဟမ္မဝေ၊ ကမ်ဝါသံ ကုဋ္ဌာကရေ သဗ္ဗေမယံ ဘဝေဘဝေ သုခဝါသံ ဝိလဒ္ဓရေ၊ အယံ အဝါသော ပရိယတ် ပဋိပါတ်ကို ဖြဉ့်ကုန်သော ရဟန်းသူမြတ်တို့၏ နှလုံးမ မွေ့လျော် ပျော်ရာဖြစ်သော မနောရမ္မာ အမည်ရှိသော ဤကျောင်းသည် ကြာမြင့်စွာ တည်ပါ စေသတည်း"ဟု အစချီကာ ပါဠိဘာသာ၊ ပါဠိမြန်မာနိဿနှင့် မြန်မာဘာသာတို့ဖြင့် ရေးသားထားသည့် စာကြောင်းရေ ၁၃ ကြောင်း ပါရှိသည်။ (မူရင်းစာလုံးပေါင်းအတိုင်းဖြစ်ပါသည်။)

မှတ်တမ်းစာအဆုံးတွင် ကောင်းမြတ်သော ဆုတောင်းများကိုတောင်းဆိုကာ ဝေနေယျသတ္တဝါအပေါင်းကို အမျှပေးဝေခဲ့သည်။ ကျောင်းအတွင်းပိုင်းတစ်ခုလုံးကို ရွှေချကာ ရွှေဇဝါများရေးသားခဲ့သည့် မနောရမ္မာရွှေကျောင်း၏ မျက်နှာကြက်တွင် ဘုရားရှင်ခြေတော်ရာပုံကို ရေးဆွဲခဲ့သော်လည်း ယခုအခါတွင် မမြင်တွေ့ရတော့ပါချေ။

**ပိဋကသုံးပုံပေစာတိုက်များ**


မနောရမ္မာရွှေကျောင်းကြီးတွင် ရွှေချထားသော စာတိုက်သေတ္တာကြီးများသည် ယနေ့တိုင်ရှိနေသည်။ အလှူရှင်များလှူဒါန်းခဲ့သည့် ပိဋကသုံးပုံပေစာထုပ်များကို ၎င်းစာတိုက်သေတ္တာများတွင် ထားရှိခဲ့သော်လည်း ယခုအခါတွင် ပေရွက်အကျိုးများသာ ကျန်ရှိနေပြီး ပေရွက်များပေါ်တွင် လှပဝိုင်းစက်သောလက်ရေးဖြင့် ရေးသားထားသည့် ပါဠိစာများ၊ မြန်မာစာများကို တွေ့ရှိခဲ့ရကာ ပေစာထုပ်များသည် တစ်စစီဖြစ်နေသဖြင့် ဆက်စပ်ဖတ်ရှုရန် ခက်ခဲခဲ့ပေသည်။

တလားပုံ၊ ဗီရိုပုံ၊ လေးထောင့်ပုံစသည်ဖြင့် ပုံစံမျိုးစုံပြုလုပ်ထားသော ကျွန်းသားစာတိုက်သေတ္တာကြီးများကို ရွှေများချထားပြီး သေတ္တာတစ်ခုစီ၏ မျက်နှာစာတွင် ပန်းကနုတ်များ ထွင်းထုထားသည်။ တလားပုံစာတိုက်များသည် မနောရမ္မာရွှေကျောင်းမှ မူလစာတိုက်သေတ္တာများဖြစ်ကာ လေးထောင့်ပုံစာတိုက်သေတ္တာများသည် ကုန်းဘောင်ခေတ်လက်ရာများဖြစ်ပြီး နောက်ပိုင်းခေတ် အလှူရှင်များက လှူဒါန်းခဲ့သည့်စာတိုက်များဖြစ်နိုင်ကြောင်း ဆရာကြီး ဒေါက်တာတိုးလှက သုံးသပ်ခဲ့သည်။

**ကိုးကား**

- **မနောရမ္မာရွှေကျောင်းတော်ကြီးစာတမ်း (ဒေါက်တာတိုးလှ)**
- **မြိုင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူမှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# တို့ယဉ်ကျေးမှု တို့ရိုးရာ

\- ပိတောက်ပျို ယိမ်းကလို့
မြူးကြွတဲ့ သည်ရာသီ၊
အတာချစ်သူ လူငယ်အများလည်း
ပျော်ပါးရွှင်ကြည်၊
ရေဖလား ကိုယ်စီကိုယ်စီ
နံ့သာရည် ကြိုင်မွှေး၊
အောင်သပြေ ပန်းတစ်ခက်ရယ်နဲ့
ဖျန်းပက်ယဉ်ကျေး။

\- သူတော်စင် မြတ်ဘိုးဘွားတို့
တရားအရိပ် ခိုမှီးပြီ၊
ဒါနရှင် လူအပေါင်းလည်း
ကောင်းကျိုးမျှော်ရည်၊
ဆွမ်းရေချမ်း စုံအညီ
ဝသုန်မဟီ သက်သေပြု၊
ပြည်ခေမာ မျှော်မှန်းလို့
လှူဒါန်းစုစု။

\- တို့တိုင်းပြည် ကောင်းခလေ့
ဟောင်းမမေ့ဘဲ ထိန်းသိမ်းပါ၊
လူကြီးလူငယ် လက်ဆင့်ကမ်းလို့
ရှက်ထမ်းညီညာ၊
တို့ယဉ်ကျေးမှု တို့ရိုးရာ
သည်းညာမှာ ကမ္ဘည်းထိုး၊
နှစ်ထောင်ချီ မပျောက်ပျက်စေဖို့
ကွယ်တို့ရေ. . .
ဆက်လက်သယ်ပိုး။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧက ၅၈၅၀ ရိတ်သိမ်းပြီးစီး

**ကျုံပျော် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာဧက ၅၈၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။



ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၅၈၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နေကြာ ၅၈၅၀ ဧကကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နေကြာဧကအားလုံး ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ နေကြာတစ်ဧကလျှင် ၁၅ ဒသမ ၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၅၈၅၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ နေကြာဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နေကြာတွေစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေ အနေနဲ့လဲ နေကြာကို မနှစ်က စိုက်ဖူးတဲ့ အတွေ့အကြုံရှိတော့ အခုလို စိုက်ပျိုးရိတ်သိမ်းနိုင်တာပါ။ နေကြာမျိုးစေ့တွေကတော့ တောင်သူတွေက စနစ်တကျရွေးချယ်ဝယ်ယူထားတဲ့မျိုးတွေနဲ့ ဒေသမြေအနေအထား၊ ရာသီဥတုနဲ့ကိုက်ညီတဲ့မျိုးတွေကို အဓိကထားစိုက်ပျိုးခဲ့တာပါ။ အထွက်နှုန်းကလဲ ကောင်းပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာများ တစ်ဧကချင်းစီအလိုက် အထွက်နှုန်းကောင်းစေရန်၊ အရည်အသွေးကောင်းနေကြာများ ထွက်ရှိစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာအသုံးပြုနည်းပညာများ၊ ပိုးသတ်ဆေးစနစ်တကျအသုံးပြုရေးနည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့်ရွေးချယ်နည်းများနှင့် စိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရန်ကုန်တိုင်းဒေသကြီး၌ သင်္ကြန်ကာလအတွင်း အရေးပေါ်ကုသမှုများဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အပူဒဏ်သီးသန့်ကုသခန်းများဖွင့်လှစ်ထားရှိမည်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး၌ သင်္ကြန်ကာလအတွင်း အရေးပေါ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အပူဒဏ်သီးသန့်ကုသခန်းများဖွင့်လှစ်ထားရှိကာ ကုသပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာန အထူးကုဆရာဝန် ဒေါက်တာချိုသဇင်ဖူးက ပြောပြ၍ သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၌ သင်္ကြန်ကာလတွင် သင်္ကြန်ပွဲတော်ဆင်နွှဲနေသူများကို ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်၊ မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်လာပါက အရေးပေါ်ကုသမှုများပေးနိုင်ရန်၊ ရေကစားသူများအပြင် သာမန်ဖျားနာသူများကိုလည်းကုသမှုများပေးနိုင်ရန် နှစ်စဉ်ဆောင်ရွက်နေကျအစီအမံများအတိုင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာနတွင် ပြင်ဆင်ထားရှိကြောင်း သိရသည်။

"ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ အပူဒဏ်နဲ့ဆက်စပ်တဲ့ ရောဂါတွေအတွက် ကုသမှုနည်းလမ်းတွေ၊ ဆေးဝါးတွေနဲ့ သီးသန့်ကုသမှုပေးနိုင်မဲ့ ကုသခန်းတွေကို ကြိုတင်ပြင်ဆင်ထားပါတယ်။ သင်္ကြန်ကာလမှာ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ နာတာရှည် ရောဂါအခံရှိသူတွေ၊ အရက်သေစာသောက်စားထားတဲ့သူတွေနဲ့ မူးယစ်ဆေးသုံးစွဲထားသူတွေမှာ အပူဒဏ်နဲ့ပတ်သက်တဲ့ရောဂါတွေ အဖြစ်များတယ်။ ဒါ့ပြင် သင်္ကြန်ပွဲတော်ကာလမှာ ပြင်ပက ဆေးခန်းတွေပိတ်ထားတဲ့အတွက် သာမန်ဖျားနာလူနာတွေကို ကုသမှုပေးနိုင်ဖို့အတွက်လဲ နေရာထိုင်ခင်းကအစ ပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်"ဟု အရေးပေါ်ကုသမှုဆေးပညာဌာန အထူးကုဆရာဝန် ဒေါက်တာချိုသဇင်ဖူးက ပြောပြသည်။

လက်ရှိကာလတွင် နေ့အပူချိန်များမြင့်တက်နေသည့်အတွက် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းလျမှုနှင့် အတူ ရေနှင့်ဓာတ်ဆားဓာတ်ပျက်စီးဆုံးရှုံးကာ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်းများဖြစ်ပေါ်နိုင်ပြီး ခေါင်းမူးခြင်း၊ ချွေးထွက်လွန်ခြင်း၊ ပျို့အန်ခြင်းများ ဖြစ်ပွားနိုင်ခြေလည်းရှိကာ အပူဒဏ်ကြောင့် သတိလစ်မေ့မြောနိုင်သည့် အပြင်းထန်ဆုံးအဆင့်ထိ ရောက်ရှိနိုင်ကြောင်း သိရသည်။ ASH

# သာစည်မြို့နယ် သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ အလယ်ကန်ကျေးရွာအုပ်စု သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သစ်စီးရေကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သစ်စီးရေကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၄ ဦး ငွေကျပ် ၄၉ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးရန် အစီအစဉ်ရှိကြောင်း ကရင်မလင်နန်းတော်ထုတ်ပြန်



**မော်စကို ဧပြီ ၉**

ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ အနေဖြင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်ရှိကြောင်း ကရင်မလင်နန်းတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ သမ္မတပူတင်သွားရောက်နိုင်မည့်အချိန်ကို ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်၏ လက်ရှိ တရုတ်နိုင်ငံခရီးစဉ်ကို နှစ်နိုင်ငံခေါင်းဆောင်များကြား ထိပ်သီးဆွေးနွေးပွဲအတွက် ပြင်ဆင်မှုအဖြစ် မှတ်ယူနိုင်ကြောင်း ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားထားသည်။

ရုရှားသမ္မတပူတင် အနေဖြင့် ယခုနှစ်မေလအတွင်း တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်ဟု သတင်းများထွက်ပေါ်လျက် ရှိကြောင်း သိရသည်။

ယင်းသတင်းများ မှန်ကန်ကြောင်းအတည်ပြုနိုင်ပါက မေလခရီးစဉ်သည် ရုရှားသမ္မတပူတင်အတွက် သမ္မတရွေးကောက်ပွဲအနိုင်ရပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ် ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ပေကျင်းမြို့၌ ရောက်ရှိနေပြီး တရုတ်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ရာဖာမြို့ကို ထိုးစစ်ဆင်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ထပ်မံကတိပြု

**ဂျေရုဆလင် ဧပြီ ၉**

ဂါဇာကမ်းမြောင် တောင်ပိုင်း ရာဖာမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်မည်ဖြစ်ကြောင်းအစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့တွင် ထပ်မံပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ရာဖာမြို့ကို ထိုးစစ်ဆင် တိုက်ခိုက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ဧပြီ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော ဗီဒီယိုဖိုင်မိန့်ခွန်းတစ်ခု၌ အစ္စရေးဝန်ကြီးချုပ်က ကတိပြုခဲ့သည်။

ရာဖာမြို့သည် ပါလက်စတိုင်းလူမျိုး ၁ ဒသမ ၄ သန်းခန့် ခိုလှုံနေကြသော ဂါဇာကမ်းမြောင်မြို့ကြီးဖြစ်သည်။

ရာဖာမြို့၌ ခိုလှုံနေသည့် ပါလက်စတိုင်းလူမျိုး အများစုမှာ အစ္စရေး၏ စစ်ရေးအရတိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်နှင့် အခြားနေရာများမှ ရှောင်ပြေးလာကြသူများဖြစ်ကြသည်။

သို့သော် အစ္စရေးအနေဖြင့် ရာဖာမြို့ကိုထိုးစစ်ဆင်တိုက်ခိုက်မည်ဆိုပါက အများကြီးတစ်ရပ်ကျူးလွန်ရာရောက်နိုင်ကြောင်း အမေရိကန်အစိုးရက သတိပေးထားသည်။

အစ္စရေးဝန်ကြီးချုပ်၏ ဧပြီ ၈ ရက် ဗီဒီယိုဖိုင်မိန့်ခွန်းတွင် ရာဖာမြို့ ထိုးစစ်အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**




# တရုတ်ကွန်မြူနစ်ပါတီထိပ်တန်းခေါင်းဆောင် ကျိုးလီကန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်

**ပေကျင်း ဧပြီ ၉**

တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင် ကျိုးလီကန်ဦးဆောင်သော တရုတ်အစိုးရနှင့် ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင် ကျိုးလီကန်သည် တရုတ်ကွန်မြူနစ်ပါတီ၏ တတိယအကြီးဆုံးခေါင်းဆောင်ဖြစ်သည်။

ကျိုးလီကန် ဦးဆောင်သော တရုတ်အစိုးရနှင့် တရုတ်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၁ ရက်မှ ၁၄ ရက်ထိ မြောက်ကိုရီးယားသို့ လာရောက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်(အင်န်ပီစီ)၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌလည်း ဖြစ်သူ ကျိုးလီကန်သည် ၂၀၁၈ ခုနှစ်နောက်ပိုင်း မြောက်ကိုရီးယားသို့ သွားရောက်မည့် ရာထူးအမြင့်ဆုံး တရုတ်တာဝန်ရှိသူဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုတားဆီးရေးစည်းမျဉ်းများ ရုပ်သိမ်းခဲ့ပြီးနောက် အဓိကမဟာမိတ်ဖြစ်သည့် တရုတ်နိုင်ငံနှင့်သံတမန်ခရီးစဉ်များ မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြောက်ကိုရီးယား ခရီးစဉ်အတွင်း ကျိုးလီကန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်-မြောက်ကိုရီးယားချစ်ကြည်ရေးနှစ် အခမ်းအနားများသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အကျဉ်းသား ၁၅၈၄ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဘာရိန်းအစိုးရ ပြန်လွှတ်ပေး

**မာနာမာ ဧပြီ ၉**

ဘာရိန်းနိုင်ငံသည် ဧပြီ ၈ ရက်တွင် အကျဉ်းသား ၁၅၈၄ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသည့် အကျဉ်းသားများထဲတွင် ထောင်ဒဏ်တစ်သက်ချမှတ်ခံထားရသည့်အကျဉ်းသားအချို့နှင့်၂၀၁၁ ခုနှစ် ဆန္ဒပြပွဲများနှင့် ဆက်စပ်နေသည့်စွဲချက်များဖြင့် ဖမ်းဆီးခံထားရသူများလည်း ပါဝင်ကြောင်း ဘာရိန်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဘာရိန်းနိုင်ငံသည် ဧပြီ ၈ ရက်တွင် ၂၀၁၇ ခုနှစ် ပြစ်ဒဏ်ပြောင်းလဲမှုဥပဒေအရ ပြစ်ဒဏ်ကာလအနည်းဆုံး ထက်ဝက်ကျခံပြီးသူများကိုလည်း ခြွင်းချက်များဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဧပြီ ၈ ရက်တွင် ပြန်လည်လွတ်မြောက်လာသော အကျဉ်းသားအများအပြားမှာ မူလက အကြမ်းဖက်ရာဇဝတ်မှု သို့မဟုတ် အများပြည်သူမငြိမ်မသက် ဖြစ်စေရန်လှုံ့ဆော်မှုများဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရခြင်းဖြစ်ကြောင်း ဘာရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်း ရှီးယိုက်စ်အတိုက်အခံများ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့သောကြောင့် အဆိုပါ ရှီးယိုက်စ်အတိုက်အခံများကို ဘာရိန်းနိုင်ငံက ဖိနှိပ်ထားသည်။

ရှီးယိုက်စ်အတိုက်အခံများ၏ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုကို ဘာရိန်းတာဝန်ရှိသူများက နှိမ်နင်းရာတွင် ဆော်ဒီအာရေဗျနိုင်ငံက လက်နက်ကိုင်တပ်များစေလွှတ်၍ အကူအညီပေးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဒမတ်စကတ်မြို့ အီရန်ကောင်စစ်ဝန်ရုံးသစ် အီရန်နိုင်ငံခြားရေးဝန်ကြီး အက်ဘ်ဒူလာဟီအန် ဖွင့်လှစ်ပေး

**တီဟီရန် ဧပြီ ၉**

အီရန် နိုင်ငံခြားရေးဝန်ကြီး ဟော့ဆိန်းအမီရာအက်ဘ်ဒူလာဟီအန်သည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အီရန်ကောင်စစ်ဝန်နေရာသစ်ကို ဧပြီ ၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒမတ်စကတ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးပျက်စီးခဲ့ပြီးနောက် ကောင်စစ်ဝန်ရုံး နေရာသစ်ကို အီရန်နိုင်ငံခြားရေးဝန်ကြီးက ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

အီရန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှုတွင် အီရန်တော်လှန်ရေးအစောင့်တပ် ထိပ်တန်းတပ်မှူးတစ်ဦးနှင့် စစ်ရေးအကြံပေးခြောက်ဦးသေဆုံးခဲ့ရသည်ဖြစ်ရာ အစ္စရေးနှင့် အီရန်တို့ကြားစစ်ရေးတင်းမာမှုမြင့်တက်လာခဲ့ရသည်။



ဒမတ်စကတ်မြို့ အီရန်ကောင်စစ်ဝန်ရုံး နေရာသစ်ဖွင့်ပွဲအခမ်းအနားသို့ အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်မီကဒက်လည်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။


ဆီးရီးယား ခရီးစဉ်အတွင်း အီရန် နိုင်ငံခြားရေးဝန်ကြီးသည် ဆီးရီးယားသမ္မတ အာဆတ်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် လက်ရှိဖြစ်ပွားဆဲဂါဇာစစ်ပွဲတွင် တိုက်ရိုက်ပါဝင်မှုမရှိသော်လည်း အစ္စရေးနှင့် အမေရိကန်ပစ်မှတ်များကို တိုက်ခိုက်ရေးအတွက် ဒေသတွင်းမဟာမိတ်များကို အားပေးကူညီလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဧပြီ ၈ ရက် နေအပြည့်ကြတ်မှုပေါ်ပေါက်ခဲ့စဉ် နာဆာ၏ဂျက်လေယာဉ်သုံးစင်းက လရိပ်ကျရာလမ်းကြောင်းအတိုင်းပျံသန်း၍ နေလေထုလွှာကို လေ့လာခဲ့







**ဝါရှင်တန် ဧပြီ ၉**

ဧပြီ ၈ ရက် နေအပြည့်ကြတ်မှုပေါ်ပေါက်ခဲ့စဉ် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျက်လေယာဉ်သုံးစင်းက လရိပ်ကျရာလမ်းကြောင်းအတိုင်းပျံသန်း၍ နေလေထုလွှာကို လေ့လာခဲ့ကြသည်။

နေအပြည့်ကြတ်မှု ဖြစ်စဉ်အတွင်း နာဆာ၏ WB 57 အမျိုးအစား သုတေသနဂျက်လေယာဉ်သုံးစင်းသည် စထရာတိုစဖီးယားလေထုလွှာအတွင်း တစ်နာရီ မိုင် ၄၆၀ နှုန်းဖြင့် ပျံသန်း၍ နေ၏လေထုလွှာကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

WB 57 အမြင့်ပျံသုတေသနလေယာဉ်များသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၀၀၀ တွင်ပျံသန်း၍ နေကြတ်စဉ်အတွင်း ကမ္ဘာမြေ၏ စထရာတိုစဖီးယားလေထုလွှာအပေါ် အကျိုးသက်ရောက်မှုများကို လေ့လာခဲ့ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် ဧပြီ ၈ ရက် နေအပြည့်ကြတ်မှု ကာလအတွင်း သုတေသနဒုံးပျံသုံးစင်းကို အာကာသဟင်းလင်းပြင်အနားစပ်သို့ လွှတ်တင်၍ လေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

နေကြတ်စဉ် ကာလအတွင်း ကမ္ဘာမြေပေါ်ကျလာသည့် လရိပ်သည် တစ်နာရီလျှင် အနိမ့်ဆုံးမိုင် ၁၅၀၀ နှုန်းဖြင့် ရွေ့လျားခဲ့ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် ၂၀၁၇ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် နေကြတ်မှုဖြစ်စဉ်ကိုလည်း WB 57 ဂျက်လေယာဉ်များဖြင့် လေ့လာခဲ့ဖူးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီက Starship အာကာသဒုံးပျံယာဉ်၏ ဒုံးအင်ဂျင် ၃၃ လုံးကို စမ်းသပ်စက်နှိုးခဲ့

**ဝါရှင်တန် ဧပြီ ၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်၏ ဒုံးအင်ဂျင် ၃၃ လုံးကို စမ်းသပ်စက်နှိုးခဲ့ကြောင်း ဧပြီ ၈ ရက် သတင်းများအရ သိရသည်။

Starship အာကာသ ဒုံးပျံယာဉ် ဒုံးအင်ဂျင် ၃၃ လုံးစမ်းသပ်မှုကို ဧပြီ ၁ ရက်တွင် တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ် အာကာသစခန်းပစ်စင်၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

Space-X ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်ကို ယခုနှစ် မေလအတွင်း စတုတ္ထအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။



Space-X ကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်ကို ၂၀၂၃ ခုနှစ် ဧပြီလနှင့် နိုဝင်ဘာလတွင်လည်းကောင်း၊ ယခုနှစ် မတ်လတွင်လည်းကောင်း စမ်းသပ် လွှတ်တင်ခဲ့ပြီးဖြစ်သည်။

ပထမအကြိမ် စမ်းသပ်မှုနှင့် ဒုတိယအကြိမ် စမ်းသပ်မှုတို့မှာ အောင်မြင်ခြင်း မရှိခဲ့သော်လည်း တတိယအကြိမ် စမ်းသပ်မှုတွင် Starship ဒုံးပျံယာဉ်သည် ကမ္ဘာပတ်လမ်းထိ တက်ရောက်နိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့်လကမ္ဘာဆီသို့ လူသားများ စေလွှတ်ရေးအတွက် Starship ဒုံးပျံယာဉ်များ တည်ဆောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ခုနစ်နှစ်တာကာလအတွင်း နေအပြည့်ကြတ်မှုဖြစ်စဉ် မြောက်အမေရိက၌ပေါ်ပေါက်ခဲ့ရာ လူသန်းပေါင်းများစွာ စောင့်ကြည့်နိုင်ခဲ့

**ဝါရှင်တန် ဧပြီ ၉**

၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ခုနစ်နှစ်တာ ကာလအတွင်း ပထမဆုံး နေအပြည့်ကြတ်မှုဖြစ်စဉ်သည် ဧပြီ ၈ ရက်တွင် မြောက်အမေရိက၌ ပေါ်ပေါက်ခဲ့ရာ လူသန်းပေါင်းများစွာတို့ နေကြတ်မှုဖြစ်စဉ်ကို စောင့်ကြည့်နိုင်ခဲ့ကြကြောင်း သိရသည်။

ဧပြီ ၈ ရက် နေအပြည့်ကြတ်မှုဖြစ်စဉ်အတွင်း နေ၏အလင်းရောင်နှင့် အပူဓာတ်တို့ကို လကဖုံးကွယ်ထားမှုကြောင့် အမေရိကန်နိုင်ငံ နေရာအတော်များများတွင် တစ်ခဏမျှ အမှောင်ကျခဲ့သည်။

ဧပြီ ၈ ရက် နေအပြည့်ကြတ်မှုဖြစ်စဉ်ကြောင့် မြောက်အမေရိကဒေသတွင် နေ့အပူချိန်မှာ ကိုးဒီဂရီဆဲလ်စီးယပ်စ်ကျဆင်းခဲ့ရပြီး အပင်နှင့်တိရစ္ဆာန်များကလည်း နေကြတ်မှုဖြစ်စဉ်ကို တုံ့ပြန်ခဲ့ကြသည်။

ဧပြီ ၈ ရက် နေကြတ်မှုဖြစ်စဉ်ကို အမေရိကန်နိုင်ငံအပြင် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှပြည်သူများလည်း မြင်တွေ့ခဲ့ကြရသည်။

ဧပြီ ၈ ရက်နေကြတ်မှုဖြစ်စဉ်အတွင်း ယာယီမျှအမှောင်ကျခဲ့သည့် အမေရိကန်ပြည်နယ်များထဲတွင် မစ်ချီဂန်၊ အာကင်းဆပ်၊ အိုကလာဟိုးမား၊ ပင်ဆယ်ဗေးနီးယား၊ ဘားမွန့်၊ နယူးယောက် စသည့်ပြည်နယ်များ ပါဝင်သည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၁ ရက်ကလည်း နေအပြည့်ကြတ်မှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ပြီး ခုနစ်နှစ်တာကာလအကြာ ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်တွင် နေအပြည့်ကြတ်မှုဖြစ်စဉ် ထပ်မံဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## အသက်ငယ်ရွယ်သူများကြား ကင်ဆာရောဂါဖြစ်ပွားမှုမြင့်တက်ခြင်းက အိုမင်းမှုမြန်လာခြင်းနှင့်ဆက်စပ်နေ

**နယူးယောက် ဧပြီ ၉**

အသက်ငယ်ရွယ်သူများကြား ကင်ဆာရောဂါပုံစံတချို့ ဖြစ်ပွားမှုမြင့်တက်လာခြင်းသည် လူငယ်များ၏ ဇီဝသက်တမ်းအိုမင်းမှုမြန်လာခြင်းနှင့် ဆက်စပ်နေဖွယ်ရှိကြောင်း ဧပြီ ၈ ရက် သတင်းများအရ သိရသည်။

အသက်အရွယ်ကြီးရင့်မှုသည် ကင်ဆာရောဂါအများအပြား၏ အဓိကရောဂါနောက်ခံအကြောင်းတရားဖြစ်ပြီး အသက်ကြီးလာလေလေ ကင်ဆာရောဂါဖြစ်နိုင်ခြေလည်း မြင့်တက်လာလေလေဖြစ်ကြောင်း သိရသည်။

ကင်ဆာရောဂါကို သက်ကြီးရောဂါအဖြစ် သိထားကြသည့်တိုင် ပြီးခဲ့သည့်နှစ်များအတွင်း အသက်ငယ်ရွယ်သူများကြားတွင်လည်း ကင်ဆာရောဂါဖြစ်ပွားမှုများ မြင့်တက်လာခဲ့သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ငယ်ရွယ်သူများကြား ကင်ဆာရောဂါများဖြစ်ပွားမှုမြင့်တက်လာခြင်းသည် ဇီဝသက်တမ်းအိုမင်းမှု ပုံမှန်ထက်မြန်ဆန်လာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၃၇ နှစ်နှင့် ၅၄ နှစ်ကြား လူပေါင်း ၁၄၀၀၀၀ ကျော်တို့၏ ဇီဝသက်တမ်းအိုမင်းမှုပုံစံများနှင့် ၎င်းတို့ကြား ကင်ဆာရောဂါဖြစ်ပွားနှုန်းတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ဇီဝသက်တမ်းအိုမင်းမှုပိုမြန်နေသူများတွင် အဆုတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆ၊ အစာပြွန်ကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၆၀ ရာခိုင်နှုန်းနှင့် သားအိမ်ကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၈၀ ရာခိုင်နှုန်း အသီးသီးမြင့်မားသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Piezo-1 ပရိုတင်းတစ်မျိုးက ပန်းနာရင်ကျပ်ရောဂါကုထုံးသစ် ဖြစ်လာနိုင်

**နယူးယောက် ဧပြီ ၉**

အဆုတ်အင်္ဂါအတွင်းရှိ ခုခံအားစနစ်ဆဲလ်များကို ပိတ်ပင်နိုင်သော Piezo-1 ပရိုတင်းတစ်မျိုးသည် ပန်းနာရင်ကျပ်ရောဂါကုထုံးသစ်အတွက် သော့ချက်ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဧပြီ ၈ ရက် သတင်းများအရ သိရသည်။

Piezo-1 အမည်ရှိ သဘာဝအလျောက် ပေါ်ထွက်လာတတ်သည့် ပရိုတင်းတစ်မျိုးသည် ILC 2S အမည်ရှိ ခုခံအားဆဲလ်တစ်မျိုး၏ လုပ်ငန်းလည်ပတ်မှုကို ပိတ်ပင်နိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Yoda-1 အမည်ရှိ စမ်းသပ်ဆဲဆေးဝါးတစ်မျိုးသည် Piezo-1 ပရိုတင်းများထိန်းချုပ်ပေးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လက်ရှိအချိန်တွင် Yoda-1 ဆေးကို ဓာတ်ခွဲခန်းအတွင်း ကြွက်များဖြင့် စမ်းသပ်မှုများပြုလုပ်လျက်ရှိသည်။

ဓာတ်ခွဲခန်း စမ်းသပ်မှုရလဒ်များအရ Piezo-1 ပရိုတင်းကိုထိန်းချုပ်လိုက်ချိန်တွင် ကြွက်များ၏ ILC 2S ခုခံအားစနစ်ဆဲလ်များ တုံ့ပြန်မှု ပိုအားကောင်းလာတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အေစီမီလန်အသင်းက ပူလီဆစ်ကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်

**မီလန် ဧပြီ ၉**

အေစီမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ပူလီဆစ်ကို ကာလရှည်ဆက်လက် ထိန်းသိမ်းရန်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ပူလီဆစ်သည် ၂၀၂၃ ခုနှစ် နွေရာသီက ချဲလ်ဆီးအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ပါဝင်ကစားခဲ့သည့် ပြိုင်ပွဲစုံတွင်သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့ကာ ပထမဆုံး ပွဲဦးထွက်ဘောလုံးရာသီတွင် အသင်းအတွက် ခြေစွမ်းပြသ နိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ၎င်း၏ ခြေစွမ်းပိုင်းကို ဂုဏ်ပြုလိုသည့်အတွက် သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ထို့ပြင် ပူလီဆစ်အနေဖြင့် အေစီမီလန်အသင်းအား အမှတ်ပေးဇယား အဆင့်(၂)နေရာသို့ ရောက်ရှိအောင် ၎င်း၏ သွင်းဂိုးများဖြင့် ကူညီပေးနိုင်ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်ထိ ရောက်ရှိအောင် အသင်းနှင့် ခြေစွမ်းပြနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက လာမည့် ၂၀၂၇ ခုနှစ်မှ သက်တမ်းကုန်ဆုံးမည့် ပူလီဆစ်ကို တစ်နှစ်သက်တမ်းတိုးရန် စာချုပ်သစ်ကမ်းလှမ်းခဲ့ပြီး ကစားသမားကလည်း စာချုပ်သစ်ကို လက်ခံသွားမည်ဖြစ်သောကြောင့် ၂၀၂၈ ခုနှစ်ထိ အေစီမီလန်အသင်းတွင် ဆက်ရှိနေမည်ဖြစ်သည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး ပူလီဆစ်က အီတလီတွင်ကစားရသည့် အေစီမီလန်ကစားသမားဘဝသည် ဂျာမနီနှင့် အင်္ဂလန်တို့တွင် ကစားခဲ့ရသည်ထက် ပိုမိုကောင်းမွန်ကြောင်း ပြောကြားခဲ့ပြီး လက်ရှိတွင် ၎င်းအနေဖြင့် အသင်း၏ ခြေစွမ်းပြ ကစားသမားများဖြစ်သည့် ရာဖေးလီအို၊ ဂီရော့ဒ်၊ တစ်နိုင်ငံတည်းသား မူဆာတို့နှင့်အတူ ပရိသတ်များ၏ အားပေးထောက်ခံမှုကို ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



### အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းက ဆော်ဒီကလပ် အယ်အီးသီဟတ်အသင်း စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ဆာလာဟ်ကို စတာလင်ပေါင် သန်း ၇၀ ဖြင့်ရောင်းချ၍ ၎င်း၏နေရာတွင် ခြေစွမ်းပြကစားတစ်ဦးဖြင့် အစားထိုးသွားရန် စဉ်းစားနေကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းက လာဇီယိုအသင်း တောင်ပံကစားသမား အန်ဒါဆန်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- ဂျူဗင်တပ်အသင်းက အသင်းမှထွက်ခွာရန် စီစဉ်နေသည့် နည်းပြ အယ်လီဂရီ၏နေရာတွင် ဘိုလော့ဂ်နာနည်းပြ မော်တာနှင့် အစားထိုးရန်စီစဉ်ထားသော်လည်း ခေါ်ယူနိုင်ခြင်းမရှိပါက နည်းပြကွန်တီကို ကမ်းလှမ်းမှု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ML**

# ဆော်ဒီစူပါဖလားပြိုင်ပွဲတွင် အမြန်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် တိုက်စစ်မှူး ဘင်ဇီးမားမှတ်တမ်းဝင်





**ရီယာဒ် ဧပြီ ၉**

ဆော်ဒီစူပါဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အယ်အီးသီဟတ်အသင်းနှင့် အယ်ဟီလာလ်ဒါအသင်းတို့ ကစားခဲ့ရာ အယ်အီးသီဟတ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဘင်ဇီးမားသည် အမြန်ဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခင်က ဆော်ဒီစူပါဖလားသမိုင်းတွင် အယ်ဖာတက်တိုက်စစ်မှူး ဒီရစ်ဆာလိုမိုက ၂၀၁၃ ခုနှစ်တွင် အမြန်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ယခုပွဲစဉ်တွင် တိုက်စစ်မှူးဘင်ဇီးမားက ပွဲကစားချိန် ၅၅ စက္ကန့်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် စူပါဖလားသမိုင်းတွင် အမြန်ဆုံးဂိုးသွင်းယူနိုင်သူ ဖြစ်လာခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဘင်ဇီးမားသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာမကြာခဏ ရရှိနေသည့်အပြင် အသင်းနှင့် အဆင်မပြေမှုများကြောင့် ပုံမှန်ပွဲကစားခွင့်မရရှိခဲ့သော်လည်း ပြိုင်ပွဲစုံ ၂၀ ပါဝင်ခဲ့ရာတွင် အသင်းအတွက် သွင်းဂိုးကိုးဂိုးထိ သွင်းယူနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အယ်အီးသီဟတ်အသင်းက အိမ်ရှင်အားသာချက်ဖြင့် ပွဲစကတည်းက ဖိအားပေးခဲ့သောကြောင့် ပွဲကစားချိန် ၅၅ စက္ကန့်တွင် ဘင်ဇီးမား၊ ပွဲချိန် ၄၂ မိနစ်တွင် ဟမ်ဒယ်လာဟ်တို့က ဦးဆောင်ဂိုးများသွင်းယူ၍ ပြိုင်ပွဲကို ဦးဆောင်ခဲ့သော်လည်း အယ်ဟီလာလ်ဒါအသင်းက ပွဲကစားချိန် ၉၁ မိနစ်တွင် ပင်နယ်တီအခွင့်အရေးရရှိခဲ့ပြီး လွဲချော်ခဲ့သော်လည်း ပွဲချိန် ၉၇ မိနစ်တွင် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် ပြီးဆုံးခဲ့သည်။

ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည့် အယ်အီးသီဟတ်အသင်းသည် အခြားဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် အယ်နာဆာအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အယ်ဟိုင်လာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို လာမည့် ဧပြီ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဝက်စ်ဟမ်း ကွင်းလယ်ကစားသမား ပါကွီတာကို ခေါ်ယူရန် မန်စီးတီးအသင်း ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိ

**မန်ချက်စတာ ဧပြီ ၉**

လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာကိုခေါ်ယူရန် ပြင်ဆင်နေသည့် မန်စီးတီးအသင်းက ကစားသမားနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်နှစ် နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ကွင်းလယ်ကစားသမား ပါကွီတာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈၅ သန်းဖြင့် ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းနှင့် သဘောတူညီမှု ရရှိခဲ့သော်လည်း ကစားသမားအနေဖြင့် လောင်းကစားဥပဒေ ချိုးဖောက်ခဲ့သည့် စွပ်စွဲချက်ဖြင့် အက်ဖ်အေ၏ အရေးယူမှုကို ခံခဲ့ရသောကြောင့် မန်စီးတီးအသင်းက ခေါ်ယူမည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားအနေဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် မန်စီးတီးအသင်းကလည်း ရောင်းချသွားမည်ဖြစ်ပြီး ကွင်းလယ်ပိုင်း ပြန်လည်ဖြည့်တင်းရန်အတွက် ပါကွီတာကို ခေါ်ယူရန် စီစဉ်ခဲ့ကာ ကစားသမားနှင့် သဘောတူညီမှုရယူခဲ့ကြောင်း သိရသည်။

ပါကွီတာသည် ဝက်စ်ဟမ်းအသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းနှင့်ပါဝင်ခဲ့သည့် ပြိုင်ပွဲစုံ ၇၇ ပွဲတွင် သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဝက်စ်ဟမ်းအသင်းအတွက် ပြိုင်ပွဲစုံသွင်းဂိုး ရှစ်ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုကိုခံခဲ့ရပြီး မန်စီးတီးအသင်းက ၎င်းကိုခေါ်ယူရန် လက်ဦးမှုရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# UFC ကစားသမား နိတ်ဒီယက်ဇ်နှင့် မက်ဗီဒယ်လ်တို့ လက်ဝှေ့လောကတွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်

**ဝါရှင်တန် ဧပြီ ၉**

အမေရိကန် နာမည်ကြီး UFC ကစားသမားများဖြစ်ကြသည့် နိတ်ဒီယက်ဇ်နှင့် မက်ဗီဒယ်လ်တို့သည် UFC လောကမှ အနားယူပြီးနောက် လက်ဝှေ့လောကသို့ ကူးပြောင်းရန် ပြင်ဆင်နေကြပြီး ပွဲဦးထွက်အနေဖြင့် ၎င်းတို့နှစ်ဦး လက်ဝှေ့လောကတွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း မက်ဗီဒယ်လ်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နိတ်ဒီယက်ဇ်နှင့် မက်ဗီဒယ်လ်တို့သည် ကယ်လီဖိုးနီးယားပြည်နယ် အင်ဂယ်ဝုဒ်မြို့တွင် ဇွန် ၁ ရက်၌ ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ပြီး ၁၀ ချီစနစ်ဖြင့် ထိုးသတ်သွားမည်ဖြစ်သည်။

UFC လောကတွင် ကျင်လည်ခဲ့စဉ်က နိတ်ဒီယက်ဇ်နှင့် မက်ဗီဒယ်လ်တို့သည် BMF ချန်ပီယံခါးပတ်အတွက် ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးပြီးယင်းပွဲစဉ်တွင် မက်ဗီဒယ်လ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် နိတ်ဒီယက်ဇ်က မျက်ခုံးကွဲသွားခဲ့ပြီး ဆရာဝန်မှတ်ချက်ကြောင့် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်သွားခဲ့သည်။

နိတ်ဒီယက်ဇ်နှင့် မက်ဗီဒယ်လ်တို့ပွဲစဉ်မှာ ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး UFC လောကတွင် ထိုးသတ်ခဲ့စဉ် ရှုံးနိမ့်ခဲ့ရသော ရှုံးကြွေးကို လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်ဆပ်သွားမည်ဖြစ်ကြောင်း နိတ်ဒီယက်ဇ်က ပြောကြားခဲ့သည်။



မက်ဗီဒယ်လ်က "နိတ်ဒီယက်ဇ်နဲ့ UFC မှာ ထိုးသတ်ခဲ့စဉ်က သူပြောခဲ့တဲ့စကားတွေကို ကျွန်တော်မမေ့သေးပါဘူး။ ကျွန်တော်သူ့ကိုအလဲထိုးချင်တယ်။ UFC မှာတုန်းက ဒိုင်ကယ်လို့ ကျွန်တော်သက်သာသွားတယ်လို့ သူပြောခဲ့တယ်။ ပွဲစဉ်ကို လာရောက်ကြည့်ရှုတဲ့ပရိသတ်တိုင်း ဘယ်သူပိုသာခဲ့သလဲဆိုတာ အားလုံးမြင်တယ်။ ကျွန်တော်နဲ့ သူ့အကြားမှာ ကွဲကွဲပြားပြားအဖြေပေါ်အောင် ဖြေရှင်းရမဲ့ကိစ္စရှိနေတယ်။ အခု လက်ဝှေ့ကြိုးဝိုင်းထဲမှာ ပြန်တွေ့ကြမယ်။ ကျွန်တော်သူ့ကို သေချာပေါက် အဆုံးသတ်ပေးနိုင်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# ဧပြီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာဖူဆယ်အသင်း ကမ္ဘာ့အဆင့် (၆၉) နေရာ၌ ရပ်တည်



**ရန်ကုန် ဧပြီ ၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဧပြီလအတွက် လက်ရွေးစင်ဖူဆယ်အသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ကိုးဆင့်ထိမြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့် (၆၉)နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလမှစတင်ပြီး ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC Futsal Asian Cup 2024 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး မတ်လနှင့် ယခုလတို့တွင် နိုင်ငံတကာခြေစမ်းပွဲစဉ်များ ကစားခဲ့ရာ ရလဒ်ကောင်းများ ရရှိခဲ့သည့်အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်လည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ပြီးခဲ့သည့်မတ်လက အာဖဂန်နစ္စတန်အသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲစဉ်နှစ်ပွဲကစားခဲ့ပြီး ပထမပွဲစဉ်တွင် ခြောက်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် လေးဂိုးနှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရရှိခဲ့ကာ ယခုလတွင် ထိုင်းနိုင်ငံ၌ ကူဝိတ်အသင်းနှင့် ပွဲစဉ်တွင်လည်း လေးဂိုး နှစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၈၈၂ မှတ်ထိ ရရှိခဲ့သဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ကိုးဆင့်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ဧပြီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ အာရှဇုန်တွင် အီရန်အသင်းက အာရှအဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိနေပြီး မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အာရှဇုန်တွင် အဆင့်(၁၅)နေရာ၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။ **STA**

# The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တိုက်ဂါးဝုဒ် ပါဝင်ယှဉ်ပြိုင်သွားမည်

**ဩဂတ်စတာ ဧပြီ ၉**

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဩဂတ်စတာမြို့တွင် ကျင်းပသွားမည့် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တိုက်ဂါးဝုဒ်သည် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၂၄ ကြိမ်တိုင်တိုင် ပါဝင်ယှဉ်ပြိုင်ကစားထားသည့် ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၃ ကြိမ်အထိ Cut စာရင်းတွင် ပါဝင်နိုင်အောင် ကစားထားနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။

ယခုနှစ်တွင်လည်း Cut စာရင်းဝင်ခဲ့ပါက ၂၄ ကြိမ်တိုင်တိုင် Cut စာရင်းဝင်ထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်မည်ဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ဒဏ်ရာကြောင့် ၂၀၂၂ ခုနှစ်မှ စတင်၍ ပြိုင်ပွဲအများစုဖြင့် လွဲချော်ခဲ့ရသော်လည်း The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နှစ်စဉ်နှစ်တိုင်း ပါဝင်ယှဉ်ပြိုင်ထားသူဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ၎င်း၏ ကစားသမားဘဝ သက်တမ်းတစ်လျှောက် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲအား အခြားသော ပြိုင်ပွဲများထက် အလေးထားသူဖြစ်သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် လက်ရှိအခြေအနေတွင်လည်း ဘယ်ဘက်ခြေချင်းဝတ်မှာ ပြင်းပြင်းထန်ထန် လှုပ်ရှား၍မရသေးဘဲ The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသည့် အတွက်ကြောင့်သာ ပြိုင်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# လီဗာပူးက နည်းပြအမိုရင်ကိုသုံးနှစ်စာချုပ်ဖြင့် ခန့်အပ်ရန်ပြင်ဆင် စာချုပ်လျှော်ကြေးအတွက် ညှိနှိုင်းမှုများပြုလုပ်

**လန်ဒန် ဧပြီ ၉**

လီဗာပူးအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည့် နည်းပြကလော့ပ်၏နေရာတွင် အစားထိုးရန်အတွက် စပိုတင်းလစ္စဘွန်းအသင်း နည်းပြအမိုရင်ကို သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်ရန် နီးစပ်လျက်ရှိနေပြီး နောက်ဆုံးအဆင့် စာချုပ်လျှော်ကြေးအတွက် ညှိနှိုင်းမှုများလုပ်ဆောင်နေကြောင်း သိရသည်။

နည်းပြကလော့ပ်သည် လီဗာပူးအသင်းကို ပြီးခဲ့သည့် ၂၀၁၅ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ကိုးနှစ်တာကာလအတွင်း အသင်းကို ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလားအပါအဝင် ဆုဖလားများစွာကို ဆွတ်ခူးပေးနိုင်ခဲ့ကာ အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသော်လည်း မိသားစုကို အချိန်ပေးလိုသည့် အကြောင်းပြချက်ဖြင့် ယခုနှစ် ဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာမည်ဖြစ်သည်။

လီဗာပူးအသင်းသည် အစောပိုင်းက နည်းပြသစ်အဖြစ် လေဗာကူဆင်အသင်းနည်းပြ အလွန်ဆိုကို ခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း အလွန်ဆိုက ကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး လေဗာကူဆင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ လက်တွဲရန် ဆုံးဖြတ်ခဲ့သည့်အတွက် နည်းပြအမိုရင်ကို ခန့်အပ်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြအမိုရင်သည် စပိုတင်းလစ္စဘွန်းအသင်းကို ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပြည်တွင်းဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်း တာဝန်ရှိသူများက ပြီးခဲ့သည့်ရက်ပိုင်းမှစတင်ပြီး နည်းပြအမိုရင်ကို ခန့်အပ်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် လက်ရှိတွင် အမိုရင်နှင့် သုံးနှစ်စာချုပ်အတွက် သဘောတူညီမှု ရရှိခဲ့သော်လည်း စပိုတင်းလစ္စဘွန်းအသင်းနှင့် နည်းပြအမိုရင်တို့ စာချုပ်ပါ အချက်အလက်များအရ စာချုပ်ဖျက်သိမ်းကြေး ယူရိုသန်း ၂၀ သတ်မှတ်ထားသည့်အတွက် လီဗာပူးအသင်းက ယူရို ၁၀ သန်းသာ ပေးချေလိုသောကြောင့် စပိုတင်းလစ္စဘွန်းအသင်းမှ တာဝန်ရှိသူများနှင့် စာချုပ်ဖျက်သိမ်းကြေးကို ဆက်လက်ညှိနှိုင်းမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**Ref : RT**

**Trs : STA**

# Monte-Carlo Masters ပြိုင်ပွဲ ဒုတိယအဆင့်သို့ ကာချန်နော့ဗ်တက်ရောက်



**မွန်တီကာလို ဧပြီ ၉**

ပြင်သစ်နိုင်ငံ မွန်တီကာလိုမြို့တွင်ကျင်းပနေသည့် Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား ကာချန်နော့ဗ်နှင့် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်နော်ရီတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ကာချန်နော့ဗ်က (၇-၅၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကာချန်နော့ဗ်အနေဖြင့် ပထမပွဲငယ်တွင် စပေးဘောပေးရာ၌ အမှားအယွင်းတချို့ ရှိခဲ့သည့်အတွက် ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရခဲ့သင့်သော်လည်း tie-break အဆင့်အထိ ကစားခဲ့ရပြီး ဒုတိယပွဲငယ်သည်လည်း အကြိတ်အနယ်ရှိခဲ့ကာ ကင်မရွန်နော်ရီက စပေးဘောနှစ်ကြိမ် မှားခဲ့သည့်အတွက် tie-break အဆင့်အထိ ကစားသွားခဲ့ရသည်။

ကာချန်နော့ဗ်က "ကင်မရွန်နဲ့က ပြိုင်ပွဲတော်တော်များများစုံခဲ့ဖူးတယ်။ ကစားရခက်တဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ အခုဒီပွဲစဉ်မှာလဲ ခက်ခက်ခဲခဲကစားခဲ့ရတယ်။ ပွဲငယ်နှစ်ပွဲစလုံးမှာ tie-break အဆင့်အထိ ကစားခဲ့ရတယ်။ ပထမပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ အမှားလေးတွေရှိခဲ့တယ်။ စပေးဘောပေးတဲ့နေရာမှာ နှစ်ကြိမ်အထိမှားခဲ့တယ်။ မလိုအပ်ဘဲ အမှတ်တွေဆုံးရှုံးခဲ့ရတယ်။ ဒုတိယပွဲငယ်မှာတော့ ကင်မရွန်နဲ့လဲ စပေးဘောပေးတာ မှားခဲ့တယ်။ ဒီလိုခက်ခဲတဲ့ပွဲစဉ်ကို အနိုင်ရအောင်ကစားနိုင်ခဲ့ပြီး ဒုတိယအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ကာချန်နော့ဗ်သည် ကင်မရွန်နော်ရီအား အနိုင်ရရှိခဲ့ပြီးနောက် ဒုတိယအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား စီရန်ဒိုလိုနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ကွင်းလယ်ဒိုင်အား ရန်လိုသည့်အပြုအမူကြောင့် စီရော်နယ်ဒို ထပ်တိုးပွဲပယ်ချမှတ်ခံရဖွယ်ရှိ

**ရီယာဒ် ဧပြီ ၉**

အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုသည် ဆော်ဒီစူပါဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် အယ်နာဆာအသင်းနှင့် အယ်ဟိုင်လာအသင်းတို့ပွဲစဉ်တွင် အနီကတ်ပြသခံခဲ့ရသည့်အပြင် ကွင်းလယ်ဒိုင်လူကြီးကို ရန်လိုသည့်အပြုအမူကြောင့် ထပ်တိုးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေသည်။

အယ်ဟိုင်လာအသင်းက အယ်နာဆာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူ၍ ဆော်ဒီစူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့်ပွဲစဉ်၏ ပွဲချိန် ၈၆ မိနစ်တွင် စီရော်နယ်ဒိုသည် ဘောလုံးကောက်ယူစဉ် အယ်ဟိုင်လာအသင်းမှ ဘူလာဟီက နှောင့်ယှက်မှုပြုလုပ်ခဲ့သည့်အတွက် စီရော်နယ်ဒိုက တံတောင်ဖြင့် တိုက်ခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခဲ့သည်။

စီရော်နယ်ဒိုသည် အနီကတ်ပြသခံခဲ့ရသည့်အချိန်တွင် ကွင်းလယ်ဒိုင်လူကြီးအား ရန်လိုသည့် အပြုအမူဖြင့် လက်သီးဖြင့် ထိုးရန်ပြုမူခဲ့သည့်အတွက် အနီကတ်ပြစ်ဒဏ်အပြင် နောက်ထပ် ထပ်တိုးပြစ်ဒဏ်ပါ ချမှတ်ခံရဖွယ်ရှိနေခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၁၂ ကြိမ်မြောက် အနီကတ်ပြသခံခဲ့ရခြင်းဖြစ်ပြီး မန်ယူအသင်းတွင် ကစားစဉ်က လေးကြိမ်၊ ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားစဉ်က ခြောက်ကြိမ်၊ ဂျူဗင်တပ်အသင်းတွင် ကစားခဲ့စဉ်က တစ်ကြိမ်နှင့် လက်ရှိ အယ်နာဆာအသင်းတွင် တစ်ကြိမ်ပြသခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# ပင်လယ်ရေကြောင်းစွမ်းဆောင်ရည် အရှိန်မြှင့်တင်တည်ဆောက်လျက်ရှိသော တရုတ်နိုင်ငံ

လက်ရှိအချိန်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)သည် စစ်ရေယာဉ်အစီး ၃၇၀ ကျော် တပ်တော်သွင်းပြီးဖြစ်သည့်အတွက် အမေရိကန်ရေတပ်ထက် အရွယ်အစားပိုမိုကြီးမားလာပြီဖြစ်သည်။ ထို့ပြင် လာမည့်နှစ်များအတွင်း တရုတ်နိုင်ငံသည် လက်ရှိနှုန်းထားအတိုင်း စစ်ရေယာဉ်များဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် အစီး ၄၅၀ ကျော်ထိ ရောက်ရှိလာမည်ဖြစ်ပြီး အမေရိကန်ရေတပ်နှင့်ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့၏ စုစုပေါင်းအင်အားထက် ကျော်လွန်လာပြီဖြစ်သည်။

သို့သော် ပိုမိုကြီးမားသောကာကွယ်ရေးနှင့်စစ်ရေယာဉ်တည်ဆောက်မှုတို့ကို ထောက်ခံလိုခြင်းမရှိသည့် အနောက်တိုင်း စစ်ရေးလေ့လာသုံးသပ်သူများက အမေရိကန်နှင့် ဂျပန်တို့၏ရေတပ်များသည် နည်းပညာပိုင်းအရ ပိုမိုသာလွန်ပြီး ရန်သူကိုပိုမိုချေမှုန်းနိုင်သည်ဟု ပြောဆိုလျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်ပင်လယ်ရေကြောင်းနှင့် ရေတပ်ဆိုင်ရာပင်လယ်ရေကြောင်းစွမ်းအားကို ပေါင်းစည်းထားရှိပြီး တရုတ်ရေတပ်စွမ်းအားကို ခုခံနိုင်ရန်မျှော်မှန်းထားသည့် နည်းပညာသာလွန်သော ရေတပ်များအနေဖြင့် ပဋိပက္ခဖြစ်ပွားချိန်တွင် လွှမ်းမိုးထိန်းချုပ်မှုခံရဖွယ်ရှိနေသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်ရေတပ်၏ သမားရိုးကျ ဟန့်တားမှုစွမ်းဆောင်ရည်ကျဆင်းလာမှုစစ်တမ်းတစ်ခုထုတ်ပြန်ခဲ့ရာ အမေရိကန်စစ်ရေယာဉ်များအနေဖြင့် တရုတ်စစ်ရေယာဉ်များထက် အရွယ်အစားကြီးမားသည့်တိုင်အောင် တရုတ်ရေတပ်သည် အမေရိကန်ရေတပ်ထက် စစ်ရေယာဉ်အရေအတွက် သာလွန်လျက်ရှိသဖြင့် စစ်မြေပြင်တွင် စွမ်းဆောင်ရည်သာလွန်လျက်ရှိကြောင်း ဖော်ပြထားရှိသည်။

လက်ရှိအချိန်တွင် အမေရိကန်ရေတပ်သည် Burke အတန်းအစားဖျက်သင်္ဘော ၇၃ စီးသာရှိပြီး ၎င်းတို့အနက် သုံးပုံနှစ်ပုံခန့်ကို ပစိဖိတ်ဒေသတွင် တပ်ဖြန့်ချထားရသောကြောင့် တစ်နှစ်လျှင် ဖျက်သင်္ဘောအသစ် နှစ်စီးခန့်တည်ဆောက်ရလျက်ရှိသည်။ တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် ပဲ့ထိန်းဒုံးကျည်တင် ဖျက်သင်္ဘောအစီး ၅၀ ခန့်ရှိသော်လည်း ဂျင်နန်းနှင့် ဒါလင်းသင်္ဘောကျင်းများတွင် နှစ်စဉ်ဖျက်သင်္ဘောအသစ် ခြောက်စီးခန့် တည်ဆောက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ လက်ရှိနှုန်းထားအတိုင်း စစ်ရေယာဉ်များတည်ဆောက်သွားမည်ဆိုလျှင် လာမည့် ငါးနှစ်အတွင်း ခေတ်မီဖျက်သင်္ဘောအစီး ၈၀ ထိပိုင်ဆိုင်နိုင်တော့မည်ဖြစ်သည့်အတွက် အမေရိကန်ထက် ကျော်လွန်တော့မည်ဖြစ်သည်။

ထို့ပြင် တရုတ်သင်္ဘောတည်ဆောက်ရေးအခြေစိုက်စခန်းသည် စက်မှုလုပ်ငန်းဆိုင်ရာမကြုံစဖူးသောတစ်ပန်းသာမှုရှိနေပြီး သင်္ဘောတည်ဆောက်မှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ တရုတ်သင်္ဘောကျင်းများသည် အမေရိကန်နိုင်ငံထက် သင်္ဘောတည်ဆောက်မှုနှင့်ပြုပြင်မှုတို့ကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်နိုင်သည်။ အမေရိကန်သင်္ဘောတစ်စီးသည် တိုက်ပွဲအတွင်းပျက်စီးလျှင် တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် ချက်ချင်းပြုပြင်စွမ်းဆောင်နိုင်စွမ်းမရှိသည့်အပြင် သင်္ဘောတည်ဆောက်ရေး စက်မှုအခြေစိုက်လုပ်ငန်းအနေဖြင့်လည်း သင်္ဘောအသစ်တစ်စီးကို အလျင်အမြန်တည်ဆောက်သွားနိုင်စွမ်းမရှိပေ။ ထို့ကြောင့် တိုက်ပွဲအတွင်းပျက်စီးသွားသော သင်္ဘောတစ်စီးသည် စစ်နယ်ဝန်းအတွင်း အချိန်မီ တာဝန်ပြန်လည်ထမ်းဆောင်နိုင်စွမ်းမရှိတော့ပေ။

ထို့ပြင် တရုတ်နိုင်ငံသည် ၎င်း၏ပိုင်နက်နယ်မြေအတွင်းတိုက်ပွဲဆင်နွှဲရာ၌လည်း အားသာချက်များရှိနေသည်။ တရုတ်နိုင်ငံက နယ်မြေပိုင်ဆိုင်ကြောင်းအခိုင်အမာပြောဆိုထားသည့် ပိုင်နက်နယ်မြေများသည် အမေရိကန်၏မိတ်ဆွေနိုင်ငံများကို စိတ်ကသိကအောက်ဖြစ်စေလျက်ရှိသည်။ အမေရိကန်၏ မဟာမိတ်များသည် ပထမကျွန်းတန်းတွင် တည်ရှိနေသည်။ အထူးသဖြင့် ကျွန်းနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နှင့် ဂျပန်တို့သည် အမေရိကန်နှင့် အပြန်အလှန်ကာကွယ်ရေးစာချုပ်များ လက်မှတ်ရေးထိုးထားရှိပြီး တရုတ်(တိုင်ပေ)သည် အမေရိကန်နှင့် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်ကာလရှည်ကြာ ရပ်တည်လျက်ရှိသည်။



အမေရိကန်စစ်သင်္ဘောတစ်စီးသည် အဆိုပါရေပိုင်နက်များတွင်ဖြစ်ပွားသည့် တိုက်ပွဲအတွင်း ပျက်စီးခဲ့မည်ဆိုလျှင် ဂူအမ်၊ ပုလဲဆိပ်ကမ်း၊ ဟာဝိုင်အီ သို့မဟုတ် အမေရိကန် အနောက်ဘက်ကမ်းခြေသို့ ရွှေ့ပြောင်းသွားရန်လိုအပ်သည်။ သို့သော် ပျက်စီးမှုဖြစ်သော တရုတ်ရေတပ်စစ်ရေယာဉ်များကိုမူ အနီးအနားရှိ ဆိပ်ကမ်း သို့မဟုတ် တရုတ်အကြီးစားသင်္ဘောကျင်း ၁၉ ခုသို့သာ ဆွဲယူသွားရန်လိုအပ်ပေသည်။

ထို့ကြောင့် အမေရိကန်အနေဖြင့် အာရှရှိ ၎င်း၏ အဓိကမဟာမိတ်နိုင်ငံများဖြစ်သည့် တောင်ကိုရီးယားနှင့် ဂျပန်တို့တွင်လည်းကောင်း၊ ဥရောပဒေသရှိ အဓိကကျသောသင်္ဘောကျင်းများတွင်လည်းကောင်း သင်္ဘောတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများလုပ်ဆောင်နိုင်ရန် စီမံထားသင့်ကြောင်း စစ်ရေးလေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။ ထိုသို့ လုပ်ဆောင်သွားမည်ဆိုလျှင် စီးပွားရေးအရ တွက်ခြေကိုက်နိုင်သော်လည်း အဆိုပါသင်္ဘောကျင်းများသည် တရုတ်ဒုံးကျည်များနှင့် လေယာဉ်များ၏ ခြိမ်းခြောက်မှုအောက်တွင် ရောက်ရှိလျက်ရှိသည်။

ထို့ကြောင့် အမေရိကန်အနေဖြင့် စစ်ရေယာဉ်များပြင်ဆင်နိုင်မှုစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် မဟာဗျူဟာမြောက် ပထဝီအနေအထားတွင်ရှိသည့် သြစတြေးလျနိုင်ငံနှင့် AUKUS သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ဖွယ်ရာရှိသည်။ အမေရိကန်အနေဖြင့် မိုက်ခရိုနီးရှား၊ မာရှယ်ကျွန်းစုနှင့် ပလာအူစသည့် လွတ်လပ်သောအဖွဲ့စာချုပ်လက်မှတ်ရေးထိုးထားသည့်နိုင်ငံများတွင်လည်း စစ်ရေယာဉ်ပြင်ဆင်မှုစွမ်းဆောင်ရည်တည်ဆောက်သွားနိုင်ရေး နည်းလမ်းရှာဖွေသွားသင့်ပေသည်။ အဆိုပါကျွန်းနိုင်ငံတချို့သည် တရုတ်၏ခြိမ်းခြောက်မှုစက်ဝန်းပြင်ပတွင် တည်ရှိနေသောကြောင့်ပင်ဖြစ်သည်။

အမေရိကန်သည် လက်ရှိအချိန်တွင် စစ်ရေယာဉ်တည်ဆောက်မှုစွမ်းဆောင်ရည်ပိုင်းတွင် တရုတ်နိုင်ငံထက် နောက်ကျကျန်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ပင်လယ်ရေကြောင်းဆိုင်ရာ စွမ်းဆောင်ရည်ပိုင်းတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံအဖြစ် ဦးဆောင်နေပြီဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ပစိဖိတ်အနောက်ပိုင်းဒေသတွင် လွှမ်းမိုးမှုတည်ဆောက်နိုင်ရေးအတွက် ပြည်တွင်းအပြင် ၎င်း၏မဟာမိတ်နိုင်ငံများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားနိုင်သည့် နည်းလမ်းများရှိနေသည်။

အမေရိကန်ကွန်ကရက်အနေဖြင့် တိုင်းပြည်၏ သင်္ဘောတည်ဆောက်မှုနှင့် ပြုပြင်မှုစွမ်းဆောင်ရည် ခေတ်မီအဆင့်မြှင့်တင်ရန်နှင့် တိုးချဲ့မှုများလုပ်ဆောင်နိုင်မည့် ၂၀၂၂ ခုနှစ် Chips Act နှင့်အညီ Ships Act ကိုလည်း ရေးဆွဲပြဋ္ဌာန်းသွားသင့်ပေသည်။ အဆိုပါကြိုးပမ်းမှု တစ်စိတ်တစ်ဒေသအဖြစ် အမေရိကန်အနေဖြင့် ၎င်း၏သင်္ဘောကျင်းများတွင် နိုင်ငံခြားသင်္ဘောတည်ဆောက်သူများထံမှ ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာစေရန် တံခါးဖွင့်ထားသင့်ပေသည်။ အမေရိကန်အနေဖြင့် ပြည်ပသင်္ဘောကျင်းများတွင် ပြုပြင်တည်ဆောက်နိုင်မှုစွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်လည်း နည်းလမ်းရှာဖွေသွားသင့်ပေသည်။ အထူးသဖြင့် အဆိုပါသင်္ဘောကျင်းများကို အကာအကွယ်ပေးနိုင်ရန် အဆင့်မြှင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များ ထောက်ပံ့ကူညီသွားသင့်ပေသည်။ လက်ရှိအချိန်တွင် ခြိမ်းခြောက်မှုသည် နီးကပ်လာပြီး အမှန်တကယ်ဖြစ်လာတော့မည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် သင်္ဘောကျင်းများတွင် စက်မှုလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ခြင်းသည် အမျိုးသားရေးဦးစားပေးလုပ်ငန်းတာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

တရုတ်နိုင်ငံသည် တိုက်ပွဲဝင်စစ်ရေယာဉ် တည်ဆောက်မှုစွမ်းဆောင်ရည်ပိုင်းတွင် အမေရိကန်ထက် ၂၃၂ ဆကျော် သာလွန်ကြောင်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် စစ်ရေယာဉ်အစီး ၄၄၀ ထိပိုင်ဆိုင်လာမည်ဖြစ်ပြီး အမေရိကန်အနေဖြင့် ၂၉၂ စင်းသာပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း အမေရိကန်ထောက်လှမ်းရေးသတင်းအချက်အလက်များ၌ ဖော်ပြထားသည်။ တရုတ်နှင့်အမေရိကန်ကြား သင်္ဘောတည်ဆောက်မှုစွမ်းဆောင်ရည်ပိုင်ဆိုင်မှုများကြား မဟာဗျူဟာမြောက်ကွာဟချက်သည် အမေရိကန်၏စစ်ရေးဆိုင်ရာအသင့်ဖြစ်မှုနှင့်ကမ္ဘာလုံးဆိုင်ရာ အာဏာဖြန့်ကြက်မှုအပေါ် စိန်ခေါ်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ ကုန်တင်သင်္ဘောနှင့်စစ်သင်္ဘောများ တည်ဆောက်နိုင်စွမ်းရှိသော တရုတ်သင်္ဘောကျင်းများသည် ပေကျင်း၏ ပင်လယ်ရေကြောင်းစွမ်းအားနှင့် လွှမ်းမိုးမှုတိုးချဲ့ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိသည်။ သို့သော် အမေရိကန်သင်္ဘောတည်ဆောက်ရေးစက်မှုလုပ်ငန်းသည် အလုပ်ကြွေးများ၊ လုပ်သားပြတ်လပ်မှုများ၊ ကုန်ပစ္စည်းပေးသွင်းမှုကန့်သတ်ချက်များအပါအဝင် ပြဿနာပေါင်းစုံကို ရင်ဆိုင်ရလျက်ရှိသည်။

တရုတ်နိုင်ငံသည် ၂၀၄၉ ခုနှစ်တွင် ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ပိုင်ဆိုင်ရန်ရည်မှန်းထားရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနအစီရင်ခံစာ၌ ဖော်ပြထားသောကြောင့် အမေရိကန်တို့အတွက် အချိန်သိပ်မရှိတော့ပေ။ PLA သည် တချို့သောနယ်ပယ်များတွင် အမေရိကန်စစ်ဘက်ကို ယှဉ်ပြိုင်ကျော်လွှားနိုင်သည့် စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ သာဓကအနေဖြင့် PLA သည် ကြီးမားသော ရေတပ်၊ အကြီးစားစစ်သင်္ဘောများ တည်ဆောက်နိုင်မှုနှင့် စွမ်းဆောင်ရည်ပိုမိုပြည့်ဝသော ဒုံးကျည်များရှိပြီးဖြစ်သည်။ ၎င်းဒုံးကျည်များသည် အသံထက်မြန်သော ဒုံးကျည်များဖြစ်သည်။

စင်စစ်အားဖြင့် စစ်ဘက်အခြေခံသဘောတရားသည် တိကျခိုင်မာသေချာသည့်အချိန်နှင့် နေရာတွင် တိကျသောအရာကိုသာ လုပ်ဆောင်သွားနိုင်ရန်ပင်ဖြစ်သည်။ အမှန်တော့ တရုတ်နိုင်ငံအနေဖြင့် အချိန်နှင့်နေရာ ရွေးချယ်လိုက်ပြီဆိုလျှင် အမေရိကန်တို့အကြီးအကျယ် ဒုက္ခရောက်တော့မည်ဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် လွန်ခဲ့သော ငါးနှစ်ကျော် ခြောက်နှစ်လောက်ကတည်းက တောင်တရုတ်ပင်လယ်ကို ထိန်းချုပ်ထားနိုင်ပြီးဖြစ်သည်။ တရုတ်စစ်ဘက်သည် စစ်မက်ဖြစ်ပွားချိန်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် တရုတ်နယ်စပ်မှနေ၍ မိုင် ၁၀၀ ကျော်ထိ စစ်လက်ရုံးဆန့်တန်းထားပြီးဖြစ်သည်။ အထူးသဖြင့် တောင်တရုတ်ပင်လယ်တွင် ဝင်ထွက်သွားလာနိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီ ဆိပ်ကမ်းနှင့် လေယာဉ်ကွင်းများ တည်ဆောက်လျက်ရှိပြီး အမေရိကန်စစ်ဘက်ကဲ့သို့ပင် ကမ္ဘာ့အဆင့်မီ လည်ပတ်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် လာမည့် ကိုးနှစ်ကျော် ၁၀ နှစ်ကာလအတွင်း တရုတ်နိုင်ငံဆိုင်ရာ ကျွမ်းကျင်ပညာရှင်များခန့်မှန်းထားသည်ထက် စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ ပိုင်ဆိုင်လာတော့မည်ဖြစ်သည်။

ဆိုရလျှင် တရုတ်နိုင်ငံသည် ၎င်း၏စစ်ဘက်ကို အကြီးစား ခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ သမ္မတရှီကျင့်ဖျင်သည် တရုတ်စစ်ဘက်အင်အား တောင့်တင်းခိုင်မာရေးအတွက် အကြီးစားပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် လေယာဉ်တင်သင်္ဘောများတည်ဆောက်ကာ ရေတပ်အဆင့်မြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် လေတပ်ကိုလည်း ကမ္ဘာ့အကြီးမားဆုံး လေတပ်များအနက်မှ လေတပ်တစ်ခုအဖြစ် ရပ်တည်နိုင်ရန်အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်တို့ကို စစ်ဆင်နွှဲနိုင်ရေးအတွက် တပ်မတော်ကို ဘက်ပေါင်းစုံမှအရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်မှာ အထင်အရှားပင်ဖြစ်သည်။

**ကိုးကား**

- **China's maritime power cause for action and alarm By Asia Times.**
- **China's military buildup enough to win a war with US By Asia Times.**
- **US Navy: China's Shipbuilding Capacity Is 232 Times Greater Than US (businessinsider.com)**
- **U.S. Shipbuilding Industry Struggles to Compete with China's Dominance (super.news)**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# နှစ်ဦးကြိုတဲ့သင်္ကြန် ဇာတ်လမ်းတို မိတ်ဆက်ပွဲပြုလုပ်



**ရန်ကုန် ဧပြီ ၉**

နှစ်ဦးကြိုတဲ့သင်္ကြန် ဇာတ်လမ်းတို မိတ်ဆက်ပွဲကို ဧပြီ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ရွှေထွန့်တင်ကွင်းတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတိုတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် နန်းခင်ဇေယျာက ပြောပြ၍ သိရသည်။

နှစ်ဦးကြိုတဲ့သင်္ကြန် ဇာတ်လမ်းတို၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးနီလွင်ရေးသားထားပြီး ဒါရိုက်တာ ရာဇဝင်ကိုက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"သင်္ကြန် ပျော်ရွှင် ဟာသလေးရယ်၊ အလွဲလေးတွေပါတဲ့ဇာတ်လမ်းတိုလေးပါ။ နန်းခင်ကတော့ ဒီဇာတ်လမ်းတိုမှာ Tomboy ပုံစံလေးနဲ့ ပါဝင်ထားပါတယ်။ ဆံပင်တုတွေ စွပ်တာတွေလဲ ပါပါတယ်။ အမှတ်မထင် လူကိုဆွဲလိုက်တော့ ဆံပင်တုစွပ်ထားတာကြီးပါလာတာကတော့ အမှတ်တရပါပဲ"ဟု သရုပ်ဆောင် နန်းခင်ဇေယျာက ပြောပြသည်။

နှစ်ဦးကြိုတဲ့သင်္ကြန် ဇာတ်လမ်းတိုတွင် သရုပ်ဆောင် တေဇလင်းရောင်၊ ဟင်နရီ၊ သတ္တိ၊ ထက်လျှမ်း၊ နန်းခင်ဇေယျာ၊ သံသာညီ၊ နန်းအိန္ဒြေ၊ မေရီမျိုး၊ တင်းပန့်ကြည်ဝင်း၊ ငြေ့သည်သရုပ်ဆောင် ဝီလျှံနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

နှစ်ဦးကြိုတဲ့သင်္ကြန် ဇာတ်လမ်းတိုကို ဧပြီ ၁၅ ရက်မှ ၁၈ ရက်ထိ ည ၉ နာရီတွင် SKY PREMIUM HD ရုပ်သံလိုင်းတွင်လည်းကောင်း၊ ဧပြီ ၁၉ ရက်မှ ၂၂ ရက်ထိ ည ၇ နာရီ တွင် Myanmar Art Channel နှင့် Channel 9 ရုပ်သံလိုင်းမှထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ပြီး အပိုင်း (၄) ပိုင်း ပါဝင်ကြောင်း သိရသည်။ ASH

# တေးရေး၊ တေးဆို ပုံရိပ်နှင့် အောင်ကောင်းမြတ်တို့ သီဆိုထားသည့် သောကြာမိုး သီချင်း Music Video(MV) မိတ်ဆက်ပွဲ ပြုလုပ်

**ရန်ကုန် ဧပြီ ၉**

တေးရေး၊ တေးဆို ပုံရိပ်နှင့် အောင်ကောင်းမြတ်တို့ သီဆိုထားသည့် သောကြာမိုး သီချင်း Music Video(MV) မိတ်ဆက်ပွဲကို ဧပြီ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Rangoon Complex ၌ ပြုလုပ်ခဲ့ကြောင်း တေးရေး၊ တေးဆို အောင်ကောင်းမြတ်က ပြောပြ၍ သိရသည်။

သောကြာမိုး သီချင်း Music Video(MV) ကို Short Film ဇာတ်လမ်းတိုပုံစံအဖြစ် ခြောက်လကြာအချိန်ယူပြီး သရုပ်ဆောင်များစွာပါဝင်ကာ ဒါရိုက်တာ စေတသိက်နှင့် လက်ထောက်ဒါရိုက်တာ ပြည့်ဟိန်းသူတို့က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"သောကြာမိုး သီချင်းက ပရိသတ် အားပေးမှုရရှိထားတဲ့ ကိုပုံရိပ်ရဲ့ တေးသီချင်းပါ။ ဒီသီချင်း Music Video(MV) ကို Short Film ပုံစံမျိုးနဲ့ အချိန်ယူပုံဖော် ရိုက်ကူးထားပါတယ်။ လူငယ်သရုပ်ဆောင်တွေစုပေါင်းပြီး ရန်ကုန်တက္ကသိုလ်နဲ့ အခြားနေရာတွေမှာ ရိုက်ကူးထားကြတာပါ။ ကျွန်တော်တို့ ဒီထဲမှာလဲ အများကြီးကြိုးစားထားကြပါတယ်။ ခြောက်လလောက်သေချာကြိုးစားပြီး ရိုက်ကူးထားကြတာပါ" ဟု တေးရေး၊ တေးဆို အောင်ကောင်းမြတ်က ပြောပြသည်။




သောကြာမိုး သီချင်း Music Video(MV) ကို ကံသာထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားပြီး တေးသရုပ်ဖော် ဇာတ်ညွှန်းကို ညမွှေးပန်းက ရေးသားထားကာ သရုပ်ဆောင် မင်းဘုန်းမြတ်၊ ဖြိုးသူရလင်း၊ ယင်းမာ၊ ကာတွန်း၊ ဟိန်းသစ်ဈာန်၊ သက်နှင်းစု၊ ပုံရိပ်၊ အောင်ကောင်းမြတ်တို့က ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။ ASH

# ချောင်းဆုံမြို့နယ် ကမာမိုဘုရားပွဲတွင် မွန်ရိုးရာလှည်းယဉ်ကြော့ပြိုင်ပွဲ ထည့်သွင်းကျင်းပမည်

**ချောင်းဆုံ ဧပြီ ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကမာမိုဘုရားပွဲတွင် မွန်တိုင်းရင်းသားရိုးရာအစဉ်အလာ ပွဲတော်အဖြစ် မွန်ရိုးရာလှည်းယဉ်ကြော့ (လှည်းအလှ)ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း မွန်ရိုးရာလှည်းယဉ်ကြော့(လှည်းအလှ)ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးမင်းအောင်ငွေက ပြောပြ၍ သိရသည်။



မွန်တိုင်းရင်းသားရိုးရာ လှည်းယဉ်ကြော့ လှည်းအလှပြိုင်ပွဲသည် မွန်တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းတစ်ခုဖြစ်ပြီး ရှေးယခင်က ချောင်းဆုံမြို့နယ် ဘီလူးကျွန်းဘုရားပွဲသို့ လှည်းယဉ်များကိုအလှဆင်ကာ သွားလာခဲ့ကြသည့် အစဉ်အလာကို ထိန်းသိမ်းသည့်အနေဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ချောင်းဆုံမြို့နယ် ဘီလူးကျွန်းမှာ ရွာပေါင်း ၆၄ ရွာရှိပြီး ၆၄ ရွာ ဘုရားပွဲလို့ လူသိများတဲ့ ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း)မှာရှိတဲ့ ကျေးရွာဘုရားပွဲတွေကို ရွာစဉ်အလိုက် ကျင်းပကြမှာဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း) ကမာမိုကျေးရွာဘုရားပွဲမှာ မွန်ရိုးရာ လှည်းယဉ်ကြော့ပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပတဲ့အတွက် ဒီနှစ်မှာလဲ ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေဟာ လှည်းယဉ်ကို အလှဆင်ရမှာဖြစ်သလို မွန်တိုင်းရင်းသားဝတ်စုံတွေနဲ့ လှပျိုသူတွေလဲ လှည်းယဉ်ကြော့စီးနင်းပြီးတော့ ပြိုင်ပွဲဝင်ရမှာဖြစ်ပါတယ်"ဟု ဦးမင်းအောင်ငွေက ပြောပြသည်။

မွန်ရိုးရာလှည်းယဉ်ကြော့(လှည်းအလှ) ပြိုင်ပွဲတွင် အမှတ်ပေးစည်းမျဉ်း ငါးမျိုးခွဲခြားထားကာ တစ်မျိုးကို ၁၀ မှတ်နှုန်းပေးထားပြီး အမှတ်အများဆုံးရရှိသည့်လှည်းယဉ်ကြော့ကို ပထမဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Moana ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေး ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ ပြင်ဆင်နေပြီဖြစ်

**နယူးယောက် ဧပြီ ၉**

Moana အမည်ရှိ ရှင်ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်နေပြီဖြစ်ကြောင်း ဧပြီ ၈ ရက် သတင်းများအရ သိရသည်။

Moana ဇာတ်ကားသည် Moana(2016) ကွန်ပျူတာအင်နီမေးရှင်း ကာတွန်းဇာတ်ကားကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Moana ဇာတ်ကားတွင် ကမ္ဘာကျော်အက်ရှင်မင်းသားဒွေးဂျွန်ဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဘေမတ်ကေးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Moana ဇာတ်ကားတွင် မင်းသားဒွေးဂျွန်ဆင်သည် လေနှင့်ပင်လယ်စောင့်နတ်အဖြစ် ပါဝင်သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Moana ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇွန် ၂၇ ရက်တွင် ရုံတင်ပြသရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# Godzilla X Kong: The New Empire ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ သန်း ၃၆၀ ကျော်ရှိလာ

**နယူးယောက် ဧပြီ ၉**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Godzilla X Kong: The New Empire ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ကျော်ရှိလာပြီဖြစ်ကြောင်း ဧပြီ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် နိုင်ငံတကာ ရုပ်ရှင်ဈေးကွက်ကို ဆက်လက်ဦးဆောင်နေဆဲဖြစ်ရာ ကမ္ဘာတစ်ဝန်းဝင်ငွေအရ Godzilla: King of the Monsters (2019)ဇာတ်ကား၏ကမ္ဘာတစ်ဝန်းဝင်ငွေကို ကျော်လွန်သွားနိုင်သည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် Godzilla X Kong: The New Empire ဇာတ်ကားကို ယခုနှစ် မတ် ၂၉ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းဇာတ်ကားကို ဒါရိုက်တာ အဒမ်ဝင်းဂါ့က ရိုက်ကူးခဲ့ပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၃၅ သန်းထိရှိခဲ့သည်။

Godzilla X Kong: The New Empire ဇာတ်ကားတွင် မင်းသမီး ကေလီဟော့တီ၊ ရီဘက်ကာဟော၊ နီကိုလာခရီဆာနှင့် မင်းသား ဒန်းစတီဗင်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို တာရီရှေ့ဆီယိုနှင့် ဆိုင်မွန်ဘာရက်တို့က ရေးသားပေးထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Mandalay walking Thingyan activities to comprise costumes in four eras



Mandalay walking Thingyan activities in progress in a previous year.

**Mandalay April 9**

A walking Thingyan activity will be staged along 66th street between 26th and 71st streets in Mandalay with presenting traditional costumes in four eras, according to U Tin Tun Oo, Head of Information and Public Relation Department.

Mandalay City Development Committee arranges water-throwing pavilions in the city for organizing the 2024 Maha Thingyan festival on the southern moat. This year, MCDC will stage traditional costume movements in four eras at the walking Thangyan activities.

"Significantly, traditional costumes in eras of Collegian Nay Win, Win Oo, Thangyan Moe and current eras will be performed along the southern moat of the city," he explained.

The water-throwing festival will last from 13 to 16 April in 2024. People can take photos on traditional costumes in four eras along the walking Thingyan of southern moat of Mandalay city.

"The traditional costume presentation aims to enable today's youths not to forget traditional costumes of Myanmar and not to disappear Myanmar customs," he added.

184

# Number of travellers to watch fishing with dolphins doubles in Ayeyawady River

**Mandalay April 9**

Number of local and foreign travellers wishing to view fishing process with the assistance of Irrawaddy dolphins doubles in Ayeyawady River between Mandalay and Kyaukmyaung, said U Maung Maung Lay, leader of Irrawaddy dolphin protection team.

Local and foreign travellers surge in the section between Mandalay and Kyaukmyaung starting frm the first week of April. At present, those travellers are on the rise at the area to enjoy the scene of fishing with dolphins.

"Travellers wish to view netting fish with the help of dolphins between Mandalay and Kyaukmyaung in Ayeyawady River," said U Maung Maung Lay.

In the first week of April, number of local and foreign travellers reached more than 350 per day to watch fishing process. Starting from the second week of April, more than 450 local and foreign travellers visit there on a daily basis.

As water level of Ayeyawady River is down, dolphins inhabit near Indaung Village of Wetlet Township and Mingun in Sagaing Region.

According to the data from the survey from 10 to 20 February 2020, 28 Irrawaddy dolphins can be seen between Mandalay and Kyaukmyaung, 37 between Malei of Kanbalu Township and Shwegu Township and 14 in Bhamo, totalling 79.

184


Irrawaddy dolphins being spotted in the river.

# Wetlet Township farmers plant over 18,000 acres of summer sesame

**Wetlet April 9**

The Agriculture Department of Wetlet Township, Shwebo District, Sagaing Region reports significant progress in planting summer sesame for the 2023-2024 season.

This year's plan aims to cultivate summer sesame on over 50,278 acres in Wetlet Township. As of February, planting has already covered more than 18,981 acres, and efforts are underway to ensure full utilization of the designated land.

Daw Kyin San, head of the Wetlet Township Department of Agriculture, emphasized their focus on achieving high yields and promoting Good Agricultural Practices (GAP) among farmers.

Daw Kyin San highlighted the advantages of GAP cultivation, including improved crop quality compared to traditional methods, potential for higher market prices, access to both domestic and foreign markets for sesame exports, and increased economic benefits and improved livelihoods for farmers who adopt GAP practices.

For comparison, the 2022-2023 summer crop season saw Wetlet Township cultivate 45,644 acres of sesame between February and April.

206

# New York judge rejects Trump's request to delay hush money trial

**New York April 9**

A judge from the New York Court of Appeals on Monday rejected former U.S. President Donald Trump's emergency request to delay a criminal trial on his hush money payments to an adult film star during the 2016 presidential campaign, according to media reports.

Associate Justice Lizbeth Gonzalez from an appellate court in Manhattan denied Trump's bid to delay the criminal trial scheduled for April 15 following a hearing.

Trump's legal team asked the judge to postpone the trial indefinitely as efforts are made to change the venue of the trial.

Seen as the first of this kind facing an ex-U.S. president, the criminal trial against Trump regarding election interference would begin on April 15 with jury selection, another New York judge, Juan Merchan said earlier.

Judge Merchan continued to proceed with the preparatory work and sent a letter to Senior Trial Counsel Joshua Steinglass from the Manhattan District Attorney's Office and Todd Blanch, a former federal prosecutor and Trump's lead counsel in the case on Monday regarding issues on jury selection. Xinhua

# Iranian FM opens new consulate in Damascus following Israeli strike

**Damascus April 9**

Iranian Foreign Minister Hossein Amir-Abdollahian opened a new consulate building in the Syrian capital of Damascus on Monday, following the destruction of the previous consulate by an Israeli strike last week.

Amir-Abdollahian, alongside Syrian Foreign Minister Faisal Mekdad, attended the inauguration ceremony of the new consulate, situated next to the previous building that was demolished by an Israeli missile attack just days ago.

Amir-Abdollahian arrived in Damascus on Monday afternoon for his first visit to the country since the Israeli attack on the Iranian consulate on April 1. The attack killed senior leaders in the Islamic Revolutionary Guard Corps (IRGC), including Mohammad Reza Zahedi, a veteran commander who led the IRGC foreign operations wing, the Quds Force, in Syria and Lebanon.

During his visit to Damascus, Amir-Abdollahian held meetings with Syrian President Bashar al-Assad, Foreign Minister Faisal Mekdad, and the officials in the Syrian National Security.

Speaking at a joint press conference with his Syrian counterpart, Amir-Abdollahian reaffirmed that Israel will receive "the necessary response" for its attack on the consulate, while also blaming the United States for the incident.

Xinhua


The Iranian flag is raised over the new consulate in Damascus, Syria, on April 8, 2024.

# Myanmar's rice exports exceed 1.6 million tonnes valued at over US$840 million in 2023-2024 FY


Bags of rice stockpiled in a warehouse.

**Nay Pyi Taw April 9**

More than 1.6 million tonnes of rice and broken rice worth more than US$840 million have been exported to foreign customer market countries in 2023-2024 FY, according to reports released by the Myanmar Rice Federation (MRF).

Although Myanmar exports and sells rice and broken rice to foreign customer markets every month, it will only export and sell broken rice, parboiled rice and high-grade rice, which are not consumed locally.

The MRF aimed to sell 2.5 million tonnes of rice and broken rice in the current (2023-2024) fiscal year, aiming to earn one billion US dollars in export revenue.

However, from April 2023 to the end of March 2024 in the 2023-2024 FY, only 1,686,259 tonnes of rice and broken rice worth US$845.66 million were exported and sold.

In the export of rice and broken rice from Myanmar to foreign countries, there is moisture in the rainy season, so the export of rice tends to decrease, and the export of rice tends to increase during the open season. 336

# Myanmar exports more than 100,000 tons of rubber to foreign trade partner countries in 2023-24 FY

**Nay Pyi Taw April 9**

The Myanmar Rubber Growers and Exporters Association stated that more than 100,000 tons of rubber was exported to foreign countries in 2023-24 financial year.

Rubber is planted in Mon and Kayin states as wellas Yangon, Bago, Tanintharyi and Ayeyawady regions. Myanmar yields some 200,000 tons of rubber yearly, more than 90 per cent of which is shipped to foreign market and about eight persons is used at home.

Rubber flows out to foreign trade partner countries through land borders and maritime trade channels.

Myanmar exports rubber to China, Singapore, Indonesia, Malaysia, South Korea, Japan, India, and Vietnem, 75 per cent of which flows out to China.

In 2023-24 financial year, Myanmar shipped more than 150,000 tons of rubber to foreign market. This year, the association strives for exporting some 350,000 tons of rubber to foreign countries.

At present, Mekong-Lancang cooperation special fund 2021 contributes rubber quality enhancement and market research process in Myanmar.

At a meeting on rubber sustainable development and export promotion in Myanmar held at the UMFCCI in Yangon this month, officials from various arenas discussed approaching to international rubber market with standardization, sustainable development of Myanmar's natural rubber, and issuance of recommendations. 336


Rubber sheets being loaded onto a truck.

# Potatoes produced from Banbwe region marketable in Mandalay

**Mandalay April 9**

Potatoes produced from Banbwe region of Shan State flowing into Thiri Marlar green grocery wholesale market in Aungmyethazan District of Mandalay are marketable, according to the potatoes depots in the market.

U Aung Moe Naing, owner of Aung brokerage in Mandalay said that 4-5 truckloads of potatoes are flowing into Thiri Marlar green grocery depot in Mandalay on a daily basis with high trading. At present, potato fetches K1,200 to K1,300 per viss in the market.

"Currently, just potato from Banbwe region enters Mandalay market and the stocks from other regions are lesser. Local growers cultivate potato depending on climatic conditions. At present, trading of potato is high depending on size and quality. As Thingyan festival is nearing, trading of commodities is high in the market," he explained.

Remaining crops such as cabbage, cucumber, tomato, white mustard, chickpea and cauliflowers are also in high trading. 185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Highway buses to run in rotation during Maha Thingyan period

**Yangon April 9**

Highywa buses running from Yangon Region to other regions and states will operate transportation in rotation during Maha Thingyan festival period, said U Lyan Cin Mang, joint secretary of Yangon Region Public Transport Committee-YRTC.

Highway express buses from Aung Minagala and Dagon-Ayeya highway bus terminals in Yangon Region will run their buses in rotation without holidays during the Maha Thingyan festival period till Myanmar New Year Day.

"Aung Mingala highway bus terminal manages 224 express lines. During the festival period, 214 bus lines will be operated from Yangon to other regions and states. During the period, five express bus lines will run without holidays. Likewise, Dagon Ayeya highway bus terminal manages 110 bus lines. In this regard, 99 bus lines will run on 13 April, 98 lines on 17 April, 99 lines on 19 April. Six lines of them will not take holidays," said the joint secretary.

YRTC has warmed all bus lines of charging excessive bus fares, drinking of drivers, impolite relations and reckless driving. ASH


Aung Mingala highway bus terminal.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက မျိုးဆက်သစ်ဒရုန်းအော်ပရေတာများ စုဆောင်းလေ့ကျင့်ပေးလျက်ရှိ



ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက မေ ၅ ရက်တွင် ထုတ်ပြန်သည့် ဗီဒီယိုဖိုင်အရ ရုရှားတပ်မတော်သည် ယူကရိန်းစစ်မြေပြင်တွင် FPV (First Person View) ဒရုန်းများအသုံးပြုတိုက်ပွဲဝင်နေမှုများ မြင့်တက်လာခြင်းနှင့်အတူ မျိုးဆက်သစ် ဒရုန်းအော်ပရေတာများ စုဆောင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း အစီအစဉ်တစ်ရပ်ကို စတင်ပြုလုပ်လိုက်ပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက မေ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခေတ်သစ်စစ်ပွဲများတွင် ဒရုန်းများသည် အဓိကကျသော စစ်ရေးစွမ်းအားစုများအဖြစ် ပေါ်ထွက်လာခဲ့ပြီး ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ခြင်းဆိုင်ရာ မဟာဗျူဟာများ ပြောင်းလဲလာစေခဲ့သည်။ Kremlin ဟူသော အမည်ဝှက်ဖြင့် လူသိများသော ရုရှားစစ်ဘက်မှအကြီးတန်းနည်းပြဆရာက စစ်သည်များကို ကျွမ်းကျင်သော ဒရုန်းအော်ပရေတာများဖြစ်လာစေရန် လေ့ကျင့်မှုများ တစ်လကျော်ပြင်းပြင်းထန်ထန်ပြုလုပ်ခဲ့ရကြောင်း၊ ဤအဆင့်မြင့်နည်းပညာဆိုင်ရာ စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စေရန်အတွက် အလွန်အရေးကြီးကြောင်း ရှင်းပြခဲ့သည်။

လေ့ကျင့်ရေးစနစ်သည် သရုပ်ပြသခြင်း အစီအစဉ်များဖြင့်စတင်ပြီး စစ်သည်များကို ကန့်သတ်ထိန်းချုပ်ထားသော ပတ်ဝန်းကျင်တစ်ရပ်တွင် လုပ်ဆောင်သည့်ဒရုန်းစစ်ဆင်ရေးများနှင့် ရင်းနှီးကျွမ်းဝင်စေမည်ဖြစ်သည်။ ၎င်းကို အစိတ်အပိုင်းများ တပ်ဆင်ခြင်းနှင့်ဂဟေဆော်ခြင်း နည်းပညာများအပါအဝင် ဒရုန်းနည်းပညာ၏ ရှုပ်ထွေးနက်နဲသော သီအိုရီဆိုင်ရာ သင်ခန်းစာပို့ချမှုများဖြင့် ဖြည့်စွက်လုပ်ဆောင်ပေးထားသည်။ နောက်ဆုံး သီတင်းပတ်နှစ်ပတ်သည် လေ့ကျင့်ရေးကွင်းတွင် လက်တွေ့ကျကျ ပြုလုပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပြီး လက်တွေ့ပကတိပတ်ဝန်းကျင်အခြေအနေများ၊ ပုံသန်းမှုပုံစံများ၊ ဖွံ့စည်းမှုများနှင့် တိကျစွာပစ်မှတ်ထားတိုက်ခြင်းများ လေ့ကျင့်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လက်ပစ်ဗုံးများနှင့် အထူးပြုခဲယမ်းများ သယ်ဆောင်နိုင်မည့် ဒစ်ဂျစ်တယ်ဒရုန်းများကို အသုံးပြုခြင်းသည် ဒရုန်းများအား တိုက်ပွဲဝင်အသုံးချမှုတွင် သိသာထင်ရှားသောတိုးတက်ဖွံ့ဖြိုးမှုတစ်ခုလည်းဖြစ်သည်။

ယူကရိန်းပဋိပက္ခစတင်ချိန်မှစ၍ ဒရုန်းများသည် ကင်းထောက်နှင့် အမြောက်လက်နက်စနစ်များ ဟန်ချက်ညီတိုက်ပွဲဝင်လုပ်ဆောင်ရာတွင် အဓိကကျပြီး ရန်သူနေရာများကို တိကျစွာပစ်မှတ်ထားတိုက်ခိုက်ရန်နှင့် အရန်တပ်ရင်း၊ တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများကို စောင့်ကြည့်ထောက်လှမ်းခြင်းများအတွက် မရှိမဖြစ်လိုအပ်ကြောင်း သက်သေပြခဲ့သည်။ ရန်သူ့ခြိမ်းခြောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းသိရှိနိုင်ရန်နှင့် သတိပေးနိုင်စွမ်းသည် မိမိတပ်ဖွဲ့ဝင်များ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရာတွင် အရေးကြီးသည်။

နည်းပြဆရာ Kremlin ၏ အဆိုအရ ယူကရိန်းအထူးစစ်ဆင်ရေးများတွင် ပါဝင်ဆင်နွှဲလျက်ရှိသည့် တပ်ဖွဲ့ဝင်များအတွေ့အကြုံများအပေါ် အခြေခံ၍ ဒရုန်းအော်ပရေတာ လေ့ကျင့်ရေးပရိုဂရမ်များကို အဆက်မပြတ် ပြုပြင်ရေးဆွဲပြင်ဆင်ထားကြောင်း သိရသည်။ ၎င်းသည် ဒရုန်းများ၏ စက်ပစ္စည်း၊ ကိရိယာပိုင်းဆိုင်ရာနှင့် စစ်ဆင်ရေးအသုံးချ နည်းဗျူဟာများ နှစ်ခုစလုံးကို အကဲဖြတ်ဆန်းစစ်ရန်နှင့် အဆင့်မြှင့်တင်ရန်အတွက် ဒရုန်းနည်းပြ၊ သင်တန်းဆရာများသည် ရှေ့တန်းကျကျ လုပ်ဆောင်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် ဒရုန်းများအသုံးပြုမှုသည် စစ်ဘက်နည်းပညာ၏အဆုံးအဖြတ်ဖြစ်နေကြောင်း မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ လက်ရှိဖြစ်ပွားနေသော ရုရှား-ယူကရိန်း အထူးစစ်ဆင်ရေးတွင် ဒရုန်းများနှင့် FPV ဒရုန်းများကို ကင်းထောက်ခြင်း၊ တိုက်ခိုက်ခြင်း၊ ပစ်မှတ်ရာလမ်းညွှန်မှုပေးခြင်း၊ စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ခြင်းစသည့်အခန်းကဏ္ဍများအတွက် ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့်အသုံးပြုလျက်ရှိနေကြသည်။

**Russia Strengthens Drone Operators Training & Recruitment Amid Intensive UAVs Use in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**


## အာရှ-ပစိဖိတ်ဒေသတွင် တာလတ်ပစ်ဒုံးပစ်လောင်ချာယာဉ် ဖြန့်ကြက်ချထားမည့်အစီအစဉ် အမေရိကန်အတည်ပြုပြောကြား

အာရှ-ပစိဖိတ်ဒေသရှိ အမေရိကန်ကြည်းတပ်၏ စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး Charles Flynn သည် အဆာဟီရှင်ဘွန်းသတင်းစာ၊ အခြားသောမီဒီယာအဖွဲ့အစည်းများနှင့် တိုကျိုမြို့ရှိ အမေရိကန်သံရုံးတွင် မေ ၃ ရက်က တွေ့ဆုံစဉ် တာလတ်ပစ်ဒုံးပစ်လောင်ချာယာဉ် အသစ်တစ်စီးကို ဒေသတွင်း၌ ယခုနှစ်ကုန်ပိုင်းတွင်ဖြန့်ကြက်ချထားမည့် အမေရိကန်ကြည်းတပ်၏အစီအစဉ်ကို အတည်ပြုပြောကြားခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတပ်ဖြန့်မှုသည် တရုတ်နိုင်ငံကို အဟန့်အတားဖြစ်စေနိုင်ကြောင်း နိုင်ငံတကာ သတင်းရင်းမြစ်များက ရေးသားဖော်ပြခဲ့ကြသည်။ တပ်ဖြန့်နိုင်မှုအလားအလာကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကြေညာထားပြီးဖြစ်သော်လည်း Charles Flynn က ၎င်းကို တပ်ဖြန့်ချထားသော ဒုံးကျည်စနစ် သို့မဟုတ် တည်နေရာနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို သိရှိရမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အကယ်၍ အမေရိကန် တပ်မတော်သည် မြေပြင်အခြေစိုက် တာလတ်ပစ်ဒုံးပစ်လောင်ချာယာဉ်တစ်စီးကို ဖြန့်ကြက်ချထားမည်ဆိုပါက ၁၉၈၇ ခုနှစ်တွင် အမေရိကန်နှင့်ရုရှားတို့ကြား တာလတ်ပစ်နျူကလီးယားတပ်ဖွဲ့ (INF) သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်သည်။ တပ်ဖြန့်နိုင်သည့်စနစ်သည် လက်ရှိတွင် အမေရိကန်စစ်ဘက်က တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နေဆဲဖြစ်သော မြေပြင်အခြေစိုက် Typhon စနစ်ဟု ယူဆထားကြသည်။

ဖြန့်ကြက်ချထားရန် အလားအလာရှိသော နိုင်ငံများတွင် ဂျပန်နိုင်ငံပါဝင်နေပြီး လတ်တလောတွင် အဆိုပါစနစ်ကို ဂူအမ်၌ အခြေစိုက်ကာ လေ့ကျင့်ရေးရည်ရွယ်ချက်အတွက် ဂျပန်နိုင်ငံသို့ ယာယီပြောင်းရွှေ့ချထားဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံအစိုးရ သတင်းရင်းမြစ်တစ်ခုအရ သိရသည်။ ပဋိပက္ခများဖြစ်ပွားပါက ၎င်းကို အမေရိကန်ပိုင်နက်နယ်မြေအတွင်း စစ်ဗျူဟာအရေးကြီးနေရာများတွင် တပ်စွဲထားနိုင်ဖွယ်ရှိသည်။ ထိုင်ဝမ်ရေလက်ကြားသို့မဟုတ် တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်လာနိုင်သော ပဋိပက္ခအကျပ်အတည်းတစ်ခုသည် ပင်လယ်ပြင်ရေပိုင်နက်တစ်လျှောက် သို့မဟုတ် တရုတ်ပြည်မကြီးပေါ်ရှိ ပစ်မှတ်များကိုရောက်ရှိချေမှုန်းနိုင်သည့် ဒုံးကျည်များလိုအပ်မည်ဖြစ်သည်။ သို့သော်လည်း ဂျပန်နှင့် ဖိလစ်ပိုင်ကဲ့သို့သော မဟာမိတ်နိုင်ငံတချို့က အမေရိကန်၏ စွမ်းရည်အသစ်များကို လက်ခံတပ်စွဲစေခြင်းဖြင့် တရုတ်တပ်မတော်ဘက်က မှတ်ပုံတင်ထားနိုင်သည့် ပစ်မှတ်များဖြစ်လာမည့်အရေးကြောင့် တွန့်ဆုတ်နေကြသည်ဟု ထုတ်ဖော်ပြောဆိုထားကြသည်။



INF စာချုပ်တွင် အမေရိကန်နှင့်ရုရှားတို့သည် အကွာအဝေး ကီလိုမီတာ ၅၀၀ မှ ကီလိုမီတာ ၅၅၀၀ အတွင်း မြေပြင်အခြေစိုက် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်နှင့် ခရုဇ်ဒုံးကျည်များ ပိုင်ဆိုင်ခွင့်ကို တားမြစ်ကန့်သတ်ထားသည်။ ၂၀၁၉ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အမေရိကန်ကြည်းတပ်နှင့် မရိန်းတပ်ဖွဲ့တို့သည် တာလတ်ပစ် ဒုံးကျည်အသစ်များကို အမြောက်အမြား တီထွင်ထုတ်လုပ်လာကြသည်။ တစ်ချိန်တည်းတွင်ပင် တရုတ်နိုင်ငံသည် ၎င်း၏တာလတ်နှင့်တာဝေးပစ်ဒုံးကျည်လက်နက်တိုက်များကို ဆက်လက်တိုးချဲ့ခဲ့ပြီး ယခုအခါ အကွာအဝေး ကီလိုမီတာ ရာပေါင်းများစွာ ပစ်ခတ်နိုင်သော ဒုံးကျည် ၁၀၀၀ ထိ ပိုင်ဆိုင်ထားသည်။

အာရှ-ပစိဖိတ်ဒေသတွင် အခြေစိုက်မည့် အမေရိကန်၏ တာလတ်ပစ် ဒုံးပစ်လောင်ချာယာဉ်သစ်သည် တရုတ်နိုင်ငံနှင့် ဒုံးကျည်စွမ်းရည် ကွာဟချက်ကို ဖြည့်ဆည်းပေးရန် အဟန့်အတား စွမ်းရည်များ တိုးမြှင့်နိုင်လိမ့်မည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်းလှုပ်ရှားမှုသည် ဒေသတွင်းနှင့် အင်အားကြီးနိုင်ငံများကြား ဒုံးကျည်တီထွင်ထုတ်လုပ်မှု၊ ဖြန့်ကြက်အသုံးပြုမှုတို့တွင် အပြိုင်အဆိုင် ကြီးပမ်းလာနိုင်ဖွယ်ရှိကြောင်း သုံးသပ်ရသည်။

**US confirms future deployment of Medium-Range Missiles in Asia-Pacific ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီး



**ပုတော ဧပြီ ၉**

ရောဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ဗိုလ်ကိတ်ပဲ တစ်ဧကလျှင် ၁၄ ဒသမ ၇၆ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဗိုလ်ကိတ်ပဲ ၂၀၀၈ ဧက စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးပါပြီ။ ရိတ်သိမ်းခဲ့တဲ့ ဗိုလ်ကိတ်ပဲတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့၊ ဆောင်းသီးနှံတွေ အခက်အခဲမရှိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် သီးနှံတွေ မစိုက်မီအချိန်ကနေ စိုက်ပျိုးပြီးတဲ့အချိန်ထိ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းပဲများထွက်ရှိစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ပင်းတယမြို့နယ် မိုင်းအင်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပင်းတယ ဧပြီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းအင်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ပင်းတယမြို့နယ်ဦးစီးမှူး ဦးအောင်ကျော်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက မိုင်းအင်ကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ခင်းများ ရေဖြန့်ဝေပေးနိုင်ရန် အရှည် ပေ ၂၅၀၀ ရှိ သုံးလက်မရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် စနစ်တကျသုံးစွဲကြရန် မှာကြားသည်။

မိုင်းအင်ကျေးရွာတွင် ဆိုလာရေတင်စနစ်ဖြင့်စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၂၆၅ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၂၆၅ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် စိုက်ပျိုးရေများ ရာသီမရွေး ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။



**ရှိုးသန်းညွန့်**

# ခရမ်းမြို့နယ် ကန်ညီနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ခရမ်း ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ညီနောင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က ကန်ညီနောင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး ကန်ညီနောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန်ညီနောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၄-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၅၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၉**

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်(အီးအီးစီ)တို့အကြား ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာကလာဘူကော့ဗ်ပါဗယ်လ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဥရောပအာရှစီးပွားရေးကော်မရှင် မေခရိုစီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ်က မိတ်ဆက်ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကိုကျင်းပရာ အစည်းအဝေးသို့ ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ဥရောပအာရှ စီးပွားရေးကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့ဝင်များမှ ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မစ္စတာဆာဂေးဂလေးဇီးယပ်တို့က အဖွင့်အမှာစကားပြောကြားကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန်နှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို ဖော်ထုတ်သတ်မှတ်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊

အစည်းအဝေးတွင် ကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးမှုများသည် အီးအေအီးယူအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား အစိုးရအချင်းချင်းချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ရုံသာမက စီးပွားရေးအဆက်အသွယ်ကောင်းများ ထူထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများလည်း တိုးတက်ရရှိလာမည်ဟု ယုံကြည်ကြောင်း၊ အစိုးရအနေဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ ဘိလပ်မြေနှင့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သံနှင့်သံမဏိ၊ တန်ဖိုးမြင့်စားသောက်ကုန်များ၊ လျှပ်စစ်ကားနှင့် အခြားထုတ်လုပ်မှုများကို အဓိကဦးစားပေးနယ်ပယ်များအဖြစ်သတ်မှတ်၍ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အီးအေအီးယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပိုမိုအားကောင်းလာစေရန် အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မစ္စတာဆာဂေးဂလေးဇီးယပ်က ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး တစ်နှစ်ကျော်အတွင်း အပြုသဘောဆောင်သော အပြန်အလှန်ဆက်ဆံရေးများရရှိခဲ့ကြောင်း၊ ဥရောပအာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် အပြုသဘောဆောင်သည့် လမ်းကြောင်းများပေါ်ထွက်လာသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးကျွမ်းကျင်သူများနှင့် လုပ်ငန်းရှင်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာသည့် ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကဏ္ဍအလိုက်ဆွေးနွေးကြသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့က စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာစက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ဘဏ္ဍာရေးနှင့် ငွေပေးချေမှုပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ပို့ဆောင်ဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့ကပုဂ္ဂလိကစီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက်ပူးတွဲဥက္ကဋ္ဌများက ပထမအကြိမ်အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်နှင့်ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကျင်းပမည့်နေ့ရက်နှင့်နေရာတို့ကို အတည်ပြုသည်။

အဆိုပါအစည်းအဝေးသို့ ကဏ္ဍအလိုက်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ ဥရောပအာရှစီးပွားရေးကော်မရှင်မှကိုယ်စားလှယ်များနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂမှ စီးပွားရေးလုပ်ငန်းရှင် ၁၀၀ ကျော် တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယမန်နေ့ညကMGallery Hotel ၌ ကြိုဆိုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်ဟောပြော

**နေပြည်တော် ဧပြီ ၉**

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းအမှုထမ်းဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်အလို့ငှာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်နှင့် စစ်ပညာသင်ကြားရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၄) ဖြင့် အာဏာတည်သည့်ရက်အဖြစ်သတ်မှတ်ခဲ့ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ပြဋ္ဌာန်းခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအများအပြား၌ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ကင်းလွတ်ခွင့်ရရှိသူများ၊ ယာယီရွှေ့ဆိုင်းခွင့်ရှိသူများ၊ စစ်မှုထမ်းဆောင်ရမည့် အသက်အပိုင်းအခြားများ၊ စစ်မှုထမ်းကာလ၊ စစ်မှုထမ်းကာလအတွင်း အကျိုးခံစားခွင့်တို့ကို ဝန်ထမ်းများ သိရှိရန် ရှင်းလင်းချပြသွားမည်ဖြစ်ပါကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများနှင့် အဖျက်အမှောင့်မီဒီယာများတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ မဟုတ်မမှန်သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြနေသည့်အတွက် ဝန်ထမ်းများအနေဖြင့် အယုံမလွယ်စေရေး ဥပဒေပါ အချက်အလက်များ၊ ပြဋ္ဌာန်းချက်များကို မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များသိရှိရန် လိုအပ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေကို နည်းအမျိုးမျိုးဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေပြီး နှောင့်ယှက်ဆောင်ရွက်ခြင်းများရှိသည့်အတွက် မိသားစုဝင်များအနေဖြင့် စိုးရိမ်ပူပန်မှုများရှိနိုင်ပါကြောင်း၊ စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ကင်းလွတ်ခွင့်ပြုသူများ၊ ရွှေ့ဆိုင်းခွင့်ပြုနိုင်သူများ၊ လျှော့ပေါ့ခွင့်ပြုနိုင်သူများ၏ စည်းကမ်းသတ်မှတ်ချက်နောက်ဆုံးအခြေအနေကို ပြည်သူများသိရှိအောင် သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရသကဲ့သို့ နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကိုလည်း လိုက်နာရန်လိုအပ်ပါကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများ သိရှိလိုက်နာနိုင်ရေးအတွက် စစ်မှုထမ်းဥပဒေပါ ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များကို လက်ဆင့်ကမ်းမျှဝေပေးခြင်းဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ အသိပညာပေးရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၇၆၇၇ ပါး/ဦးအနက် ၆၆၀၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၅၂ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဗိုလ်မှူးချုပ် မျိုးမင်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## Grade-7 နှင့် Grade-10 သင်ခန်းစာများ နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် MWD Education, Knowledge & Sports Channel နှင့် မြန်ကြားရေးဝန်ကြီးဌာန၏ Education Channel တို့တွင် ဧပြီ ၈ ရက်မှ မေ ၃၁ ရက်ထိ Grade-7 သင်ခန်းစာများကို နံနက် ၇ နာရီမှ ၇ နာရီခွဲနှင့် ညနေ ၆ နာရီမှ ၆ နာရီခွဲတွင်လည်းကောင်း၊ Grade-10 သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲနှင့် ည ၇ နာရီမှ ၇ နာရီခွဲတွင် လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိကြောင်း မိဘပြည်သူများကို အသိပေးအပ်ပါသည်။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ၊

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၀

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၇၇၊ ၀၅၉- ၂၀၂၄၀၇၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၇၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၇၅၊ ၀၅၇- ၂၀၂၇၉၇၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာနည်းလမ်းများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၉**

လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်သည့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ အဓိကအားဖြင့် ထိခိုက်လွယ်အုပ်စုများကို လူ့ဘဝတစ်သက်တာလုံး လွှမ်းခြုံမှုရှိစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်တွင်အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါမဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ် (၈)ရပ်ပါဝင်ပြီး ၎င်းတို့အနက် ငွေကြေးထောက်ပံ့ခြင်းလုပ်ငန်းအစီအစဉ် (၂)ရပ်ဖြစ်သည့် "ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်"MCCT" နှင့် "လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ်"တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်ရာတွင် အကျိုးခံစားခွင့်ရှိသူများထံသို့ ငွေကြေးများ တိုက်ရိုက်ထောက်ပံ့ခြင်း (Cash in Envelope) နည်းလမ်းကိုသာ အသုံးပြုလျက်ရှိပါကြောင်း၊ ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနည်းလမ်းများနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်နိုင်ရေး၊ အကျိုးခံစားခွင့်ရှိသူများထံသို့ ထောက်ပံ့ငွေများအပြည့်အဝရရှိရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ တိကျမှန်ကန်စွာ သုံးစွဲနိုင်ရေးတို့အတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် တင်ပြသွားမည့် ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနည်းလမ်းများအပြင် ရေရှည်ဆောင်ရွက်နိုင်မည့်အခြားအကြံပြုလိုသည့်နည်းလမ်းများ၊ နည်းပညာများကိုလည်း မျှဝေအကြံပေးဆွေးနွေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများ၊ ပြောင်းလဲအသုံးပြုလိုသည့် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့သက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရိုးရာမပျက်ကျင်းပနိုင်ရန်အတွက် ဝန်ကြီးဌာနများအလိုက် ဇာတ်တိုက်လေ့ကျင့်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အကအလှများဖြင့် ပါဝင်ဆင်နွှဲရန်အတွက် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကြိုတင်လေ့ကျင့်ခြင်းအစီအစဉ်ကို ဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် သင်္ကြန်ပွဲတော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနယိမ်းအဖွဲ့က "ရေတွေစိုကုန်ပြီ၊ နွေဦးကဗျာ" သီချင်းများဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနယိမ်းအဖွဲ့က "မူယာကျော့၊ကျီစားသလား" သီချင်းများဖြင့် လည်းကောင်း နေ့အလိုက် ပါဝင်ဖျော်ဖြေဆင်နွှဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

၂၁ ရှေ့ဖုံးမှအဆက်

ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်တို့တွင် ခေတ်မီအဆင့်အတန်းရှိစွာလည်ပတ်အပန်းဖြေနိုင်ရန် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလျှောက်သင်္ကြန်ကျင်းပမည့် ဧရိယာအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှုမရှိစေရေးကိုလည်း စီမံဆောင်ရွက်ထားရမည်ဖြစ်သကဲ့သို့ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းပေးထားသည့် ကော်မတီအသီးသီးအနေဖြင့်လည်း မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အချိန်မီပြီးစီးစေရေး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ဝန်ထမ်းများနှင့် ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်ကြီးကို ခမ်းနားစွာတည်ဆောက်နေပြီး ပြည်တွင်းမှ နိုင်ငံကျော်အနုပညာရှင်များစွာနှင့် ကိုရီးယားနိုင်ငံမှ K-POP အဆိုရှင်များက ပါဝင်သီဆိုဖျော်ဖြေသွားမည်ဖြစ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဉာဏသိဒ္ဓိမိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်ကြီးကို တည်ဆောက်၍ လာရောက်လည်ပတ်ကြသည့် ပြည်သူများကို ဖျော်ဖြေရေးအစီအစဉ်များအပြင် စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွင်း၌ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမဏ္ဍပ်ကိုလည်း တည်ဆောက်လျက်ရှိပြီး ပြည်သူများပျော်ရွှင်စွာ ရေပက်ဖျန်းပျော်ရွှင်နိုင်စေရန် ရေပန်းပိုက် ၄၀ ကျော် တပ်ဆင်ဆောင်ရွက်လျက်ရှိကာ အမြင့် ၆ ပေ၊ အလျားပေ ၄၀ နှင့် အနံပေ ၂၀ ရှိ ဖျော်ဖြေရေးစင်မြင့်ဆောက်လုပ်လျက်ရှိကြောင်း၊ အဆိုပါစင်မြင့်၌ ရုရှားနိုင်ငံမှ လူငယ်အနုပညာရှင်အဖွဲ့များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ အလားတူ တရုတ်-မြန်မာ-အိန္ဒိယချစ်ကြည်ရေးမဏ္ဍပ်ကို နိုင်ငံတကာအဆင့်မီ ရေကစားမဏ္ဍပ်အဖြစ် တည်ဆောက်လျက်ရှိပြီး စတုဒိသာအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ပေါင်း ၂၆ ခုတည်ဆောက်လျက်ရှိပြီး တိုင်းရင်းသားသင်္ကြန်၊စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်ဟူ၍ ပြည်သူများ ပျော်ရွှင်စွာ ရေပက်ဖျန်းလည်ပတ်နိုင်စေရန် အထူးအစီအစဉ်ကောင်းများဖြင့် ဆောင်ရွက်ထားရှိသည်။

ထို့ပြင် ပြည်သူများ နိုင်ငံတကာအဆင့် ခေတ်မီအဆင့်အတန်းရှိစွာ လမ်းလျှောက်သင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရန်အတွက် Zone 1 နှင့် Zone 2 ဟူ၍ ခွဲခြားထားရှိကာ Zone 1၌ တိုင်းရင်းသားစတုဒိသာသင်္ကြန်ဟူ၍ စီစဉ်ထားရှိပြီး လာရောက်လည်ပတ်ကြသူများကို Zone-1 Main Entrance အဝင်တွင် စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ယဉ်ကျေးမှုများကိုအခြေခံ၍ တိုင်းရင်းသားသင်္ကြန်ဖန်တီးရေကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမည့်အပြင် တိုင်းရင်းသားကိုယ်စားပြု Photo Boothများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ လမ်းလျှောက်သင်္ကြန် Zone – 2 ၌ လူငယ်များနှင့် ကလေးငယ်များအတွက် လူငယ်သင်္ကြန်ဟူ၍ စီစဉ်ဆောင်ရွက်ထားရှိပြီး မိသားစုများ၊ ကလေးငယ်များ၊ လူငယ်များအတွက် နိုင်ငံတကာအဆင့်မီ ရေလွှာလျှောများ၊ Foam Party များ၊ inflatable ကစားစရာရေကန်များ၊ ရေလွှာလျှောများဖြင့် ပြင်ဆင်ထည့်သွင်းဆောင်ရွက်လျက်ရှိကာ လူငယ်များနှစ်သက်ပျော်ရွှင်ဖွယ်ရာ ဖြစ်စေရန်အတွက်လည်း DJ Performance များဖြင့် ကပြဖျော်ဖြေ၍ နေပြည်တော်လမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ပနိုင်ငံများသို့ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ပူးပေါင်းစီစဉ်၍ ယနေ့တွင် MHM ဆိပ်ကမ်းမှ MV.MCL-8 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ နှင့် MHM ဆိပ်ကမ်းမှ MV. MCL-7 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တို့ကို ထိုင်းနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်သည်။

ထို့ပြင် AWPT 1 ဆိပ်ကမ်းမှ MV. CONTRIVIA သင်္ဘောသည် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို စင်ကာပူနိုင်ငံသို့လည်းကောင်း၊ AWPT 3 ဆိပ်ကမ်းမှ MV. ISEACO FORUTNE သင်္ဘောသည် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီးအဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်း၊ နှမ်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို မလေးရှားနိုင်ငံသို့လည်းကောင်း တင်ဆောင်ပြီး ထွက်ခွာမည်ဖြစ်သည်။

အလားတူ ဧပြီ ၁၀ ရက်တွင် SPW 6 ဆိပ်ကမ်းမှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၅၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း၊ TMT ဆိပ်ကမ်းမှ MV. TAY SON 4 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ MIP 2 ဆိပ်ကမ်းမှ MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL 20 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ ဧပြီ ၁၅ ရက်တွင်လည်း YIGT ဆိပ်ကမ်းမှ MV. DDS MARINA သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း ဆက်လက် တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

**ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီ ၁၃ ရက် (စနေနေ့)မှ ဧပြီ ၁၈ ရက် (ကြာသပတေးနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက် (သောကြာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။**

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအချက်အလက်များ ရှင်းလင်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၉**

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအချက်အလက်များရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတို့မှ တာဝန်ခံများနှင့်အရာထမ်း၊ အမှုထမ်းများက Online စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်လာသည့် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်ခွင့်နှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ တိုင်းရင်းသားတိုင်းသည် နိုင်ငံသားဖြစ်ပြီး နိုင်ငံသားတိုင်းသည် ဒီတာဝန်အရေး သုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသောဒီတာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားရှိသဖြင့် ချစ်ခင်စည်းလုံးညီညွတ်စွာ နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံများအနေဖြင့်လည်း ယခုပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အချက်အလက်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ထပ်ဆင့် ရှင်းလင်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ မိသားစုအကျိုး၊ ဌာနအကျိုး၊ နိုင်ငံအကျိုးတို့ကို မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်သည့် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်ခွင့်၊ ရွေ့ဆိုင်းခွင့်ပြုနိုင်သူများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ လတ်တလောတွင် အကျုံးဝင်သူ နိုင်ငံသားတိုင်းစစ်မှုထမ်းရန် မလိုအပ်သေးပါကြောင်း၊ ရွေးချယ်ရေးအဖွဲ့များဖွဲ့စည်း၍ ရပ်ကျေးအဆင့်လိုအပ်သည့် ပမာဏကိုသာခေါ်ယူ၍ ဆေးစစ်ပြီး အောင်မြင်မှသာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာတစ်နိုင်ငံတည်း၌သာပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ အခြားကမ္ဘာ့နိုင်ငံများတွင်လည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့်ဥပဒေဖြစ်ကြောင်း၊ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ မိမိတို့ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားပြည်သူများကို မိမိတို့သိရှိထားသည်များကို အပြုသဘောဖြင့် ပြန်လည်ဝေမျှပြီး နိုင်ငံတော်၏အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်တို့ အစ္စလာမ်ဘာသာဝင်ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများလှူဒါန်း

**မန္တလေး မေ ၉**

မန္တလေးမြို့ရှိ အစ္စလာမ်ဘာသာဝင်များ၏ ဗလီဝတ်ကျောင်းတော်များတွင် အစ္စလာမ်ဘာသာ ထုံးတမ်းစဉ်လာအရ မတ် ၁၁ ရက်မှစ၍ အစ္စလာမ်ဘာသာဝင်များဥပုသ်ဆောက်တည်လျက်ရှိရာ ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများ နှစ်စဉ်လှူဒါန်းလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့်တာဝန်ရှိသူများ၊တိုင်းဒေသကြီး ဝန်ကြီးများသည် ချမ်းအေးသာစံ မြို့နယ် ၂၇ လမ်း၊ ၈၁ လမ်းနှင့် ၈၂ လမ်း ကြား ဂျန်းဗလီသို့ ယမန်နေ့ကသွားရောက်၍ အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များကို တစ်ဦးချင်း အာဟာရဖြည့်စွက်စာများ လှူဒါန်းပေးဝေခဲ့ကြသည်။

အဆိုပါ ဂျန်းဗလီတွင် မတ် ၁၁ ရက် မှ မေ ၁၀ ရက်ထိ ဥပုသ်တစ်လဆောက်တည်လျက်ရှိကြပြီး ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် နှစ်စဉ်အာဟာရဖြည့်စွက်စာများ လှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို (အင်္ဂလိပ်/မြန်မာ)နှစ်ဘာသာဖြင့် ၂၀၂၄ ခုနှစ် မေ ၁၀ ရက်တွင် ထုတ်ပြန်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website ဖြစ်သည့် www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူအလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု၊ ၂၀၂၃ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများနှင့် မဟာဗျူဟာစီမံကိန်း ပထမနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၃) အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ဒုတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၄)တွင် ဆောင်ရွက်ရန်လျာထားချက်များဟူ၍ အပိုင်း(၄)ပိုင်းခွဲခြား၍လည်းကောင်း၊ နောက်ဆက်တွဲများ၊ ပုံပြကားချပ်များဖြင့်လည်းကောင်း ပြုစုထားပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ် အစီရင်ခံစာပြုစုရေး လုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

☆ **ကျောဖုံးမှအဆက်**

ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် မဟာအောင်မြေခရိုင်အသင်းနှင့် ပြင်ဦးလွင်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြင်ဦးလွင်ခရိုင်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားပထမတံခွန်စိုက်ဆုဖလားရရှိသော ပြင်ဦးလွင်ခရိုင်အသင်းနှင့်အမျိုးသမီးပထမတံခွန်စိုက်ဆုဖလားရရှိသော မဟာအောင်မြေခရိုင်အသင်းတို့ကို ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသားဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတို့တွင် ပထမဆု၊ဒုတိယဆုနှင့် တတိယဆုရရှိသော အသင်းများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊အကောင်းဆုံးအားကစားသမားဆုများကိုလည်းကောင်း အသီးသီးချီးမြှင့်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်တို့ ပန်းသေးဗလီရှိ အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများလှူဒါန်း

**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်တို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ညနေပိုင်းက ရမ်ဇာန်လမြတ်ကာလတွင် ဥပုသ်ဆောက်တည်နေသော မဟာအောင်မြေမြို့နယ် ပန်းသေးဗလီရှိ အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများ သွားရောက်လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် လမ်း ၈၀၊ ၃၅လမ်းနှင့် ၃၆လမ်းကြားရှိ ပန်းသေးဗလီသို့ရောက်ရှိပြီး ဗလီဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များ၏ ဥပုသ်ဆောက်တည်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့တို့သည် ဥပုသ်ဆောက်တည်ပြီး ဥပုသ်ဖြည်နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များကို အာဟာရဖြည့်စွက်စာများကို တစ်ဦးချင်း လိုက်လံပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြင်းခြံမြို့နယ် ရသာကျေးရွာမှ ပြည်သူ သုံးဦးကိုပစ်သတ်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတုသတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရသာကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဧပြီ ၈ ရက်တွင် ဝင်ရောက်ခဲ့ပြီး ပြည်သူ သုံးဦးကိုပစ်သတ်ခဲ့ကာ နေအိမ် ၂၅၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း




လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြင်းခြံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဧပြီ ၈ ရက်တွင် အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ရသာကျေးရွာအနီးသို့ရောက်ရှိစဉ်တွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်သေနတ်များဖြင့် စတင်ပစ်ခတ်ခဲ့သည့်အတွက် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။ ထို့နောက်လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ထိရောက်သောပစ်ခတ်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးခဲ့ပြီး ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိနေအိမ်များကို မီးရှို့ထွက်ပြေးခဲ့သည့်အတွက် ရသာကျေးရွာရှိ နေအိမ်အချို့ မီးလောင်ဖျက်စီးခဲ့ရကြောင်းနှင့် အကြမ်းဖက်သမားနှစ်ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် မြင်းခြံမြို့နယ်ရှိ ကျေးရွာများတွင် အတင်းအဓမ္မငွေကြေးကောက်ခံခြင်း၊ လူသတ်စုဆောင်းခြင်းများအပြင် ဒေသခံပြည်သူများအား ဖမ်းဆီးနှိပ်စက်နေသည့်အတွက် အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် ဒေသခံများကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများ"**ခေါင်းစဉ်ဖြင့် ၁၀-၄-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပျော်ရွှင်ဆင်နွှဲ ပြည်သူတို့ရဲ့သင်္ကြန်ပွဲ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

➤ ➤ ➤

# နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ ရန်ကုန်မြို့သို့ ရောက်ရှိ

**နေပြည်တော် ဧပြီ ၉**

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် ပြည်သူများကို ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင်ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား K-pop အနုပညာရှင်များ ပထမအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါ ကိုရီးယား K-pop အနုပညာရှင်များ ပထမအဖွဲ့တွင်(ရုပ်ရှင်၊ ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာ ရိုက်ကူးထားသည့် သရုပ်ဆောင် ဘတ်အွန်းဟီး၊ K-pop အဆိုတော်များဖြစ်သည့် Rejen၊ Henny နှင့် 7 Kids Doll Group၊ Astel Dance Group နှင့် DJ- Saemi တို့အပါအဝင်အနုပညာရှင် ၂၄ ဦးပါဝင်ပြီး ယနေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)မှ ကိုရီးယားဘာသာစကားသင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍လည်းကောင်း၊ အနုပညာရှင်များ၏ ဓာတ်ပုံနှင့် အမည်စာတန်းပါကားချပ်များကိုင်ဆောင်၍ လည်းကောင်း၊ ရန်ကုန် အနုပညာအထက်တန်းကျောင်း (ပန်းချီကျောင်း)မှ အိုးစည်ဗုံပတ်အဖွဲ့က အတီးအမှုတ်၊အကတို့ဖြင့် လည်းကောင်း လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။

အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သမ္မတဟိုတယ်တွင်တည်းခိုကြမည်ဖြစ်ပြီး ဧပြီ ၁၀ ရက်တွင် နေပြည်တော်သို့ လာရောက်ကြမည်ဖြစ်ကြောင်း၊ ကိုရီးယား K-pop အနုပညာရှင် ငါးဦးပါအဖွဲ့သည် ဧပြီ ၁၁ ရက်တွင်လည်းကောင်း၊ ၁၉ ဦးပါအဖွဲ့သည် ဧပြီ ၁၄ ရက်တွင်လည်းကောင်း အသီးသီးထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်းနှင့် ဧပြီ ၁၂ ရက်ညတွင် မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ တင်ဆက်မည့် Friday Night Live Show တွင်လည်း ကိုရီးယားနာမည်ကျော်တေးသံရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဟိုပန်မြို့နယ် မန်မိုင်ရပ်ကွက်မှ ရွှေဝါကျေးရွာသို့ ဆက်သွယ်သည့် ကျောက်ချောလမ်းဆောင်ရွက်ပြီးစီး

**နေပြည်တော် ဧပြီ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဟိုပန်မြို့နယ် မန်မိုင်ရပ်ကွက်မှ ရွှေဝါကျေးရွာသို့ဆက်သွယ်သည့် ကျောက်ချောလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၂၇၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး)မှ သိရသည်။

အဆိုပါ ကျောက်ချောလမ်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဟိုပန်မြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာ တစ်ရွာ၊အိမ်ခြေ ၁၃၆၆၊ လူဦးရေ ၈၉၆၇ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကိုလံဘီယာနိုင်ငံ အမေဇုန်သစ်တောကြိုးဝိုင်းတွင် သစ်တောပြုန်းတီးမှုပမာဏလျော့ကျခဲ့



**ဘိုဂိုတာ မေ ၉**

ကိုလံဘီယာနိုင်ငံအတွင်း တည်ရှိသော အမေဇုန်သစ်တောကြိုးဝိုင်း ပြုန်းတီးမှုပမာဏ လျော့ကျခဲ့ကြောင်း ကိုလံဘီယာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဆူဇန်နာမူဟာမက်က ပြောကြားသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သစ်တောကြိုးဝိုင်းပြုန်းတီးမှု ကျဆင်းသွားသည့် ပမာဏသည် ၂၀၂၂ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း၊ ကိုလံဘီယာနိုင်ငံသည် ဇီဝမျိုးကွဲမျိုးစုံအများဆုံး နေထိုင်ကျက်စားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သစ်ပင်မျိုးစိတ်များသော နိုင်ငံလည်းဖြစ်ကြောင်း၊ သစ်တောပြုန်းတီးမှုကိုလျှော့ချနိုင်ပါက ဇီဝမျိုးကွဲမျိုးစုံကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်သလို ရာသီဥတုဖောက်ပြန်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည့်အတွက် သစ်တောပြုန်းတီးမှုလျှော့ချရေးကို အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ဆူဇန်နာမူဟာမက်က ပြောကြားသွားခဲ့သည်။

"၂၀၂၃ ခုနှစ်အတွင်းမှာ အမေဇုန်သစ်တောကြိုးဝိုင်းပြုန်းတီးမှုကို သိသိသာသာ လျှော့ချလာနိုင်ခဲ့ပါတယ်။ စီမံချက်တွေနဲ့ ဆောင်ရွက်နေတဲ့နေရာမှာ စီမံချက်တွေက ထိရောက်မှုရှိတဲ့အတွက်ကြောင့်လဲ သစ်တောကြိုးဝိုင်း ပြုန်းတီးမှု လျော့ကျလာခဲ့တာလဲဖြစ်ပါတယ်" ကိုလံဘီယာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဆူဇန်နာမူဟာမက်က ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ၂၀၂၄ ခုနှစ် မတ်လက ကမ္ဘာ့အပူချိန်အမြင့်ဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း C3S ထုတ်ပြန်

**ဘရပ်ဆဲလ် မေ ၉**

အပူချိန်မြင့်တက်မှုနှင့်ပတ်သက်ပြီး စစ်တမ်းများကောက်ယူချက်အရ ၂၀၂၄ ခုနှစ် မတ်လသည် ကမ္ဘာ့အပူချိန် အမြင့်ဆုံးသောလတစ်လအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းလက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် Copernicus Climate Change Service (C3S)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် မတ်လထိ အပူချိန်ဆက်တက် မြင့်တက်ခဲ့ကြောင်း၊ ၎င်းအနက် ၂၀၂၄ ခုနှစ် မတ်လက ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏမှာ အမြင့်ဆုံးဖြစ်ကြောင်း၊ အဆိုပါ ၁၂ လတာကာလအတွင်း ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏမှာ ၁၈၅၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အပူချိန်ပမာဏထက် ၁ ဒသမ ၅၈ ဒီဂရီစင်တီဂရိတ်ပိုများခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားလာမှုကို ပြသနေကြောင်း C3S၏ လက်ထောက်ညွှန်ကြားရေးမှူး ဆာမက်သာက ပြောကြားသွားခဲ့သည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အယ်နီညိုရာသီဥတု ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် ဇွန်လကနေ ၂၀၂၄ ခုနှစ် မတ်လအတွင်းမှာ အပူချိန်တွေ ဆက်တိုက်မြင့်တက်ခဲ့တယ်။ တစ်လချင်းစီတိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ပမာဏဟာလဲ စံချိန်တင်ပမာဏတစ်ရပ်ဖြစ်ပြီးတော့ ၂၀၂၄ ခုနှစ် မတ်လမှာဖြစ်ပေါ်ခဲ့တဲ့အပူချိန်ပမာဏဟာ ကမ္ဘာ့အပူချိန်အမြင့်ဆုံးလတစ်လအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ဒီလိုအပူချိန်တွေ ၁၂ လဆက်တိုက်မြင့်တက်ခဲ့တာမျိုး မဖြစ်ဖူးသေးပါဘူး။ မတ်လမှာဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ပမာဏဟာ စက်မှုအကြိုကာလကဖြစ်ပေါ်ခဲ့တဲ့ အပူချိန်ပမာဏထက် သိသိသာသာမြင့်တက်ခဲ့တယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ရာသီဥတု ပြောင်းလဲမှုနှုန်းတွေ မြင့်တက်လာတာ သိနိုင်ပါတယ်။ လက်ရှိအနေအထားအတိုင်းဆိုရင်တော့ ရာသီဥတုပြောင်းလဲမှုတွေကြောင့် အပူချိန်တွေဆက်လက်မြင့်တက်လာနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ တောမီးလောင်ကျွမ်းမှုတွေလဲ ဆက်တိုက်ဖြစ်ပေါ်ခဲ့တယ်"ဟု Copernicus Climate Change Service (C3S)၏ လက်ထောက်ညွှန်ကြားရေးမှူး ဆာမက်သာက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် စီးပွားရေးလုပ်ငန်းများနှင့် ယာဉ်များစုပြုံသွားလာမှုကြောင့် လေထုညစ်ညမ်းမှု အဓိကဖြစ်ပွားရခြင်းဖြစ်ကြောင်း ထုတ်ပြန်

**ဘရပ်ဆဲလ် မေ ၉**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် စီးပွားရေးလုပ်ငန်းများနှင့် ယာဉ်များ အများအပြား စုပြုံသွားလာနေမှုကြောင့် လေထုညစ်ညမ်းမှု အဓိကဖြစ်ပွားရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများ ပါဝင်သော အဖွဲ့တစ်ဖွဲ့က မေ ၇ ရက်က သတင်းစာများတွင် အိတ်ဖွင့်ပေးစာတစ်စောင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂ၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးယန္တရားဗဟိုချက်မြို့တစ်မြို့ဖြစ်သည့် ဘယ်လ်ဂျီယံနိုင်ငံ၏မြို့တော် ဘရပ်ဆဲလ်မြို့တွင် လေထုညစ်ညမ်းမှုကြောင့် ဒေသခံများ၏ကျန်းမာရေးအပေါ်ပြင်းထန်စွာသက်ရောက်မှုများဖြစ်ပေါ်လျက်ရှိရာ ဆရာဝန်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများနှင့် အခြားကျွမ်းကျင်သူများပါဝင်သော အဖွဲ့တစ်ဖွဲ့က လက်မှတ်များရေးထိုး၍ ဘယ်လ်ဂျီယံနိုင်ငံအတွင်း ထုတ်ဝေသော သတင်းစာများတွင် အိတ်ဖွင့်ပေးစာတစ်စောင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဘရပ်ဆဲလ်မြို့တွင် လေထုညစ်



ညမ်းမှုကြောင့် တစ်နှစ်လျှင် လူဦးရေ ၉၀၀ ကျော် အချိန်မတိုင်မီ သေဆုံးလျက်ရှိပြီး တစ်ရက်လျှင် နှစ်ဦးထက် ပိုမိုသေဆုံးလျက်ရှိရာ မြို့တော်အတွင်း သေဆုံးမှုအားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်သည် လေထုညစ်ညမ်းမှုကြောင့်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ကျွမ်းကျင်သူများ၏ ထုတ်ပြန်ချက်သည် မကြာသေးမီက ပြုလုပ်သည့် Barcelona Institute for Global Health အဖွဲ့၏ သုတေသနပြုချက်များအရ ဥရောပရှိ မြို့ပေါင်း ၈၀၀ တွင် ဘရပ်ဆဲလ်မြို့သည် လေထုထဲတွင် နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်ငွေ့ ပါဝင်မှု အဋ္ဌမမြောက်အဆိုးရွားဆုံးမြို့အဖြစ် အဆင့်သတ်မှတ်ခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဘရပ်ဆဲလ်မြို့ရှိ လေထုညစ်ညမ်းမှုကြောင့် လူများတွင် အာရုံစူးစိုက်နိုင်မှုလျော့နည်းခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ဆီးချိုရောဂါ၊ လမစေ့ဘဲကလေး မွေးဖွားခြင်းနှင့် လေဖြတ်နိုင်ခြင်းများဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Ref : Xinhua News**

**Trs : AZH**

# ကာဇက်စတန်နိုင်ငံတွင် ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် အတားအဆီးများပြုလုပ်နေ

**အက်စ်တာနာ မေ ၉**

ကာဇက်စတန်နိုင်ငံတွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသည့်နေရာများတွင် အတားအဆီးများ ပြုလုပ်နေကြောင်း ကာဇက်စတန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ် အတားအဆီးများဆောင်ရွက်နေသည့် ဧရိယာများသို့ ကာဇက်စတန်ဝန်ကြီးချုပ်ဘက်တီနော့ဗ်ကိုယ်တိုင် သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း၊ ရေကာတာများတွင်လည်း ရေပမာဏမြင့်တက်နေပြီး လိုအပ်လာပါက ရေကာတာမှရေများကို ဖောက်ချရမည်ဖြစ်သည့်အတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်များကို ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ရေဘေးအန္တရာယ် အတားအဆီးများပြုလုပ်ရာတွင်လည်း စက်ယန္တရားအကူအညီများကိုရယူကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြောက်ပိုင်းဒေသတွေမှာရှိတဲ့ ရေကာတာတွေမှာ ရေပမာဏ သိသိသာသာ မြင့်တက်နေတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့အတွက်ကြောင့် ရေဘေးအန္တရာယ် အတားအဆီးတွေပြုလုပ်သွားဖို့ညွှန်ကြားထားတယ်။ အတားအဆီးတွေ ပြုလုပ်နေတဲ့နေရာကိုလဲ ကျွန်တော်ကိုယ်တိုင်သွားရောက်ပြီးတော့ ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ဒေသခံတွေနဲ့လဲ တွေ့ဆုံခဲ့ပြီး ရေဘေးအန္တရာယ်ကြောင့် မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ မဖြစ်ပေါ်စေဖို့ ရေဘေးအန္တရာယ်ဖြစ်ပေါ်လာရင် လိုက်နာဆောင်ရွက်သွားရမဲ့ ကိစ္စတွေကိုလဲ ချပြရှင်းလင်းခဲ့ပါတယ်"ဟု ကာဇက်စတန်ဝန်ကြီးချုပ် ဘက်တီနော့ဗ်က ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ် အတားအဆီးများ ဆောင်ရွက်ရာတွင် တပ်မတော်သား အင်အား ၃၀၀၊ ဒေသခံပြည်သူလူထု ၁၂၀၀ နှင့် ကယ်ဆယ်ရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေသည့်နေရာများမှာ ကာဇက်စတန်နိုင်ငံမြောက်ဘက်ပိုင်းနေရာများဖြစ်ပြီး ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးများကိုလည်း ၂၄ နာရီလုံး ဆောင်ရွက်လျက်ရှိကြောင်း ကာဇက်စတန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

## လျှပ်လျှပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။



ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။



ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်ဓါတ်ကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



# နွေကပေးတဲ့သင်ခန်းစာ

ပိုင်ဆု(ပညာရေး)



(၁)

နွေရာသီ ကျောင်းပိတ်ရက်ဆိုသော်လည်း မောင်ပိုင်အတွက်တော့ အနားမရနိုင်ပေ။ ညီဖြစ်သူ ဖိုးထက်နှင့်အတူ ရပ်ကွက်တကာလိုက်၍ ကုက္ကိုသီးတောင့်များလိုက်ကောက်ပြီး နွေရာသီ၏ သရုပ်ကို ရေးဆွဲနေခဲ့ရသည်။ အဘွားနှင့် အမေဖြစ်သူတို့က သူတို့ကောက်လာသော ကုက္ကိုသီးတောင့်များကိုထုပြီး ကုက္ကိုစေ့များကိုလှော်ကာ စက္ကူကတော့လေးများနှင့် ထည့်ပေးသည်။ သူတို့ညီအစ်ကိုနှစ်ယောက်ကတော့ ကုက္ကိုစေ့လှော်များကို ရပ်ကွက်ဗီဒီယိုရုံရှေ့တွင်ထိုင်ကာ ရောင်းချပေးရသည်။

"ညီလေးဖိုးထက် ကုက္ကိုစေ့တွေကုန်ပြီ ပြန်ကြရအောင်"

"ဟုတ် အစ်ကိုကြီးပိုင်။ ညီလေးတို့ပြန်ရင် အန်တီဌေးတို့အိမ်ဘက်ကပြန်ကြမယ်လေ။ သူတို့အိမ်က သရက်ပင်ကသရက်သီးတွေက ခြံပြင်ကကိုင်းမှာ အများကြီးပဲ"

"ဟာ တော်ကြာအန်တီဌေးဆဲတာခံနေရပါအုံးမယ်။ မလုပ်ပါနဲ့ညီလေးရာ သူများပစ္စည်း မသိအောင်ယူတာမကောင်းဘူးလို့ အဘွားနဲ့ အမေက ပြောထားတယ်လေ"

"ဒါဆိုလဲ အစ်ကိုကြီးရာ ကြွေကျတာလေးတွေရှိရင်ကောက်သွားကြတာပေါ့။ မေမေနဲ့အဘွားတို့ ငါးပိရည်နဲ့တို့စားလို့ရအောင်ပါ"

မောင်ပိုင်လည်း ဘာမှမပြောတော့ဘဲ ညီဖြစ်သူအလိုကျ အန်တီဌေးတို့လမ်းဘက်က ပတ်ပြန်ခဲ့တော့သည်။ ကုက္ကိုစေ့ရောင်းရသည့် ပိုက်ဆံလေးများကို ပလတ်စတစ်အိတ်လေးထဲသို့ထည့်ပြီးချည်ကာ အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်သည်။ ညီဖြစ်သူ ဖိုးထက်ကတော့ ဗန်းအလွတ်ကြီးကိုကိုင်လျက်သူ၏ဘေးမှ လျှောက်လာခဲ့သည်။ မောင်ပိုင်နှင့် ဖိုးထက်သည် အသက်နှစ်နှစ်ကျော်ကွာသည်။ မောင်ပိုင်သည် အသက်၁၀နှစ်ဖြစ်ပြီး လေးတန်းဖြေဆိုထားသည်။ ဖိုးထက်ကတော့ အသက်ရှစ်နှစ်ဖြစ်ပြီး နှစ်တန်းဖြေဆိုထားသည်။

"အစ်ကိုကြီးပိုင် ဟိုမှာကြည့်စမ်း"

ဖိုးထက်ညွှန်ပြရာသို့ သူကြည့်လိုက်သည်။ ကသစ်ပင်တွင် အရွက်နုအညွန့်များသည် ဝေဆာလျက်ရှိနေသည်။ ယခုလိုနွေရာသီရောက်တိုင်း ကသစ်ပင်မှ အညွန့်အဖူးများထွက်တတ်သည်။ ကသစ်ပင်သည် ပိုင်ရှင်မဲ့လမ်းတွင် ပေါက်နေသောအပင်ဖြစ်သည်။ ထို့ကြောင့် သူလည်းဝမ်းသာအားရဖြင့် အပင်ပေါ်သို့ရသလောက်တက်ကာ ကသစ်ညွှန့်များခူးလိုက်တော့သည်။ ဆူးများသော အပင်မို့ သတိထားတက်ရသည်။ ဖိုးထက်သည် တုတ်တစ်ချောင်းယူပြီး ကမ်းပေးတော့ အဆင်ပြေသွားသည်။ ထို့နောက် ညီအစ်ကိုနှစ်ယောက်သား အန်တီဌေးတို့အိမ်ဘက် ပင်မသွားတော့ဘဲ ကသစ်ညွှန့်အရွက်များကို ဗန်းထဲထည့်၍ အိမ်ပြန်ခဲ့ကြတော့သည်။

(၂)

ဘဲဥနှစ်လုံးကိုလေးခြမ်းခြမ်းကာ အရည်ကျဲကျဲလေးဖြင့်ချက်ပြီး ကသစ်ညွှန့်ဟင်းချိုလေးဖြင့် အဘွား၊ အမေနှင့်သူတို့ညီအစ်ကိုနှစ်ယောက် ထမင်း အားရပါးရစားလိုက်ကြသည်။ ထို့နောက်ဖိုးထက်သည် လမ်းထိပ်စာအုပ်အငှားဆိုင်မှ ရုပ်ပြစာအုပ်တစ်အုပ်ငှားကာ ဖတ်နေတော့သည်။ အမေကတော့ ထုထားသော ကုက္ကိုစေ့များကို အိမ်ရှေ့တွင် ရေဖြင့်ဆေးကြောသန့်စင်နေသည်။ သူလည်း ဘုရားစင်နားတွင် လှဲနေသော အဘွားအနားသို့သွားပြီး အဘွားခြေထောက်လေးကိုနှိပ်ပေးလိုက်သည်။ ထို့နောက် သူသိလိုသည်များကိုမေးလိုက်တော့သည်။

"အဘွား အဖေက အလုပ်သွားလုပ်တာပြန်မလာသေးဘူးလားဟင်"

အဘွားက ချက်ချင်းမဖြေသေးဘဲ သူ၏လက်ကလေးကိုဆုပ်ကိုင်လိုက်သည်။

"ပြန်လာမှာပေါ့သားရယ်။ သားအဖေက နယ်စပ်မှာ မိသားစုအတွက်အလုပ်လုပ်နေတာလေ ပြန်လာတော့မှာပါ"

အဖေသည် လွန်ခဲ့သည့် နှစ်နှစ်ကျော်ကတည်းက နယ်စပ်တွင် အလုပ်သွားလုပ်သည်။ လေးလတစ်ကြိမ်လောက်တော့ လူကြုံဖြင့်ငွေပို့သည်။ မည်သို့ဆိုစေ တစ်ခါတလေတော့လည်း အဖေ့ကို သူသတိရမိသည်။ အဘွားသည် အဖေ၏အမေဖြစ်သည်။ အဘွားသည် အမေ့ကိုချွေးမဆိုသော်လည်း သမီးတစ်ယောက်လို သဘောထားသည်။ အမေကလည်း အဘွားကိုချစ်သည်။ အဘွားသည် မိသားစုကိုအမြဲဆိုဆုံးမလေ့ရှိပြီး ကိုယ့်အားကိုယ်ကိုးနိုင်အောင်လည်း လမ်းပြပေးသူဖြစ်သည်။

"အဘွား သားတစ်ခုပြောစရာရှိလို့"

"ဘာပြောမှာလဲ သားရဲ့"

"ဟို အောင်ဘုတို့ကပြောလို့ပါ ညဘက်ဘုန်းကြီးကျောင်းမှာ ကိုရင်လေးတွေကို မုန့်သွားခိုးရောင်းလို့ရတယ်တဲ့ ကိုရင်တွေက ညစာမစားရတော့ ဗိုက်ဆာတယ်တဲ့။ အဲဒါ သားတို့ အဲဒီမှာသွားရောင်းရင်"

"တော်စမ်း"

အဘွားသည် လှဲနေရာမှ ထထိုင်လိုက်သည်။ ထို့နောက် ပြေနေသော ဆံစများကိုစု၍ ဆံထုံးထုံးလိုက်သည်။

"ဒီမှာသား မလုပ်ရဘူးလို့ တားမြစ်ထားတဲ့အရာတွေ၊ စောင့်ထိန်းရမဲ့ကျင့်ဝတ်တွေကို အပြစ်ဖြစ်အောင် လုပ်မိရင် ကျူးလွန်တဲ့သူကော၊ ကျူးလွန်အောင်လှုံ့ဆော်ဖန်တီးပေးတဲ့သူကော အကုသိုလ်ရတယ် သား။ အဲလိုအတွေးမျိုး တွေးတောင် မတွေးရဘူးကြားလား မီးကိုကိုင်ရင်ဘယ်လိုနေမလဲသား"

"ပူတယ် အဘွား"

"အေး ကိုရင်လေးတွေကို ညစာမစားရလို့ဆိုပြီး မုန့်သွားရောင်းရင် မီးကိုကိုင်ရသလို ပူလောင်တဲ့ ဝေဒနာကို အခုဘဝမှာကော၊ နောင်ဘဝမှာပါ ခံရလိမ့်မယ် ကြားလား။ ကုသိုလ်ရဖို့ ညစာမစားသူကို ကုသိုလ်မရတော့အောင် ညစာတွေကျွေးမယ်၊ ရောင်းမယ်ဆိုရင် သားရဲ့ကြီးမှာ မကြောက်ဘူးလား"

"ကြောက်တယ် အဘွား"

"အေး ဒါဆို အဘွားပြောတာတွေကို မှတ်ထားရမယ်နော်ကြားလား"

သူခေါင်းညိတ်လိုက်သည်။ အဘွားပြောသည့် စကားများကိုလည်း ရင်ထဲအသည်းထဲထိ ရောက်အောင်ပင် သိမ်းဆည်းလိုက်တော့သည်။

(၃)

"ကုက္ကိုစေ့လေး ဘယ်သူလှော် ညီအစ်ကို နှစ်ယောက်လှော် ကုက္ကိုစေ့လေး ဘယ်သူရောင်း ဆင်းရဲသားတွေရောင်း"

လေးတန်းကျောင်းသားတစ်ခန်းတည်း အတန်းဖော် စောဝင်းကြည်၏ လှောင်ပြောင်နေသောအသံကိုကြားလိုက်ရသည်။ စိတ်ထဲဒေါသထွက်မိသော်လည်း အဘွားဖြစ်သူပြောထားသည့် သည်းခံစိတ်ကို သတိရလိုက်ပြီး မကြားချင်ယောင်ဆောင်နေလိုက်သည်။

"ဟောဒီဘက်က ကုက္ကိုစေ့လှော်ဗိုက်အောင့်မယ်၊ ဝမ်းကိုက်မယ်၊ ရောဂါရမယ် စားကြအုံးမလားနော်"

သည်းခံနေသည့်ကြားမှပင် စောဝင်းကြည်သည် ပိုဆိုးလာသည်။ ညီဖြစ်သူဖိုးထက်သည် လက်သီးကို ဆုပ်လျက် ဒေါသထွက်နေသည်။

"အစ်ကိုကြီးပိုင် ညီလေးဒေါသထွက်လာပြီနော်။ အဲကောင်ကို သွားထိုးတော့မှာ"

"ထားလိုက်ပါညီလေးရယ်။ အဘွားပြောထားတယ်မလား။ သည်းခံရမယ်လေ။ သူပြောရင် သူအကုသိုလ် သူပဲခံရမှာ"

"ကျောင်းမှာတုန်းကလဲ အဲကောင်လိုက်စနေတာ အမြဲတမ်းပဲ။ ညီလေးလဲသည်းခံပါတယ်။ အခုက တရားလွန်နေပြီ"

"ငကြောက်တွေက ပြန်မပြောရဲကြပါဘူးကွာ။ အခြောက်တွေလားမသိပါဘူး"

စောဝင်းကြည်သည် ဘေးနားမှသူ၏ သူငယ်ချင်းဖြစ်သူကို ပြောနေလိုက်သေးသည်။ သူလည်း ဘာမှမပြောတော့ဘဲ စောဝင်းကြည်ကို စိုက်ကြည့်လိုက်သည်။ သူ၏ဒေါသများသည်လည်း တဖြည်းဖြည်း တောက်လောင်လာသည်။

"ဟေ့ကောင်မောင်ပိုင် မင်းကဘာကြည့်တာလဲ သတ္တိရှိလို့လား။ ဟင်းချက်စရာမရှိလို့ ကသစ်ရွက်တွေလိုက်ခူးစားတဲ့ကောင်ကများ မိုက်ရင်လာလေ"

သူလည်း ဘာစကားမှမတုံ့ပြန်တော့ဘဲ အနားတွင်တွေ့သော သစ်သားချောင်းကို ကောက်ကိုင်လိုက်ကာ စောဝင်းကြည်အနားသို့ တစ်လှမ်းချင်းလျှောက်သွားလိုက်တော့သည်။ အဘွားပြောနေကျ သည်းခံစိတ်ကို ကြားနေရသော်လည်း သူ၏အသိစိတ်ကို မလွှမ်းမိုးနိုင်တော့ပေ။ ထို့နောက် မျက်စိကိုစုံမှိတ်ကာ အားရပါးရ ရိုက်ချလိုက်စဉ်-

"အား. . ."

နောက်ဆုံးကြားလိုက်ရသော အသံတစ်ချက်နှင့် လွင့်စဉ်လာသော သွေးများကြားဝယ် သူ၏အမြင်အာရုံသည်လည်း မှေးမှိန်ခဲ့ရတော့သည်။

(၄)

"အမေ အဘွား"

"သား သတိရပြီလား အမေရှိတယ်လေ"

"သား မောင်ပိုင် အဘွားလဲရှိတယ်နော်"

❖ မောင်ပိုင်လည်း ဘာမှမပြောတော့ဘဲ ညီဖြစ်သူအလိုကျ အန်တီဌေးတို့လမ်းဘက်က ပတ်ပြန်ခဲ့တော့သည်။ ကုက္ကိုစေ့ရောင်းရသည့် ပိုက်ဆံလေးများကို ပလတ်စတစ်အိတ်လေးထဲသို့ထည့်ပြီးချည်ကာ အင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်သည်။ ညီဖြစ်သူဖိုးထက်ကတော့ ဗန်းအလွတ်ကြီးကိုကိုင်လျက် သူ၏ဘေးမှ လျှောက်လာခဲ့သည်။ မောင်ပိုင်နှင့် ဖိုးထက်သည် အသက်နှစ်နှစ်ကျော်ကွာသည်။ မောင်ပိုင်သည် အသက်၁၀နှစ်ဖြစ်ပြီး လေးတန်းဖြေဆိုထားသည်။ ဖိုးထက်ကတော့ အသက်ရှစ်နှစ်ဖြစ်ပြီး နှစ်တန်းဖြေဆိုထားသည်။ ❖

စာမျက်နှာ ၂၅သို့ ➤

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၂၆ ဧက ရိတ်သိမ်းပြီးစီး



**ကလေးဝ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၃၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၂၆ ဧကစိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့သောစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၆၆ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ကလေးဝမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း၂၃၂၆ ဧက စိုက်ပျိုးထားတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ်ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဥတ္တရသီရိမြို့နယ် တံတားဦးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဧပြီ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံတားဦးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တံတားဦးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တံတားဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ်၁၄ဒသမ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

➤ စာမျက်နှာ ၂၄ မှအဆက်

မျက်လုံးကိုအားယူပြီး ဖွင့်ကြည့်လိုက်တော့ ဆေးခန်းတစ်ခု၏ ခုတင်ပေါ်ရောက်နေသည်။ အနားတွင် အမေ၊ အဘွားနှင့် ညီလေးလည်း ရှိနေသည်။ ထို့နောက် သူ၏အသိစိတ်ဝယ် စောဝင်းကြည်ကို မြင်ယောင်လာသည်။

"သွေး သွေးတွေ စော စောဝင်းကြည် ဘာဖြစ်သွားပြီလဲဟင်"

"ဘာမှမဖြစ်ပါဘူး သားရယ်။ ခေါင်းတော့ ရှစ်ချက်ချုပ်လိုက်ရတယ်"

အမေ၏စကားကြောင့် သူထိတ်လန့်ခဲ့ရသည်။ လူတစ်ယောက်ကို ဘယ်တော့မှနာကျင်အောင်လုပ်လေ့မရှိသော သူသည် ယခုသည်းခံစိတ် မထားနိုင်ဘဲ ဒေါသစိတ်တစ်ခု၏ တွန်းအားကြောင့် တစ်ဖက်သားကို ခေါင်းကွဲအောင် ရိုက်ခဲ့မိပြီဖြစ်သည်။

"သူ သူခေါင်းကွဲသွားတာပေါ့နော်။ သားရိုက်မိတဲ့ အတွက် သားအပြစ်ဖြစ်ပြီပေါ့နော်။ အဘွား"

"သားမှာ အပြစ်မဖြစ်ပါဘူးကွယ်"

"ဗျာ သားမှာအပြစ်မဖြစ်ဘူးဟုတ်လား အဘွား။ အဘွားပြောတော့ သူတစ်ပါးကိုနာကျင်အောင်လုပ်ရင် အပြစ်ဖြစ်တယ်ဆို"

"ဟုတ်တယ်လေ။ သားမှ စောဝင်းကြည်ကို မရိုက်ခဲ့တာ"

"ဗျာ"

"ဟုတ်တယ်။ သားက သူ့ဆီ ဒေါသစိတ်နဲ့သွားပြီး ရိုက်ဖို့ပြင်နေတဲ့အချိန် သူနဲ့ရန်ဖြစ်ထားတဲ့ အောင်ဘုက နောက်ကနေရောက်လာပြီး သူ့ကိုရိုက်လိုက်တာလေ။ သားက သူ့ဆီကသွေးတွေမြင်ပြီး မေ့လဲသွားတာသားရဲ့"

အဘွားဆီက စကားကြားမှပင် သူသက်ပြင်းချနိုင်ခဲ့တော့သည်။ သူ ရိုက်ရန်ပြင်လိုက်သော်လည်း မရိုက်ဖြစ်ခဲ့ကြောင်းကိုလည်း ယခုမှတ်မိလာတော့သည်။

"တော်သေးတာပေါ့ အဘွားရယ်"

"အေးပေါ့ကွယ် စောဝင်းကြည်ကလဲ သူ့အကုသိုလ် သူ့အကျိုးပေးပြီး ခေါင်းကွဲသွားတယ်။ အောင်ဘုကလဲ ကိုရင်လေးတွေကို ညစာမုန့်ရောင်းတဲ့အကျိုးပေးကြောင့် အခုသူများကိုရိုက်မှုဖြစ်ပြီး ရပ်ကွက်ရုံးမှာ အခုရှင်းနေရတယ်။ ဒါကြောင့်ပြောတာ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာလေ။ မကောင်းတာလုပ်ရင် သူ့အလိုလိုအကျိုးပေးလာလိမ့်မယ်။ ချက်ချင်းမဖြစ်သေးတာပဲရှိတာ"

"ဟုတ်ကဲ့အဘွား သားသိပါပြီ"

"ဟုတ်တယ်သားတို့။ သားတို့အဘွားပြောတာမှန်တယ်။ သားတို့က မိဘတွေ၊ အဘွားတွေကိုကူညီတယ်။ ဆုံးမတဲ့အတိုင်း သည်းခံစိတ်နဲ့နေခဲ့တဲ့အကျိုးကျေးဇူးတွေက အခုလို သူများကိုရိုက်မဲ့အချိန်မှာတောင် ကံကအပြစ်မဖြစ်အောင် သူ့အလိုလိုဖယ်သွားပေးတယ်လေ။ ဈေးရောင်းတယ်ဆိုတာ ရှက်စရာမဟုတ်ဘူးဆိုတာ သူတို့လေးတွေမသိလို့ သားတို့ကို လှောင်ပြောင်နေတာ ခွင့်လွှတ်ပေးလိုက်ပါသားတို့ရယ်။ သည်းခံစိတ်က အရမ်းကိုအေးချမ်းပါတယ်"

သူတို့ညီအစ်ကိုနှစ်ယောက်စလုံး ငြိမ်တူခေါင်းညိတ်လိုက်ကြသည်။ ကံတရား၏အကျိုးပေးများကိုလည်း ကိုယ်တိုင်ထင်ထင်ရှားရှားမြင်တွေ့ခဲ့ရပြီဖြစ်သည်။ သူ့အတွက်တော့ နွေဦးတွင်ကြုံခဲ့ရသော သင်ခန်းစာသည် တစ်သက်တာလုံးအတွက် အမှတ်ရနေမည်မှာ အသေအချာပင်ဖြစ်ပါတော့သည်။

## အပူဒဏ်အန္တရာယ် တားဆီးကာကွယ်

\- ဂိမှာန်နွေ အရှိန်ပြင်းလို့
အိမ်အတွင်း နေထိုင်ပါ၊
အရိပ်ကောင်းရာ သစ်ပင်အနား
သွားရောက်ခိုကာ၊
နေပူသွားခြင်း ရှောင်ကြဉ်ပါ
အရိပ်မှာ နေစို့လား၊
မဖြစ်မနေ အပြင်ခရီးကို
ထီး ခမောက်ဆောင်းသွား။

\- အဖြူရောင် အဝတ်များဖြင့်
ဝတ်ဆင်သွား နေပူကို၊
ရေကို များများသောက်ကြ
အားအင်တွေလို၊
ချွေးထွက်များက ဓာတ်ဆားကို
လိုအပ်သလို သောက်စို့လား၊
အပူလျှပ်ကာ ပင်ပန်းနွမ်းနယ်က
ဆေးခန်းသို့သွား။

\- သက်ကြီးရွယ်အို ကလေးများ
သတိထား ပြုစုပါ၊
နှလုံးဆီးချို သွေးတိုးသမား
ဖေးမကူကာ၊
လေဝင်လေထွက် ကောင်းသောနေရာ
ပြောင်းရွှေ့ကာ ပြုစုပေး၊
နေပူထဲမှလာ ရေချိုးခြင်းအား
ရှောင်ရှားအဝေး။ ။

**ပန်းမာလာ**

# အောင်လံမြို့နယ် ဘို့လည်(မြစ်နား)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အောင်လံ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်နံ့သာကျေးရွာအုပ်စု ဘို့လည်(မြစ်နား)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း တာဝန်ခံများနှင့်အတူ ဘို့လည်(မြစ်နား)ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတွင်း ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

ဘို့လည်(မြစ်နား)ကျေးရွာတွင်းလမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၁ ဒသမ ၉၉ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၈၁ သန်းစုစုပေါင်းငွေကျပ် ၁၇ ဒသမ ၈ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ်မတ်လပထမပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုလှိုင်**

# ရာဇဝတ်မှုတွင် တရားလိုသည် အစိုးရသာဖြစ်သည်

စိန်လှိုင်ဗိုလ်

တရားမမှုများတွင် အမှုအတောအတွင်း တရားလို သေဆုံးခဲ့လျှင် ၎င်း၏ကိုယ်စား တရားဝင်ကိုယ်စားလှယ်ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ရာဇဝတ်မှုများတွင် တရားလိုသည် အစိုးရသာလျှင်ဖြစ်သောကြောင့် တိုင်တန်းသူ သေဆုံးသော်လည်း အမှုမှာ ရပ်ဆိုင်းသွားခြင်းမရှိပေ။ သေဆုံးသူ၏ကိုယ်စား အခြားသူတစ်ဦးဦးကို တရားလို အစားထိုးရန်မလိုပေ။ ထိုသို့ အစားထိုးခွင့်လည်း ပြဋ္ဌာန်းချက် မရှိပေ။ အမှုကို တရားရုံးက ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးကြားနာရန်သာ ရှိပေသည်။

ထို့နည်းတူ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားသော အမှုများတွင်လည်း တိုက်ရိုက်လျှောက်ထားသော တရားလိုရှိနေလျှင် အမှုကို ဆက်လက်ဆောင်ရွက်ခြင်း အကျိုးဆောင်ကိုယ်စားလှယ်လွှဲခြင်းများ ပြုလုပ်နိုင်သော်လည်း တိုက်ရိုက်လျှောက်ထားသော တရားလို သေဆုံးလျှင် ၎င်းကိုယ်စား ပုဂ္ဂိုလ်တစ်ဦးဦးက အမှုကိုဆက်လက်ဆောင်ရွက်ခွင့်မရှိကြောင်းနှင့်ပတ်သက်၍ **ဦးလှဖေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၄ ၁၉၉၃ ခုနှစ်၊ မ.တ.ဓ တရားရုံးချုပ် ၈၁-၁၈၅ စီရင်ထုံးသည်**ပြည်သူအများ သိသင့်သိထိုက်သော ဥပဒေပြဋ္ဌာန်းချက်ဖြစ်ပါ၍ ဗဟုသုတအလို့ငှာ အမှုတစ်ခုကိုအကြောင်းပြု၍ ရေးသားဖော်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်နေ ဒေါ်ရင်က ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် မြေနှင့် နှစ်ထပ်တိုက်အဆောက်အအုံတို့ကို လက်ရှိထားရှိပြီး သော့သုံးလုံးခတ်ပိတ်ထားရာ သားအရင်းအဖြစ်မှ စွန့်လွှတ်ထားသူ ကိုအောင်မော်လင်းက သော့များကို ရိုက်ချိုးဖျက်ဆီး၍ တိုက်အတွင်း အတင်းအဓမ္မကျူးကျော်ဝင်ရောက်ကာ လင်ရှိဘာကား သ/၄၀၂၈ ကိုလည်းကောင်း၊ ကုန်ပစ္စည်းထည့်ထားသော ကုန်သေတ္တာကိုလည်းကောင်း တရားခံသည် ရိုက်ချိုးဖျက်ဆီးသဖြင့်ပျက်စီးဆုံးရှုံးကြောင်း အချင်းဖြစ်ကိစ္စကို သက်ဆိုင်ရာ ရ.ဝ.တသို့ တိုင်ကြားပြီးနောက် ချမ်းမြသာစည်မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုရာမှ ပေါ်ပေါက်လာသော အမှုဖြစ်ပါသည်။

ချမ်းမြသာစည်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်-၂၆၈၇/၉၄ တွင် ဒေါ်ရင်က ကိုအောင်မော်လင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၄၂၇/၄၄၈/၄၅၄ တို့အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားတရားစွဲဆိုမှုတွင် ဒေါ်ရင်က မိမိကိုယ်စား သမီးဖြစ်သူ ဒေါ်ပြုံးပြုံးအောင်ကို တရားလိုအဖြစ် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲ၍ အစစ်ဆေးခံရန် လျှောက်ထားခဲ့ပါသည်။ ထိုလျှောက်လွှာကို မူလရုံးက ပလပ်ခဲ့သဖြင့် ဒေါ်ရင်က မန္တလေးတိုင်းတရားရုံး(မန္တလေးခရိုင်)သို့ ပြင်ဆင်မှုဝင်ရောက်ခဲ့ရာ မူလရုံးကချမှတ်သော အမိန့်ကိုပယ်ဖျက်၍ ကိုယ်စားလှယ်လွှဲအပ်စစ်ဆေးခွင့်ကို လက်ခံပြီးနောက် အမှုကို စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ပါသည်။ အဆိုပါအမိန့်မှာ ဥပဒေနှင့် မညီညွတ်ဟု အကြောင်းပြကာ ကိုအောင်မော်လင်းက တရားရုံးချုပ်တွင် ပြင်ဆင်မှုလျှောက်ထားလာခြင်းဖြစ်ပါသည်။

လျှောက်ထားသူ ကိုအောင်မော်လင်း ရှေ့နေက အဓိက အကြောင်းပြချက်အဖြစ် တင်ပြရာတွင် ဒေါ်ရင်၏ လျှောက်လွှာကိုပယ်ခဲ့သော မူလရုံးက **ပြစ်မှုဆိုင်ရာအမှုများတွင် တရားလို၏ကိုယ်စား စစ်ဆေးခံနိုင်ရန် အထွေထွေကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းချက် မရှိပေဟု သုံးသပ်ခဲ့ကြောင်း၊** တိုင်းတရားရုံးက “ဤအမှုတွင်



ကိုယ်စားလှယ်စာကို ဖတ်ကြည့်လိုက်ပါက ပြစ်မှုများတွင်လည်း အစစ်ခံခွင့်ပါ လွှဲအပ်ထားသည်ကို တွေ့ရသည်။ သို့အတွက် လျှောက်ထားသူ၏ တင်ပြချက်သည် ဥပဒေဘောင်အတွင်းမှ တင်ပြတောင်းခံချက် မဟုတ်ပါဟုဆိုရန် ခဲယဉ်းနေသည်” ဟု သုံးသပ်ပြီး ဒေါ်ရင်၏ တင်ပြချက်ကို လက်ခံကာ အမှုကို ဆက်လက်စစ်ဆေးရန် ညွှန်ကြားလိုက်ခြင်းသည် မှားယွင်းနေကြောင်း တင်ပြသည်။

ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရသူက အမှုကို ဆောင်ရွက်ခွင့်မရှိကြောင်း ရာဇဝတ်မှုများတွင် မည်သူမဆိုတိုင်လျှောက်သူအဖြစ် တရားလိုပြုလုပ်နိုင်သော်လည်း တရားလိုအဖြစ်စွဲဆိုသူက အမှုကို မိမိကိုယ်စား ဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်လွှဲစာ အပ်နှင်းခွင့်မရှိကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် အထွေထွေကိုယ်စားလှယ်လွှဲအပ်နိုင်ကြောင်း ပြဋ္ဌာန်းချက်မရှိသဖြင့် တိုင်းတရားရုံးက တရားလို၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူအား တရားလို ကိုယ်စား အမှုကို ဆောင်ရွက်ခွင့်ပြုခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲခဲ့ပါသည်။

ဒေါ်ရင်၏ ရှေ့နေကမူ ဒေါ်ရင်သည်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၂၀၀ အရ ကိုယ်တိုင် အစစ်ခံပြီးနောက်မှ အသက်အရွယ်ကြီးရင့်ပြီး သွေးတိုးရောဂါရှိသူဖြစ်၍ အတူနေသမီး မပြုံးပြုံးအောင်အား ကိုယ်စားလှယ်လွှဲစာပေး၍ အစစ်ခံစေခြင်းဖြစ်ကြောင်း၊ ဤအမှုတွင် တရားလိုနှင့် တရားခံတို့မှာ သားအမိဖြစ်ပြီး ကိုယ်စားလှယ်မှာလည်း အတူနေသမီးဖြစ်၍ အမှုအကြောင်းအရာများနှင့်ပတ်သက်ပြီး နှစ်ဦး နှစ်ဖက်သိရှိပြီးဖြစ်သဖြင့် ကိုယ်စားလှယ်အဖြစ် အစစ်ခံခြင်းအားဖြင့် အမှန်တရားကို ဖုံးကွယ်ရန် အကြောင်း မရှိကြောင်း လျှောက်ထားတင်ပြသည်။

ရှေ့နေချုပ်ရုံးကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက တင်ပြရာတွင် ဒေါ်ရင်က ၎င်း၏ သမီး မပြုံးပြုံးအောင်ကို ၎င်း၏ ကိုယ်စားစစ်ဆေးပေးရန် ကိုယ်စားလှယ်လွှဲစာလွှဲအပ်ခြင်းမှာ အမှုအဖြစ်အပျက်ကို သိရှိသူတစ်ဦးအနေဖြင့် လွှဲအပ်စစ်ဆေးစေခြင်းဖြစ်၍ ၎င်းကိုယ်တိုင်အစစ်ခံရန်ပျက်ကွက်ပါက ၎င်းတွင်သာ ထိခိုက်နစ်နာဖွယ်ရာရှိကြောင်း၊ သို့အတွက် မပြုံးပြုံးအောင်အား စစ်ဆေးစေရန် ဒေါ်ရင်၏တင်ပြချက်ကို ငြင်းပယ်ရန်အကြောင်းမရှိဟု ယူဆကြောင်း၊ ဒေါ်ရင်က လွှဲအပ်ထားသူ မပြုံးပြုံးအောင်နှင့်တကွ အခြားသက်သေများကို စစ်ဆေးပြီးနောက် လျှောက်ထားသူ ကိုအောင်မော်လင်းသည် စွပ်စွဲသည့်ပြစ်မှုများကို ကျူးလွန်ကြောင်း မပေါ်ပေါက်ပါက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ-၂၅၃ အရ စွဲချက်မတင်မီ လွှတ်ထားခွင့်ရှိမည်ဖြစ်ကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

**တရားရုံးချုပ်၏ ဓိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးအမှုတွဲကို ကြည့်ရှုရာတွင် ဒေါ်ရင်က ၎င်း၏သားအရင်းတော်စပ်သူ ကိုအောင်မော်လင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၇/၄၄၈ နှင့် ၄၅၄ တို့အရ အရေးယူပေးရန် ချမ်းမြသာစည်မြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုကြောင်း၊ တရားရုံးက တိုင်လျှောက်သူ ဒေါ်ရင်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၀၀ အရစစ်ဆေးပြီးနောက် ကိုအောင်မော်လင်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၇/၄၄၈ နှင့် ၄၅၄ တို့အရ အရေးယူရန် ထို့နေ့မှာပင် အမိန့်ချမှတ်ခဲ့ကြောင်း၊ ထိုသို့ အမိန့်ချပြီးနောက် တရားခံ၏ ရှေ့မှောက်တွင် တရားလိုကို စစ်ဆေးရန်ခေါ်သည့်အခါကျမှ တရားလိုမှာနေမကောင်းသဖြင့် သမီးဖြစ်သူ မပြုံးပြုံးအောင်အား ဒေါ်ရင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူအဖြစ် ဒေါ်ရင်ကိုယ်စား စစ်ဆေးပေးရန် တင်ပြလျှောက်ထားရာမှ ပေါ်ပေါက်လာသော အမှု ကို ဆန်းစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

**ယခုအမှုတွင် အဆုံးအဖြတ်ပြုရမည့် ပြဿနာမှာ ဦးတိုက်လျှောက်ထားမှု၌ တိုင်လျှောက်သူ ဒေါ်ရင်ကိုယ်စား ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ မပြုံးပြုံးအောင်ကို တရားလိုအဖြစ် ခေါ်ယူစစ်ဆေးခွင့်ပြုသင့်/မပြုသင့်ဆိုသော အချက်ပင်ဖြစ်ကြောင်း တရားရုံးချုပ်က ဝေဖန်သုံးသပ်ခဲ့ပါသည်။**

ချမ်းမြသာစည်မြို့နယ် တရားရုံးက ဒေါ်ရင်အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၀၀ အရ စစ်ဆေးပြီးနောက် တရားခံ ကိုအောင်မော်လင်းအားပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၂၇/၄၄၈ နှင့် ၄၅၄ တို့အရ အရေးယူထားပြီး ဖြစ်ရကာ တရားခံ၏ရှေ့တွင်တိုင်လျှောက်သူ ဒေါ်ရင်ကို စစ်ဆေးရန် မလွှဲမသွေလိုအပ်မည်ဖြစ်ကြောင်း ဤဆောင်းပါးတွင် ကနဦးဖော်ပြခဲ့သည့် ဦးလှဖေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၄ အမှုကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။ (အထက်တွင် ၎င်းစီရင်ထုံးပါ ဥပဒေအချက်များ ရည်ညွှန်းကိုးကားချက်များကို ရေးသားဖော်ပြပြီးဖြစ်သဖြင့် ထပ်မံ၍မဖော်ပြတော့ပါ)

ဤအမှုတွင် တိုက်ရိုက်လျှောက်ထားသူ တရားလို ဒေါ်ရင် ရှိနေသဖြင့် ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရသူ မပြုံးပြုံးအောင်ကို တရားလိုအဖြစ် အမှုတွင်ပါဝင်ဆောင်ရွက်ခွင့်ပြုနိုင်မည် မဟုတ်ကြောင်း စိစစ်သုံးသပ်၍ ပြင်ဆင်မှုကို ခွင့်ပြုပြီး မန္တလေးတိုင်းတရားရုံး၏ ၁၉၉၄ ခုနှစ် စက်တင်ဘာ ၉ရက် ရက်စွဲပါ အမိန့်ကို ပယ်ဖျက်၍ မူလမြို့နယ်တရားရုံး၏ ၁၉၉၅ ခုနှစ် ဇူလိုင် ၂၅ ရက် ရက်စွဲပါအမိန့်ကို တရားရုံးချုပ်က ပြန်လည်အတည်ပြုပြီး မြို့နယ်တရားရုံးသည် အမှုကိုဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရန် ညွှန်ကြားခဲ့ပါသည်။

ကိုအောင်မော်လင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၃ (ခ) စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ပါသည်။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၉၅၇၁၅ ဧက ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၉၅၇၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော နှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၅၇၁၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၃၂ တင်း ထွက်ရှိခဲ့သည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီကန့်ဘလူမြို့နယ်မှာ နှမ်း ၉၅၇၁၅ ဧကထိ စိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့တယ်” ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေးအတွက် နှုန်းကောင်းသည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ကျိုက်လတ် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရန်ကုန်ဈေးကွက်သို့ ငါးရံ့ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ရဲ့ ရေထွက်ကုန်ဈေးကွက်က ရန်ကုန်ဈေးကွက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ် ၁ ရက်ကနေ ၃၁ ရက်ထိ ငါးရံ့ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ငါးရံ့က အသားပေါတဲ့ ငါးအမျိုးအစားပါ။ ပြည်တွင်းမှာကို အဝယ်လိုက်နေတာပါ။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူမှုအားကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေအလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသတွင် ငါးရံ့မွေးမြူရေးလုပ်ငန်းနှင့် သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှ ရှာဖွေဖမ်းဆီးရရှိသည့် ငါးရံ့များထွက်ရှိကြောင်း ဒေါ်သူဇာက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စဥ့်ကူးမြို့နယ် ရေပြာအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကူး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပြာအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ဧပြီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ စီမံကိန်းကျေးရွာ တာဝန်ခံနှင့် ဝန်ထမ်းများက ရေပြာအိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း စသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရေပြာအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၃၂၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၀၇ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃၁ ဒသမ ၅ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ကိုးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ငွေကျပ် ၄၇၆ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၃၀၈၁ ဧက ရိတ်သိမ်းပြီးစီး

**ကောလင်း ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၃၀၈၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၀၈၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၁ ဒသမ ၈၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ နေကြာ ၁၃၀၈၁ ဧက စိုက်ပျိုးထားတယ်။ လက်ရှိမှာတော့ ဧကအားလုံးရိတ်သိမ်းပြီးပြီ။ နေကြာကို ဆောင်းမှာ အဓိကစိုက်တာပါ။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် နေကြာသီးနှံရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၁၂၂၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၀၈ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၈၄၉ ဧက စုစုပေါင်း ၁၃၀၈၁ ဧကဖြစ်ကြောင်းသိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၃၀၈၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးသင်တန်းများအချိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အချိန်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)



# ကြို့ပင်ကောက်မြို့နယ် အိုးဘိုစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုးဘိုစုကျေးရွာတွင် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အိုးဘိုစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦး၊ အသေးစားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်မွန်၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေမောင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးဝေရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း လုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်မွန်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ အနက်ပေ ၃၀၀၊ အကျယ် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၆ သန်းဖြင့် Shwe Group ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၂၀ ရက်မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမာ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ဒါနက တဝေဝေ ရေတွေက တရွဲရွဲ

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

တန်ခူးလဟာ မြန်မာဆယ့်နှစ်လရာသီရဲ့ပထမဦးဆုံးလဖြစ်ပြီး ရက်မစုံတဲ့ လတစ်လဖြစ်ပါတယ်။ "တန်ခူး"ဆိုတဲ့ဝေါဟာရမှာ "တန်ကူး"ကနေ ဆင်းသက်လာတာဖြစ်ပါတယ်။ "တန်း" ဆိုတဲ့ စကားမှာ ထန်းပင်ကို ခေါ်ဆိုတာဖြစ်ပြီး "ကူး"မှ"ခူး"သို့ ပြောင်းလဲလာပါတယ်။ "ခူး"ဆိုတာက ခူးဆွတ်တာဖြစ်ပါတယ်။ ဒါကြောင့် "ထန်းသီးများခူးဆွတ်သောလ"လို့ အဓိပ္ပာယ်ရရှိပါတယ်။ ဒ့ါပြင် "တာကူး"ဆိုတဲ့ဝေါဟာရကနေဆင်းသက်လာတာဖြစ်ပြီး တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်ကနေ မိဿရာသီသို့ကူးပြောင်းတာကို ရည်ရွယ်ပြီး ရှေးမြန်မာပညာရှိတို့က "တန်ခူး"လို့ တစ်နည်းသတ်မှတ်ခဲ့ပါတယ်။ ကံ့ကော်ပန်းကို ရာသီပန်းအဖြစ်သတ်မှတ်ထားရှိပေမဲ့ တန်ခူးလမှာပွင့်တဲ့ပိတောက်ပန်းကိုသာ လူသိများကြပါတယ်။

"မခူးချင်စမ်းပါနဲ့၊ နှစ်ဆန်းခါတော်မှီမို့၊ ဇမ္ဗော်ရည်ပြေပြေလိမ်းကာပ့ါ၊ ခပ်သိမ်းနယ်စုံစုံသို့၊ ပွင့်ငုံကိုလင့်ကုန်ကြတော့လို့ ခေါင်းကြွကာ ဆာဝေဝေနဲ့၊ သူလဲလေ လောကီသားလိုပ့ါ၊ ကြွားချင်လှပေလိမ့်မယ်"ဆိုတဲ့ ဆရာဇော်ဂျီရဲ့ ကဗျာထဲကအတိုင်း ပိတောက်ပန်းတွေဟာ နှစ်ဆန်းချိန်တန်ခူးလမှာ ရွှေရည်လူးထားသလို ပင်ယံထက်မှာ ဝေဝေဆာဆာနဲ့ပွင့်နေကြပါတယ်။ ဒီပန်းတွေကိုမခူးကြပါနဲ့၊ သူတို့သည်လဲ လောကီသားတွေဖြစ်ကြရာ ကြွားချင်ရှာပါလိမ့်မယ်။ "တစ်နှစ်မှာ တစ်ခါ၊ တစ်ခါသော်သည်တစ်လ၊ တစ်လမှာတစ်ရက်တည်း၊ ခက်ခဲတဲ့ပိတောက်ဝါ" ဆိုတဲ့ စကားအတိုင်း တစ်နှစ်မှာ တစ်ကြိမ် တန်ခူးလရောက်မှသာ ဖူးပွင့်ကြပါတယ်။ တစ်လအတွင်း သင်္ကြန်အတက်နေ့မှာ ဖြိုင်ဖြိုင်ပွင့်တတ်ကြပါတယ်။ ကျန်တဲ့အချိန်မှာပွင့်တဲ့ ပိတောက်တွေဟာ အစစ်မဟုတ်ဘဲ မိုးပိတောက်တွေသာဖြစ်ကြပါတယ်။

စာရေးသူတို့မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတွေနဲ့ ပြည့်နှက်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ လအလိုက်ကျင်းပတဲ့ ဆယ့်နှစ်လရာသီပွဲတော်တွေကိုဆင်နွှဲလျက်ရှိပါတယ်။ ဒီပွဲတော်တွေထဲက တန်ခူးလမှာကျင်းပတဲ့ သင်္ကြန်ပွဲတော်ဟာ ပျော်ရွှင်စရာအကောင်းဆုံးဖြစ်ပါတယ်။ သင်္ကြန်ဆိုတဲ့စကားဟာ ပါဠိဘာသာမှာ "သင်္ကန္တ"လို့ခေါ်ဆိုပြီး သက္ကတဘာသာမှာ "သင်္ကြာန္တိ"လို့ခေါ်ဆိုကာ "ကူးပြောင်းခြင်း"ကို ဆိုလိုပါတယ်။ သင်္ကြန်ပွဲဟာ ဟိန္ဒူဝါဒကနေ ဆင်းသက်လာပါတယ်။

သိကြားမင်းနဲ့ ဗြဟ္မာမင်းတို့ အချင်းများကြရာမှ ကဝါလမိုင်းဆရာထံ အဆုံးအဖြတ်ခံယူတဲ့အခါ ဗြဟ္မာမင်းမှာရှုံးနိမ့်တာကြောင့် သိကြားမင်းက ဗြဟ္မာမင်းရဲ့ဦးခေါင်းကိုရခဲ့ပါတယ်။ ဗြဟ္မာမင်းဟာ တန်ခိုးကြီးတာကြောင့် သူ့ရဲ့ဦးခေါင်းကို ပင်လယ်အတွင်းချခဲ့ရင် ရေခန်းမှာဖြစ်ပြီး ကောင်းကင်ကိုလွှတ်တင်မယ်ဆိုရင် သတ္တဝါတွေသေဆုံးမှာဖြစ်ပါတယ်။ မြေကြီးမှာထားရင်လဲ လူပြည်မှာ မီးလောင်မှာဖြစ်တာကြောင့် သိကြားမင်းရဲ့လက်မှာသာ ကိုင်ထားရပါတယ်။ ကာလကြာလာတဲ့အခါ နတ်သမီးခုနစ်ဖော်ကို တစ်နှစ်ကို တစ်ယောက်စဉ်နဲ့ အလှည့်ကျ ကိုင်ဆောင်ဖို့စီမံလိုက်ပါတယ်။ တစ်ယောက်မှ တစ်ယောက်လွှဲအပ်တဲ့အချိန်ကာလကို ပုဏ္ဏားတို့က တွက်ချက်ကြပါတယ်။ ဒီအကူးအပြောင်းကာလကို "သင်္ကန္တအခါ"လို့ခေါ်ဆိုပြီး တစ်နှစ်ပြည့်တယ်လို့ သတ်မှတ်ကြပါတယ်။

ဒီကာလမှာ သိကြားမင်းဟာ လူ့ပြည်ကိုသက်ဆင်းကာ မှတ်တမ်းရယူတယ်လို့အဆိုရှိခဲ့ပါတယ်။ လူ့ပြည်ရောက်တဲ့အခါ ကောင်းမှုပြုသူတွေရဲ့ အမည်စာရင်းကို ရွှေပေလွှာမှာရေးမှတ်ပြီး မကောင်းမှုပြုသူတွေရဲ့ အမည်စာရင်းကို ခွေးသားရေမှာရေးမှတ်ပါတယ်။ ရှေးလူတို့က သိကြားမင်းရဲ့ခွေးသားရေ မှတ်တမ်းမှာ ပါရှိမှာကိုစိုးရိမ်တာကြောင့် သင်္ကြန်ရက်တွေမှာ မကောင်းမှုတွေကို မပြုလုပ်ကြရုံသာမက ဆိုဆဲမှုတွေကိုပင်မပြုကြပါဘူး။ သိကြားမင်းက လူ့ပြည်သို့ သက်ဆင်းတဲ့နေ့ကို သင်္ကြန်အကြိုနေ့၊ နတ်ပြည်သို့ ပြန်လည်တက်တဲ့နေ့ကို သင်္ကြန်အတက်နေ့လို့ ခေါ်ဝေါ်ကြပါတယ်။ ဒီအခြေအနေထိ ရေလောင်းတာ၊ ရေပက်တာတို့မပါဝင်သေးပါဘူး။ ဒါပေမဲ့ သိကြားမင်းသက်ဆင်းတဲ့အချိန်မှာ နွေရာသီအတွင်း ကျရောက်နိုင်ပါတယ်။ ဒါကြောင့် အပူဒဏ်ကိုသက်သာစေဖို့နဲ့ နှစ်ဟောင်းက အညစ်အကြေးတွေ သန့်စင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေလောင်းရေပက်ရာမှ သင်္ကြန်ပွဲတော် ပေါ်ပေါက်လာတာဖြစ်ကြောင်း လေ့လာမှတ်သားရပါတယ်။

သိကြားမင်းရဲ့လက်ထဲမှာ ဘယ်အရာကို ကိုင်ဆောင်ကာ ဆင်းသက်ကြောင်းနဲ့ မိုးလေဝသခန့်မှန်းချက်ပါဝင်တဲ့ သင်္ကြန်စာမှာ ဒီနေ့ထက်တိုင်ထုတ်ဝေဖတ်ရှုကြမြဖြစ်ပါတယ်။ မြန်မာလူမျိုးတွေဟာ သိကြားမင်းကိုကြိုဆိုတဲ့အနေနဲ့ မြေအတာအိုးမှာ အုန်းလက်၊ မာလကာညွန့်၊ တမာညွန့်၊ ဒန်းညွန့်၊ ကြံရွက်၊ ဆီးညွန့်၊ မြေဇာမြက်နဲ့ ပိတောက်ပန်းခက်တို့ရောယှက်ထိုးကာ အိမ်ရှေ့မှာထားကြပါတယ်။ သစ်ခက်သစ်ရွက်တွေကို နေ့နံခုနစ်ခုစုံအောင် စီစဉ်ကြပါတယ်။ ဒီနေ့ကာလမှာ ကုက္ကားငယ်တွေကိုပါ အသုံးပြုလာကြပါတယ်။

မြန်မာတို့ရဲ့ သင်္ကြန်ပွဲတော်ဟာ ရာသီပွဲတော်အဖြစ်သာမကဘဲ ရိုးရာပွဲတော်တစ်ခုအနေနဲ့လဲ ဂုဏ်တင့်လျက်ရှိပါတယ်။ မြန်မာပြည်သူ၊ ပြည်သားအားလုံးရဲ့ ဘဝင်နှလုံးကိုရွှင်ပြုံးစေပါတယ်။ ပုဂံခေတ်ကနေ ဒီနေ့ခေတ်တိုင်အောင် နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ပါတယ်။ ရှေးမြန်မာတို့မှာ ရေသဘင်ပွဲတော်ကို သိမ်မွေ့ယဉ်ကျေးစွာဆင်နွှဲခဲ့ကြပါတယ်။ သင်္ကြန်ရေလောင်းပက်ရာမှာ အေးမြမြန့်သာရည်ကို ငွေဖလားထဲမှာထည့်ပြီး သပြေခက်နဲ့ ပက်ဖျန်းကြပါတယ်။ နှစ်ဟောင်းမှာ ကိန်းအောင်းနေတဲ့ဘေးဥပဒ်အန္တရာယ်တွေ၊ စိတ်ဆိုးစိတ်ညစ်တွေကင်းစင်ပြီး သန့်ရှင်းမှုကိုရရှိစေဖို့ ရည်သန်လုပ်ဆောင်ကြပါတယ်။ ပူအိုက်တဲ့ဒဏ်ကို ခံစားနေရာမှ သင်္ကြန်ရေလောင်းလိုက်တာနဲ့အေးမြမှုကိုရရှိစေပါတယ်။ ဒီနေ့ခေတ် အချို့နေရာတွေမှာ



တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြန်အလှန် ရေကစားဟန်မှာ ညင်သာမှုမရှိတော့ပါဘူး။ တဗျေ၊ သရဲပုံစံမျက်နှာဖုံးတွေ တပ်ဆင်တာ၊ နီကြောင်ကြောင် ဆံပင်ဆေးဆိုးတာ၊ ဟိရိဩတ္တပ္ပကင်းတဲ့အဝတ်အစား ဝတ်ဆင်ကြတာ၊ မူးယစ်သောက်စားရန်ဖြစ်ကြတာ စတဲ့အပြုအမူတွေဟာ မင်္ဂလာရှိတဲ့သင်္ကြန်ကို ရုပ်ဆိုးအကျည်းတန်စေတာကြောင့် ဒီအမူအကျင့်တို့ကို မလုပ်သင့်ပါဘူး။ ရေကစားရာမှာ ကျီစားသန်လို့ ရန်များခဲ့ရတဲ့ သာဓကတစ်ခုရှိခဲ့ဖူးပါတယ်။ ပုဂံပြည်မှာ နရသီဟပတေ့မင်းက မိဖုရားစောလုံကို လူအများရှေ့တွင် ခေါင်းမှခြေဖျားထိ ရေစိုရွှဲအောင်လုပ်ကာ စနောက်ခဲ့တာကြောင့် မိဖုရားစောလုံက အရှက်ရစိတ်ဆိုးကာ အငြိုးအတေးထားခဲ့ပါတယ်။ မိဖုရားစောလုံဟာ ဘုရင့်စားတော်ပွဲမှာ အဆိပ်ခတ်တာကြောင့် ကွပ်မျက်ခံခဲ့ရပါတယ်။ သင်ခန်းစာယူသင့်တဲ့ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါတယ်။

သင်္ကြန်ကာလရောက်ရင် တောရောမြို့ပါမကျန် သင်္ကြန်တေးသံတွေလွင့်ပျံ့နေပါတယ်။ ဆရာမြို့မငြိမ်းရဲ့ မန်းတောင်ရိပ်ခို၊ ညိုမြနဲ့တူးပို့စတဲ့သီချင်းတွေဟာ ဒီနေ့ထက်တိုင်မရိုးနိုင်သေးပါဘူး။ ရပ်ကွက်အလိုက်၊ ဌာနဆိုင်ရာအလိုက် ယိမ်းအကမဏ္ဍပ်တွေ ဆောက်လုပ်ပြီး ညပိုင်းမှာယှဉ်ပြိုင်ကြပါတယ်။ နေ့ခင်းပိုင်းမှာ အလှပြကားတွေနဲ့ လှည့်လည်သီဆိုကပြကြပါတယ်။ ဒီနေ့ခေတ်မှာ အချို့ရေကစားမဏ္ဍပ်တွေက သာယာနာပျော်ဖွယ်မရှိတဲ့ အနောက်တိုင်းတီးလုံးနဲ့ သီဆိုကပြမှုမှာဆူညံလှပါတယ်။ စတုဒိသာကျွေးတဲ့မဏ္ဍပ်တွေလဲရှိပါသေးတယ်။ စတုဆိုသည်မှာ လေးဂဏန်းဖြစ်ပြီး ဒိသာဆိုတာက အရပ်မျက်နှာကို ခေါ်ဆိုတာဖြစ်ပါတယ်။ ဒါကြောင့် အရပ်လေးမျက်နှာက ဘယ်သူမဆို လာရောက်သုံးဆောင်နိုင်ပါတယ်။ ရင်ကိုအေးမြစေဖို့ ရွှေရင်အေးတိုက်ကျွေးပါတယ်။ ကံနိမ့်သူတွေ ကံပေါ်လာစေဖို့ မုန့်လုံးရေပေါ်နဲ့ ဧည့်ခံပါတယ်။ သက်ကြီးရွယ်အိုတွေကို တရော်ကင်ပွန်းတို့နဲ့ ခေါင်းလျှော်ပေးတာ၊ နံ့သာတွေလိမ်းပေးတာ၊ လက်သည်းခြေသည်းညှပ်ပေးတာတို့ကို အဖွဲ့လိုက်လုပ်အားကုသိုလ်ပြုကြပါတယ်။ တချို့က ဒုလ္လဘရဟန်းဝတ်ကြပြီး တချို့က ဥပုသ်သီလဆောက်တည်ကြကာ ဆင်းတုတော်တွေကို ရေသပ္ပာယ်ကြပါတယ်။ ဇီဝိတဒါနအဖြစ် ငါး၊ နွား၊ ငှက်တွေကို ဘေးမဲ့လွှတ်ကြပါတယ်။ ဒါကြောင့် ဆရာဇော်ဂျီက တစ်ခုသော သင်္ကြန်အခါကဗျာမှာ "တရှန်းရှန်းလာကြ၊ ဘယ့်နှာ့ပါလိမ့်၊ ထိန်လိုက်တဲ့ အိုးစည်သံ၊ နှဲကလည်း ပီသနဲ့၊ သီသူကသီကြ၊ ကသူကလာ၊ နွားကြီးလည်းပါသဟော့၊ ကျောပေါ်မှာ ကော်ဇော၊ အေးမွှေ့ရာသနပ်ခါး၊ ချိုဖြားမှာ ပိတောက်ပန်းတွေက၊ တလှမ်းလျှမ် ရွှေအဆင်း၊ နွားစိတ်ထဲ အခဲသားဝင်လိုက်ရ၊ ရွှင်လိုက်မည်ဖြစ်ခြင်း"လို့ဆိုကာ နွားကြီးဘေးမဲ့လွှတ်ပုံကို ရေးသားဖော်ကျူးခဲ့ပါတယ်။

ဒီနေ့ခေတ်မှာ ထူးခြားလေးနက်မှုရှိတဲ့ အစီအစဉ်တွေနဲ့သင်္ကြန်ပွဲတော်ဆင်နွှဲလျက်ရှိတာကတော့ "လမ်းလျှောက်သင်္ကြန်"ပဲဖြစ်ပါတယ်။ လမ်းလျှောက်သင်္ကြန်ဆိုတဲ့နာမည်နဲ့လိုက်အောင် လမ်းလျှောက်လို့သာ သွားလာရမှာဖြစ်ပြီး မော်တော်ကား၊ ဆိုင်ကယ်တွေနဲ့ သွားလာလို့မရပါဘူး။ လမ်းရဲ့အကွာအဝေးအရှည်ကို သတ်မှတ်ပေးထားပါတယ်။ လမ်းရဲ့တစ်ဖက်တစ်ချက်မှာ ရေကစားမဏ္ဍပ်တွေဆောက်လုပ်ထားပြီး ယဉ်ကျေးစွာလောင်းပက်ကြပါတယ်။ စတုဒိသာမဏ္ဍပ်တွေထားရှိပြီး ရိုးရာအစားအစာတွေနဲ့ တည်ခင်းဧည့်ခံကြပါတယ်။ ဘယ်သူမဆို သနပ်ခါးလိမ်းလို့ရအောင် ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးတို့ကိုလဲ ထားရှိပါတယ်။

အချုပ်အားဖြင့်ဆိုရရင် တန်ခူးလဟာ နှစ်ဦးလဖြစ်ပြီး ပူအိုက်လှပါတယ်။ ဒီအချိန်မှာ သင်္ကြန်ရေသဘင်ပွဲတော်ကို ဆင်နွှဲတာဆိုရင်ဖြင့် အေးမြမှုကို ရရှိစေတာကြောင့် အင်မတန်မှလိုက်ဖက်လှပါတယ်။ ခါတော်မီ ပိတောက်ပန်းတွေကလဲ ဖူးပွင့်နေပါတယ်။ သင်္ကြန်အဆိုအကတွေနဲ့ သီဆိုကပြကြပြီး လမ်းလျှောက်သင်္ကြန်ကို ကျင်းပကြပါတယ်။ အတာအိုးထိုးကြတာ၊ စတုဒိသာကျွေးမွေးကြတာ၊ ဒုလ္လဘရဟန်းဝတ်ကြတာ၊ ဥပုသ်သီတင်းဆောက်တည်ကြတာ၊ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ကြတာ၊ ဘေးမဲ့လွှတ်ကြတာဆိုရင်ဖြင့် "ဒါနကတဝေဝေ၊ ရေတွေကတရွဲရွဲ"နဲ့သာ ဖြစ်နေပါတော့တယ်။

**ကိုးကား**

**- မြတ်မင်းလှိုင်ရေးသားထားသော မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော် (၂၀၁၁)**

# မိုင်းဖြတ်မြို့နယ် တာမ+ဟွေဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဧပြီ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ တာမ+ဟွေဟုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေပါအကြောင်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တာမ+ဟွေဟုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများလုပ်ကိုင်သူ ၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# လူငယ်နှင့် ဆရာ

နွေကုံကော်(မြို့လှ)

ဖေဖော်ဝါရီလလယ် ရက်စွဲတစ်ခု၏နံနက်ပိုင်း သားတော်မောင်ကို တပ်တွင်းမူကြိုကျောင်းထဲ လိုက်ပို့စဉ် "ဦးဗိုလ်ကြီး ယဉ်ကျေးလိမ္မာသင်တန်းမဖွင့်သေးဘူးလား"ဟူသော အမေးစကားဖြင့် နှုတ်ဆက်လာကြသူများက ကျွန်တော့်တပည့်လေးများ။ နွေရာသီကျောင်းပိတ်တိုင်း ယဉ်ကျေးလိမ္မာသင်တန်းတက်နေကြစမြဲမို့ ယခုလိုမေးလာခြင်းပင်။ ကျွန်တော့်စိတ်ထဲ ဝမ်းသာသွားမိသည်။ သူတို့ မူလတန်း၊ အလယ်တန်းစာမေးပွဲတွေအသီးသီးပြီးသွားကြပြီမို့ နေ့စဉ်လိုလို လွတ်လပ်နေကြတာတွေ့ရသည်။ အထက်တန်းတွေရော အားလုံးဖြေပြီးချိန်ကြမှသာ လူစုံတက်စုံ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းအပြင် ကွန်ပျူတာသင်တန်းများက လာပါလိမ့်မည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့်လည်း အစဉ်အလာမပြတ် ရေကြောင်း၊ လေကြောင်း၊ ကင်းထောက်မောင်မယ်များ ခေါ်ယူကာ ဗဟုသုတရဖွယ် အသိပညာ၊ အတတ်ပညာရပ်များကို သင်ကြားပို့ချပေးပါလိမ့်ဦးမည်။

ကျွန်တော့်ကိုစာသင်ပေးကြရန် လိုလိုလားလား တောင်းဆိုသူများသည် ကျွန်တော့်အဆူအငေါက်များကိုမကြောက်၊ ဝါးခြမ်းပြားဒဏ်ကိုလည်းမမှုဘဲ သင်ခန်းစာအချိန်များကို မျှော်လင့်တောင့်တနေကြခြင်းဖြစ်သည်။ ကလေးများကို မရိုက်ရဟုပြောကြသည်။ အသက်ငါးနှစ်အထက်ဆိုလျှင် အသိတရားရှိကြပြီမို့ မနာသောရိုက်ခြင်းမျိုးဖြင့် အကြောက်တရားရှိသင့်ရှိထိုက်စေရန် လိုအပ်လျှင် ဆရာ၏ရာဇသံကိုတော့ ကျင့်သုံးသင့်သည်ဟု ကျွန်တော်ယူဆမိသည်။ စာသင်ခန်းထဲတွင် ကလေးများကို သဘောတရားချည်းဖြင့်သင်ကြားနေရလျှင် လူတိုင်း သဘောတရားနှင့်တန်သည်မဟုတ်။ ဆိုးသူတွေပါကြသည်။ ထိုသို့ တပည့်ဆိုးတိုင်းကို ရွှေပြည်အေးတရားသာ ဟော၍မရ။ ကလေးများပျော်အောင်ထားရမည်မှာမှန်သော်လည်း ပျော်စေချင်သည့်နောက်သာလိုက်၍ သင်ကြားပါက ဆရာ့ပြောစကားနားမထောင် သူတို့လုပ်တာသာအမှန်ဟုထင်ပြီး ဆိုဆုံးမ၍မရဖြစ်သွားကြပါလိမ့်မည်။ လွန်ခဲ့သော ငါးနှစ်ကတည်းက နွေရာသီရောက်တိုင်း နှစ်စဉ် မှန်မှန်စာပေသင်ကြားပေးခဲ့မှုကြောင့် ကျွန်တော်သည် တပ်တွင်းကလေးငယ်များ၏ ပညာရေးတာဝန်ခံတစ်ဦးဖြစ်ခဲ့ရသည်။ ကိုယ်တိုင်က ကလေးများကိုချစ်တတ်သလို ဆရာစိတ်ရှိခြင်းကြောင့် ကလေးများကိုစာသင်ရသည်မှာ အာညောင်းသော်လည်း ပင်ပန်းသည်ဟုမထင်မိ။

ကျွန်တော့်ကိုတွေ့တိုင်း နွေရာသီသင်တန်းများတက်ရန်ဟန်ပြင်နေသော တပည့်ကလေးများက ဘယ်တော့စမလဲ မေးကြမြန်းကြသည်။ ထိုသို့ ပညာသင်ကြားလိုစိတ်ရှိနေကြသည့် တပည့်ကလေးများကြောင့် ကျွန်တော်စိတ်ချမ်းသာမိသည်။ မကြာမီရက်ပိုင်းအတွင်းက ကျွန်တော့်မက်ဆင်ဂျာအကောင့်ထဲ လူငယ်တစ်ဦးက မိတ်ဆက်စကားဆိုလာသည်။ သူကကျွန်တော့်ကို နှုတ်ဆက်စကားဖြင့် ဗိုလ်ကြီး နေကောင်းလားဟု မေးသည်။ ကျွန်တော့်အသိထဲမှာ လူငယ်လေး၏နာမည်နှင့် မျက်နှာပိုင်ရှင်မရှိသဖြင့် သူ့ကိုမေးမြန်းလိုက်သည်။

"ကျွန်တော်က ဆရာကြီးကျော်ကျော်နဲ့ဒေါ်စမ်းစမ်းတို့ရဲ့သားပါ။ အခုတပ်ထဲမှာပါ" လို့ ပြောလာတော့မှ ကျွန်တော် ချက်ချင်းမှတ်မိသွားသည်။ ကျွန်တော် နေပြည်တော်ကိုပြောင်းမလာမီ တာဝန်ထမ်းဆောင်ခဲ့သည့်တပ်မှ ကိုယ်တိုင်စာသင်ပေးခဲ့သည့် တပည့်ကလေးဖြစ်နေသည်။ သူတပ်ထဲဝင်နေကြောင်း သိရသဖြင့် ဖခင်အမွေကိုဆက်ခံသော သားကောင်းတစ်ယောက်အဖြစ် စိတ်ထဲကြည်နူးမိသလို "ငါစာသင်ပေးခဲ့ဖူးတဲ့ တပည့်ကလေးတစ်ယောက် လမ်းကြောင်းမှန်ပေါ်ရောက်ခဲ့ပါလား" ဟူသော အတွေးဖြင့် ဝမ်းသာပီတိဖြစ်မိခဲ့သည်။ ယခုလက်ရှိ သုံးတန်း၊ လေးတန်းအရွယ်လေးများက နွေရာသီသင်တန်းများဖွင့်လှစ်ကြရန် တာစူနေချိန်တွင် လွန်ခဲ့သော နှစ်ကာလတစ်ခုမှ ယခုလိုပဲ ကျွန်တော်စာသင်ကြားပေးခဲ့ရသည့်တပည့်ကလေးက တိုင်းပြည်တာဝန်ထမ်းဆောင်ရန် အသင့်ရှိနေခဲ့သည်ကိုတွေ့ရသည်။

❖ လူငယ်အများစုသည် သင်ကြားနာယူလိုစိတ်ရှိကြသည်။ နည်းမှန်လမ်းမှန်ပြပေးလျှင်၊ ပြပေးနိုင်စွမ်းလည်းရှိကြလျှင် အဖိုးတန်မျိုးဆက်သစ်များဖြစ်လာကြမည်မှာ မလွဲကေန်ပင်ဖြစ်၏။ ငါးနှစ်ခန့်အရွယ်မှစ၍ ဆရာ့ပုံရိပ်များဖြင့် အနီးကပ်နေထိုင်ကြရသော ကျောင်းသားလူငယ်လေးများသည် ထိုဆရာများ၏ပြုမူကျင့်ကြံမှုများကို ကျောင်းသုံးလပိတ်ချိန်ကာလမှလွဲ၍ တွေ့မြင်နေကြရသည်။ ဆရာတစ်ယောက်၏ ဝမ်းစာပြည့်ဝခြင်း၊ မပြည့်ဝခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ သည်းမခံခြင်းတို့ကို ကျောင်းသားတို့နှင့်ဆက်နွယ်နေသည့် မိဘတိုင်းလိုလိုကလည်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့်ရော၊ တိုက်ရိုက်နည်းဖြင့်ပါ တွေ့ကြုံသိမြင်ကြရလေ့ရှိသည်။ ❖

အစက ချက်ချင်းမမှတ်မိသော်လည်း လူငယ်လေး၏ရှင်းပြမှုကြောင့် ကျွန်တော်ချက်ချင်းပဲမှတ်မိခဲ့ပြီး သူ့ရဲ့ကျောင်းသားဘဝတွင် ဘောလုံးကစားရာမှထိခိုက်ဒဏ်ရာရရှိခဲ့မှုကို ပြန်လည်ပြောပြလိုက်ရာ သူကပင် အံ့ဩသွားသေးသည်။ မိမိတို့တွင် မည်မျှအခက်အခဲများပင်ရှိရှိ ဆရာ့ကျင့်ဝတ်အပြည့်ဖြင့် တပည့်များကို လေ့ကျင့်သင်ကြားပေးမှသာ စာသင်ခန်းကိုချစ်သော တပည့်များတိုးပွားလာမည်ဟု ကျွန်တော်ခံယူသည်။ စာသင်ခန်းကိုချစ်ပြီး ပညာလိုလားစိတ်များ ကိန်းအောင်းနေသော မျိုးဆက်သစ်လူငယ်များ၏အားသည်သာ တိုင်းပြည်၏စစ်မှန်သောအားဖြစ်ချေသည်။ တပည့်များကို ကျောင်းစာသင်ခန်းထဲ ပျော်ရွှင်နေရမည်မှာ ဆရာများ၏အရည်အသွေးပေါ်တွင် များစွာမူတည်သည်။ တပည့်တိုင်း ဉာဏ်ရည်မတူကြ။ ကျွန်တော် သည်တပည့်ကိုပဲ ရွေးသင်ချင်၍လည်းမဖြစ်။ ညံ့လွန်းသည့်တပည့်ပင်ဖြစ်လင့်ကစား ဆရာကောင်းလျှင်ကောင်းသလောက်၊ ဆရာတော်လျှင်တော်သလောက် ထိုတပည့်ကလေးများလည်း တောက်ပလာတတ်ကြသည်။ မိမိတို့၏စံနူန်းပေတံကြီးကြီးများဖြင့်တော့ နေရာတကာတိုင်းတာ၍မရပေ။

လူငယ်အများစုသည် သင်ကြားနာယူလိုစိတ်ရှိကြသည်။ နည်းမှန်လမ်းမှန်ပြပေးလျှင်၊ ပြပေးနိုင်စွမ်းလည်းရှိကြလျှင် အဖိုးတန်မျိုးဆက်သစ်များဖြစ်လာကြမည်မှာ မလွဲကေန်ပင်ဖြစ်၏။ ငါးနှစ်ခန့်အရွယ်မှစ၍ ဆရာ့ပုံရိပ်များဖြင့် အနီးကပ်နေထိုင်ကြရသော ကျောင်းသားလူငယ်လေးများသည် ထိုဆရာများ၏ပြုမူကျင့်ကြံမှုများကို ကျောင်းသုံးလပိတ်ချိန်ကာလမှ လွဲ၍ တွေ့မြင်နေကြရသည်။ ဆရာတစ်ယောက်၏ ဝမ်းစာပြည့်ဝခြင်း၊ မပြည့်ဝခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ သည်းမခံခြင်းတို့ကို ကျောင်းသားတို့နှင့် ဆက်နွယ်နေသည့် မိဘတိုင်းလိုလိုကလည်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့်ရော၊ တိုက်ရိုက်နည်းဖြင့်ပါ တွေ့ကြုံသိမြင်ကြရလေ့ရှိသည်။ လူသားပီပီ လောဘ၊ မောဟ၊ ဒေါသများဖြင့် ရစ်ပတ်ထားကြသူများမို့ ကျွန်တော့်အနေဖြင့် လူငယ်များအပေါ် ကိုယ်ချင်းစာစိတ်ရှိသကဲ့သို့ လူငယ်များ အထူးသဖြင့် ကျောင်းသားများနှင့် အနီးကပ်နေရသည့် ဆရာများအပေါ်တွင်လည်း ကိုယ်ချင်းစာပေးနိုင်သည်။ ဆရာများတွင်လည်း အခက်အခဲပေါင်းများစွာရှိကြပေမည်။ ထိုအခက်အခဲများကြားမှ သင်ခန်းစာချိန်အတွင်း ခပ်ဆိုးဆိုးတပည့်များကို သင်ကြားရသည်ကလည်း တစ်ပူပေါ်နှစ်ပူဆင့်စေပြန်သည်။ ထိုအခါ နှုတ်ကြမ်း၍ လက်ပါယမ်းရလေတော့သည်။ မနာခံတတ်သော တပည့်များနှင့်ဆုံသည့်အခါ ဆရာဆိုးဟူသောကင်ပွန်းတပ်ခံရပြန်သည်။

ဆရာတစ်ဦးသည် တကယ်ဆိုးသည့်ဆရာလော၊ စိတ်စေတနာကောင်းဖြင့် ဆိုဆုံးမသည့်ဆရာလောဟူသည်ကို တပည့်ကလေးများက အကဲခတ်တတ်ကြသည်။ ကျောင်းသားလူငယ်များ မည့်ကြပါ။ ထိုသို့ အကဲခတ်မည့်ကြသောကြောင့်လည်း ကျွန်တော့်တပည့်ကလေးများက စာသင်ရန်မေးနေကြခြင်းဖြစ်သည်။ ကျွန်တော် သူတို့ကိုဆူသည်။ ပြောမရလျှင် ရိုက်သည်။ မျက်ရည်ကျသူများလည်းရှိသည်။ အလယ်တန်းကျောင်းသားအဆင့်ကိုပင် အငယ်များရှေ့မှောက်နားဝင်ဆိုးသောစကားလုံးများဖြင့် မခံချင်စိတ်ဖြစ်အောင်ဆုံးမသည်။ ရိုက်သည်ထက်ပင် နာစေသောစကားလုံးတို့ဖြင့် ကျွန်တော်သင်ကြားပေးသည်။ ကျွန်တော့်တွင်လည်း အလုပ်အပူ၊ မိသားစုအပူများရှိနေသည်။ သို့တိုင်အောင် ထိုအပူများကြောင့် စာသင်ခြင်းတာဝန်ကို ပေါ့ပေါ့ဆဆမလုပ်သလို ကိုယ့်ရင်ထဲတောက်နေသည့်မီးကြောင့်လည်း တပည့်များအပေါ် အပူကူးစေခြင်းများလည်း မလုပ်ခဲ့ပါ။ ထိုသို့သော ကျွန်တော့်စေတနာအမှန်ကို နားလည်ကြသောတပည့်များကြောင့် ကျွန်တော်စာသင်ရသည့်အချိန်ဆို တပ်တွင်းဓမ္မာရုံ၌ ရသကိုးပါးစုံလင်နေပါတော့သည်။

ကျွန်တော်ဖန်တီးလိုသည့် ပညာသင်ခြင်းစနစ်က ထိုသို့ဖြစ်သည်။ အကျိုးဆက်အားဖြင့် စာသင်ခန်းကိုမကြောက်ဘဲ နဂိုကထက် ပိုမိုအသိဉာဏ်ရင့်သန်လာကြသည်။ ထိုရင့်သန်လာမှုကြောင့် ပညာသည် နေရာတိုင်းတွင်ရှိကြောင်း သူတို့နားလည်လက်ခံလာကြသည်။ စာကိုလုံးဝဖတ်ရမှန်း၊ ချစ်ခင်ရမှန်းမသိသူများပင် အသိတရားလေးများဝင်သွားကြသည်။ ဆက်စပ်တွေးခေါ်တတ်သည့် ပညာများရသွားကြသည်။ လှေကြီးထိုးရိုးရိုးမလိုက်တော့ဘဲ အကျယ်ချဲ့တွေးခေါ်တတ်လာကြသည်။ သူတို့လေးတွေ တစ်နေ့နေ့ အရွယ်ရောက်လာကြမည်။ အထက်တွင် ဖော်ပြခဲ့သည့် တစ်ချိန်က တပည့်ကလေးလို တိုင်းပြည်အတွက်ရော မိသားစုအတွက်ပါ ဂုဏ်တင့်တယ်စေမည့်လမ်းကြောင်းကို ရွေးချယ်နိုင်သူများဖြစ်လာကြပါလိမ့်မည်။ တကယ်တော့ ကလေးများသည် အပြစ်ကင်းစင်ကြသည်။ ဖြူစင်ရိုးသားကြသည်။ သူတို့ကို အနီးကပ်သွန်သင်ဆုံးမလမ်းကြောင်းပြသူများပေါ် မူတည်၍ ဆိုးခြင်း၊ ကောင်းခြင်းများ ကွဲပြားသွားခြင်းဖြစ်သည်။

ယနေ့ ကျွန်တော်တို့နိုင်ငံတွင် အမှောင်လမ်းပေါ် လျှောက်ခဲ့ပြီး အမှောင်ထဲမှနေ၍ တိုင်းပြည်၏အဖိုးတန်ရတနာမျိုးဆက်သစ်လူငယ်များကို ဆွဲခေါ်သူတွေ မည်မျှရှိနေပါသနည်း။ စာဖတ်သူတို့ကိုယ်တိုင် စဉ်းစားကြပါလေ။ လူငယ်များကို အမုန်းသံသရာထဲဆွဲခေါ်ပြီး တိုင်းပြည်ပျက်စီးရေးလမ်းကြောင်းဆီလျှောက်ခိုင်းနေသည့် လူကြီးအမည်ခံလူကြီးများသည် တစ်ချိန်တစ်ခါ သူတို့လူငယ်ဘဝမှာလည်း တိုင်းပြည်အပေါ် သစ္စာပျက်ခဲ့သူများသာဖြစ်၏။ မိမိနိုင်ငံကို ပျက်စီးစေလိုသော ပြည်ပနိုင်ငံများဆီမှ အထောက်အပံ့မစို့မပို့ကိုရယူကာ ကိုယ့်တိုင်းပြည်ကို အလျှုကြီးပေးချင်တိုင်းပေးနေကြသော ဆရာများ၏ထိန်းကျောင်းမှုအောက်တွင် မျိုးဆက်သစ်တပည့်များ မည်မျှထိရှိနေကြပါပြီနည်း။

ဆိုရပါလျှင် ကျောင်းစာသင်ခန်းထဲရောက်လာသည့်တပည့်ကလေးများ၏ယုံကြည်ချက်၊ ခံယူချက်များ တိုးတက်ကောင်းမွန်စေရန် ဆရာများကသာ အဓိကဖြစ်သည်။ မ, တစ်ထောင်သားသမီးများဖြစ်သည့်အတွက် တပည့်ဆိုးလေးများမလွဲမသွေပါလာကြပါလိမ့်မည်။ သို့သော် ဆရာအကိုင်အတွယ်၊ အထိန်းအသိမ်း ကျွမ်းကျင်လျှင် ကျွမ်းကျင်သလောက် ရလဒ်ကောင်းများပိုင်ဆိုင်မည်ဖြစ်သည်။ လူငယ်များသည် အပြစ်ကင်းသည်။ တိုင်းပြည်ကိုလည်း ချစ်ကြသည်။ သင်ယူလိုစိတ်များလည်းရှိကြသည်။ အရေးကြီးသည်မှာ မှန်ကန်စွာ သွန်သင်ပြသနိုင်ရန်သာဖြစ်သည်။ လူငယ်များဆီမှ အဖိုးတန်စွမ်းအားများကိုရယူနိုင်ရန်မိဘ၊ ဆရာများအနေဖြင့် လက်တွဲညီညီအဖြေရှာနိုင်မှသာ လူငယ်ကဏ္ဍ ယခုထက်မက ရုပ်လုံးပီပြင်လာနိုင်မည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် အဖိုးတန်အရင်းအမြစ်များဟုဆိုပါလျှင် ပစ္စုပ္ပန်တွင်ရှိနေသည့်လူငယ်များ၏ ဆရာများသည်လည်း ထိုနည်းအတိုင်းသာဖြစ်၏။ နွေဦးအစတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ရန် မေးနေကြသည့် တပည့်ကလေးများအပါအဝင် တစ်ချိန်က တပည့်ကလေးနှင့် လူမှုကွန်ရက်တွင် အမှတ်မထင်ပြန်ဆုံခဲ့ရာမှ သူတို့လေးများ၏လူငယ်အားမာန်များကို ခံစားသက်ဝင်လျက် နွေကျောင်းပိတ်ရက်များကို သူတို့နှင့်အတူမျှော်လင့်နေမိပါသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ကန်ဒေါ်လာ ၂၀၀၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် မေ ၉**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ သန်း ၂၀၀၀၀ ကျော်ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပစီးပွားရေး မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို နိုင်ငံတော်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့သော် လက်ရှိတွင် နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင်လည်း ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ၌ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၄၆၁၈ ဒသမ ၄၅၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၅၄၇၂ ဒသမ ၇၆၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀၀၉၁ ဒသမ ၂၂၃ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပို့ကုန်ကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၁၀၅၉၂ ဒသမ ၉၅၂ သန်း၊ နိုင်ငံတော်ကဏ္ဍက အမေရိကန်ဒေါ်လာ ၄၀၂၅ ဒသမ ၅၀၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၆၁၈ ဒသမ ၄၅၉ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၆၅၆၇ ဒသမ ၄၄၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ သွင်းကုန်ကဏ္ဍတွင်လည်း ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၁၄၅၄၇ ဒသမ ၀၆၄ သန်း၊ နိုင်ငံတော်ကဏ္ဍက အမေရိကန်ဒေါ်လာ ၉၂၅ ဒသမ ၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၄၇၂ ဒသမ ၇၆၄ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ပုဂ္ဂလိက ကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၁၃၆၂၁ ဒသမ ၃၆၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ၌ ပုဂ္ဂလိက ကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၂၀၁၈၈ ဒသမ ၈၀၉ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

# ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေကျင် မေ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်ထူးဘိုနှင့် ဝန်ထမ်းများက တံခွန်တိုင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကိုရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက တံခွန်တိုင်ကျေးရွာ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၇၆ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တံခွန်တိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၂၅ ဒသမ ၅၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၁ ဦးကို ငွေကျပ် ၂၂ ဒသမ ၂၃ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၁၃ ဒသမ ၁၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၁၅ ဒသမ ၄၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**












**ရွှေလီဦး**

**အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏နေရာအသစ်**

အမှတ်(၁၀၃)၊ လမ်း(၃၀)၊ ၇၉×၈၀လမ်းကြား၊ မန္တလေးမြို့။
၀၂-၄၀၃၃၂၈၀၊ ၀၂-၄၀၆၄၅၇၃၊ ၀၉-၄၀၂၅၁၁၅၈၅

စာ၊ ပါဆယ်နှင့် ကုန်ပစ္စည်းများကို
ဂိတ်ပိုင် ဦးဝိတာကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပါသည်။
ဥက္ကဋ္ဌ-ဦးဝိတာ
ဖုန်း-09-2004223, 09-47222224

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)နေ မနန်းနိုးနိုး (ဘ) ဦးသန်းထိုက် (၉/ပဥလ(နိုင်)၀၆၉၂၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-409660) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၀၄၅၀၆၇၈

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ရန်သူမီးဘေးတားဆီးရေး မနေးဆောင်ရွက်ကြ**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အရှေ့ပြင်ရပ်ကွက်၊ အနော်ရထာလမ်းနေ ဦးစစ်နိုင်ဦး-စိုမိုင်ရာ(ခ)ဂျယ်နီတင်လှတို့၏သမီး ဟိုမိုင်ရာဘိုလတ် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မမေမြတ်နိုးဦး ဖြစ်ပါကြောင်း။

**မမေမြတ်နိုးဦး**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အရှေ့ပြင်ရပ်ကွက်၊ အနော်ရထာလမ်းနေ ဦးစစ်နိုင်ဦး-စိုမိုင်ရာ(ခ)ဂျယ်နီတင်လှတို့၏သား မိုဟာမက်ဂျူနိုက် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဘုန်းခန့်နိုင် ဖြစ်ပါကြောင်း။

**မောင်ဘုန်းခန့်နိုင်**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ထန်းတောရွာနေ မအိအိပိုးကျော် (ဘ) ဦးတင်သိန်း(၉/အမရ(နိုင်)၁၃၆၄၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-392788) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၈၃၆၇၇၂

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စားတော်ကျေးရွာအုပ်စု၊ ကပွါးရပ်ကွက်တွင်နေထိုင်သည့် ဦးဝင်းမောင် (၉/အမရ(နိုင်)၀၃၈၁၁၁) - ဒေါ်သန်းရီ(၉/အမရ(နိုင်)၀၈၄၃၆၀)တို့၏သားဖြစ်သူ မောင်ထွန်းနိုင်ဝင်း (၉/အမရ(နိုင်)၀၈၉၈၉၄) ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများ ခွင့်မလွှတ်နိုင်သည့် အပြုအမူများ ပြုလုပ်၍ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား ဦးဝင်းမောင်+ဒေါ်သန်းရီ မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဝင်းမောင်+ဒေါ်သန်းရီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ ၇၄လမ်းနှင့်မြို့ပတ်လမ်းထောင့်ရှိ Graden City အိမ်ရာ၊ (Tower-16)၊ အခန်းအမှတ်(၇၀၅)၊ ဧရိယာ(၆၀၅)စတုရန်းပေ အကျယ်အဝန်းရှိတိုက်ခန်းကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးငြိမ်းစည်သူ (၉/ပဥလ(နိုင်)၀၂၆၆၈၀)နှင့် ဒေါ်သင်းလဲ့ရည် (၁၄/ပသန(နိုင်)၁၉၉၇၈၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်နွေးယုအောင်(LL.B)** | **ဒေါ်ယဉ်မင်းအေး(HGP,PGDL)** |
| **(စဉ်-စစ၉၁)တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၁၈၅၃၁)တရားလွှတ်တော်ရှေ့နေ** |

(ယ-၃/၃၀)၊ ၇၁(စီ)လမ်း၊ ၁၁၂×၁၁၃လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၀၃၁၄၄၊ ၀၉-၉၇၉၈၅၇၄၄၂၄

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ ၇၄လမ်းနှင့်မြို့ပတ်လမ်းထောင့်ရှိ Graden City အိမ်ရာ၊ (Tower-3)၊ အခန်းအမှတ်(၇၀၁)၊ ဧရိယာ(၉၂၅)စတုရန်းပေ အကျယ်အဝန်းရှိတိုက်ခန်းကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးရဲလင်းထွန်း(၉/မဟမ(နိုင်)၀၀၀၈၀၅)နှင့် ဒေါ်သူဇာလွင်(၉/မသန(နိုင်)၁၁၂၅၅၄)တို့ထံမှ လည်းကောင်း ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

| | |
|---|---|
| **ဒေါ်နွေးယုအောင်(LL.B)** | **ဒေါ်ယဉ်မင်းအေး(HGP,PGDL)** |
| **(စဉ်-စစ၉၁)တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၁၈၅၃၁)တရားလွှတ်တော်ရှေ့နေ** |

(ယ-၃/၃၀)၊ ၇၁(စီ)လမ်း၊ ၁၁၂×၁၁၃လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၀၃၁၄၄၊ ၀၉-၉၇၉၈၅၇၄၄၂၄

❖ ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရပင် ဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားအရ ဖြစ်စေ၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးသည် အလိုအပ်ဆုံး နှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်း ချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေး တာဝန်ပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် တွင် ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**မန္တလေး ဧပြီ ၉**

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိ သူများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အမှတ်ပေးဒိုင် များနှင့် တာဝန်ရှိသူများ၊ ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၂၄ ခုနှစ် မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ်ဖလား

**စာမျက်နှာ ၂၁ ကော်လံ ၄☆**

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ကန်ဒေါ်လာ ၂၀၀၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၃၀

**ခုနှစ်နှစ်တာကာလအတွင်း နေအပြည့်ကြတ်မှု ဖြစ်စဉ် မြောက်အမေရိက၌ ပေါ်ပေါက်ခဲ့ရာ လူသန်းပေါင်းများစွာ စောင့်ကြည့်နိုင်ခဲ့**

စာမျက်နှာ - ၇

**ထူးခြားသည့် နေ့အပူချိန်များ (၉-၄-၂၀၂၄)**

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၅ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၄ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၄ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် ဧပြီ ၉**

မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်။ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့်စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဧလ)**